
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ◆ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချမ်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ◆ ဦးကျော်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၁၇၉၊ ၃၁ လမ်း၊ ၁၁ ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ◆ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ မတ်လ။

အုပ်ရေ ◆ ၅၀၀ အုပ်

တန်ဖိုး ◆ ၁၀၀ ကျပ်

ဖြန့်ချီရေး ◆ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – 095163764, 095162031

၈၉၅.၈၃
သင်မြတ်နိုး
ကိုကိုလှဆိုး/ သင်မြတ်နိုး ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၅၆) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) ကိုကိုလှဆိုး


BURMESE CLASSIC

(၁)

သွန်းရွှေရည်ရဲ့ခြေလှမ်းလေးတွေက သွက်လက်ဖြတ်လတ်စွာဖြင့် သူမတက်ရောက်နေသည့် ပညာရေးဒါနသင်တန်းဆီသို့ လျှောက်နေသည်။

နောက်ကျနေပြီ ဒေါ်လေးကြောင့်ပဲ... ဘာမှန်းမှသိဘူး၊ ရည့်ကိုဒေါ်လေးသူငယ်ချင်း၏သားနှင့်မိတ်ဆက်ပေးနေသည်။

'ဒါက ညို့ တူမလေး သွန်းရွှေရည်ပါ၊ ခင်မင်တဲ့သူတွေကတော့ ရည် လို့ပဲခေါ်တယ်၊ သူလေးက ဒေါ်လေးသူငယ်ချင်းရဲ့သား အမ္ဘာကျော်တဲ့ ...'

ထက်ကမ္ဘာကျော်ဆိုတဲ့ကောင်ရဲ့မျက်နှာပြောင်စပ်စပ်ကို ရည် အခြင်ကတ်မိသည်။ ဒေါ်လေးညိုက လွန်တဲ့ယ်၊ ငယ်သူငယ်ချင်းရဲ့သားကို ဘာဖြစ်လို့များခေါ်လာပြီး ကိုယ့်တူမအပျိုလေးနဲ့ လာမိတ်ဆက်ပေးရတယ်လို့။ တကူးတက။ ရည့်ကိုအထင်သေးမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ မျက်လုံးတွေကလည်း ရယ်ကျဲကျဲနဲ့ ဒေါ်လေးရဲ့ အထာကိုသိနေမှာပဲလေ၊ သင်တန်းတောင် နောက်ကျနေပြီ ထက်ကမ္ဘာ ကဘာကောင်ပဲဖြစ်ဖြစ် ရည်ကအထင်ကြီးမယ်ထင်လား… ဒေးသေး တယ်။

သင်တန်းက စနေပြီဖြစ်သည်။

'မင်းတို့တွေ အခမဲ့ဆိုပြီးအထင်မသေးကြနဲ့နော်၊ ကြိုးစား ကြပါ၊ ဒီသင်တန်းတွေကနေ ထူးချွန်တဲ့၊ ကြီးပွားချမ်းသာသွားတဲ့သူ တွေ တပုံကြီးပဲ'

ရည်ို ကိုကြည့်ပြီးပြောနေတာ၊ ဒေါ်လေးကြောင့်…ကမ္ဘာဆိုတဲ့ လူကရော နောက်ကျမှရောက်လာတယ်။ အလေးအနက်မထားတာပဲ သုံ့မလုံးဝမကျေနပ်ပါ။

ထက်ကမ္ဘာရဲ့အကြည့်တွေက ပေါ့ပျက်ပျက်၊ ရည့်ကို စိတ် မဝင်စားသလိုလို ဒေါ်သဖြစ်လိုက်တာ ဒေါ်လေးရဲ့။

သင်တန်းပြီးတော့ ဆရာက သင်တန်းကိုနောက်မကျဖို့ခေါ်ပြီး သတိပေးသည်။

'နောက်ကျမယ်ဆိုရင် မင်းသင်တန်းထဲကိုမဝင်သင့်ဘူး မိန်းကလေး၊ အခမဲ့ဆိုတာနဲ့ အလေးအနက်မထားတာတော့ မကောင်း ဘူး'





'ဟုတ်ကဲ့ပါ ဆရာ၊ ရည်တောင်းပန်ပါတယ် နောက်ထပ်ဒီလို နောက်မကျစေရပါဘူး'

'မင်းတို့အတွက် ပြောတာနော်'

'ဟုတ်ကဲ့… သိပါတယ်'

ဆရာက စည်းကမ်းကြီးသူလို့နာမည်ကြီးသလို သင်ကြား နေလည်း စေတနာပါလွန်းသည်။

ရည်တော့မျက်နှာပူတယ်၊ ဆရာ • သခ်ကစည်းစနစ်ရှိပြီး ဘယ်သူ့မှမျက်နှာသာမပေးပေ။ ဆရာ့အကြည့်တွေကို ရည်အကြောက် ဆုံးပဲ။ အရမ်းကြောက်ရတယ်။

ရည်အိမ်ပြန်လာသည်၊ အိမ်ရောက်ရောက်ချင်း လွယ်အိတ်ကို ပစ်ချလိုက်သဖြင့် ဒေါ်လေးညို မျက်လုံးပြူးသွားပြီး သူ့မအနားရောက် လာသည်။

'ဒေါ်လေးကြောင့် သိလား'

'ဟဲ့… ဘာလဲ ဒေါ်လေးကဘာများလုပ်မိလို့လဲကွယ်'

'ဟို လူလေ ဒေါ်လေးခေါ်လာတဲ့လူကြောင့် ရည်သင်တန်း နောက်ကျသွားရတယ်'

'ထက်ကမ္ဘာကို ဘာထင်လို့လဲ ရည်၊ သူ့မိဘတွေကချမ်းသာ တယ်ဟဲ့… တစ်ဦးတည်းသောသား'



www.burmeseclassic.com

www.burmeseclassic.com



'သူကအရည်အချင်းရှိလို့လား… ဒေါ်လေးကိုပြောထားပြ
သားနော်၊ အရည်အချင်းရှိမှ ကိုယ်ပိုင်အစွမ်းအစရှိမှ…'

'သူ့မိဘတွေက ချမ်းသာနေပြီပဲ၊ ဘာအစွမ်းအစလိုမယ
သူ့အဖေရဲ့ လုပ်ငန်းတွေမှာဝင်လုပ်ရုံပဲ'

'ဒေါ်လေးလူကစပ်ဖြဲဖြဲနဲ့မကြိုက်ပါဘူး၊ ရည်က တည်ကြ
ခန့်ညားတဲ့ယောကျ်ား၊ ပညာတတ်စည်းစနစ်ကြီးကြီးမှ'

သူမပြောရင်း ဆရာသခ်ကျော်အား သတိရမိသည်။ သူမစိ
ကူးယဉ်အိမ်မက်ထဲက သတို့သားလောင်းက ဆရာသခ်နဲ့ တစ်ထ
တည်းပဲ။

ဆရာက ဂျပန်စကားသင်ပေးတာပါ၊ ဆရာကအရမ်းတေ
တယ်၊ ဂျပန်ကနေ ပညာသင်ပြီးပြန်လာတာတဲ့၊ မိဘတွေကတေ
မရှိကြတော့ဘူးတဲ့၊ ကိုယ့်ဒူးကိုယ်ချွန်ဆင်းဆင်းရဲရဲဘဝကနေ ခက်ခ
ခဲခဲနဲ့ဘဝကို ရုန်းကန်ရင်းကြိုးစားခဲ့ရတာတဲ့။

ဆရာသခ်က သူမတို့ထက်ငါးနှစ်လောက်တော့ ကြီးတယ
အရမ်းနုဖတ်ချောမောနေတာပဲ။ စည်းကမ်းတော့ ကြီးတယ
အမလေး… စာကိုဂရုမစိုက်ရင် မညှာမတာ ပြောပစ်တာပါ။ ဆရာ
သူမစိတ်ကူးယဉ်ကမ္ဘာထဲက သတို့သားလေး ဖြစ်နေသည်။

'ရည်…ဟဲ့ ရည်…'၊





'ရည်…ဟဲ့'

'ဟင်'

'ဘာတွေစဉ်းစားပြီးပြုံးနေတာလဲ၊ ဒီလောက်ခေါ်နေတာ
တောင် မကြားဘူး၊ ဟဲ့… ရည် သမီးစဉ်းစားနေတာ ကမ္ဘာ့အကြောင်း
လား…'

'မဟုတ်ပါဘူး၊ ကမ္ဘာလား… ဝေးပါသေးတယ်၊ မျက်နှာ
ပြောင်စပ်စပ်နဲ့ယောကျ်ားကို ရည်အမုန်းဆုံးပဲ'

'ညည်းနော်… ဒေါ်လေးစီစဉ်တာ လက်ခံရမယ်၊ ဘာပဲဖြစ်
ဖြစ် သူ့ရွေးသားကိုပဲ လက်ထပ်ရမယ်။ ညည်း ရည်းစားမထားရ
ဘူးနော်'

'မထားပါဘူး၊ ထားရင်လည်း ရည်စံထားတဲ့သူပဲရွေးမယ်'

'ဘာစံလဲ'

'စောစောကပြောထားပြီးပြီလေ၊ မိဘချမ်းသာတာဘာမှ
အထင်ကြီးစရာမရှိပါဘူး'

ရည်က ကြေးများပြီး ခေါင်းမာတတ်တာ ဒေါ်လေးသိသည်။
တူမအတွက်ယောကျ်ားရှာနေတာ ဒေါ်လေးအလုပ်၊ ရည်ကတော့
လက်ခံချင်မှ လက်ခံမှာ။

သူ့မိဘချမ်းသာတာ ဘာလုပ်ရမှာလည်း ကမ္ဘာ့ ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



နိုးဝေလေးရဲ့အရည်အချင်းမရှိနိုင်ပါဘူး။ နင့်ကိုတော့ လုံးဝပဲ ထက်ကမ္ဘာ ကောလို့ ထတ်ကြောဝင္ဘာပဲဖြစ်ဖြစ်။

သူ့အတွေးတွေ ကိုစိုးမိုးနေတာကဆရာသစ်ပဲ ရည့်ကိုတော့ ဆရာက. စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ မနက်ကပဲ သူမကိုခေါ်ဆူ သေးသည်။

'အခမဲ့ပညာဒါနမှာတက်တဲ့သူတွေက ပိုပြီးကြိုးစားရမယ် မင်း သတိထားပါ'

'ဟုတ်ကဲ့'

ဆရာကသူမကိုခပ်တည်တည်ကြီးကြည့်သည်။ အင်းလေ··· ဆရာက ရည့်လောက်ကိုဘယ်မှာလာပြီး အရေးအရာလုပ်မှာလဲ။ ဆရာ ခင်တာက မမလွှန်းခင်ခင်ပါပဲ။

ပညာရေးဒါနသင်တန်းက ဂျပန်စကားပြောဆရာမပဲ ရုပ်ရည် က အရမ်းကြီးမချောပေမဲ့ ကြည့်လို့ကောင်းတယ်။ ပညာလည်း တတ်တယ်လေ၊ ဆရာနဲ့တတွဲတွဲ မမလွှန်းမှာ ကားလည်း ရှိတယ်၊ ဆရာအထင်ကြီးလောက်တယ်လေ။

ရည်မှာက ဒေါ်လေးညို ရဲ့ကျွေးမွေးစောင့်ရှောက်မှုနှင့် ကြီး ပြင်းလာခဲ့ရသည်။

'ရည်'





'ရှင်'

'ဒေါ်လေးကို မှန်မှန်ပြောစမ်း ရည့်မှာချစ်သူရှိနေပြီလား'

'မရှိပါဘူး'

'ရည်လေးကိုကြည့်ရတာတမျိုးပဲ၊ တစုံတခုအတွက် ရီဝေ ကြေကွဲနေပြီး၊ အတွေးတွေလွန်နေတယ်'

'မဟုတ်ပါဘူး···သင်တန်းမှာလေနောက်ကျလို့ အဆူခံလိုက် ရတာ ရှက်လို့သေတော့မယ်၊ ဒေါ်လေးကြောင့် ကမ္ဘာဆိုတဲ့လူ နောက် ကျလို့လေ'

'ဆရာကတပည့်ကို ဆူချင်ဆူမယ်၊ ပြောချင်ပြောမယ်၊ ရိုက်ချင်ရိုက်မယ်၊ ဘာဖြစ်လဲ'

'ရည်ကအရွယ်ကြီး ကြီးနေပြီဒေါ်လေးရဲ့၊ နောက်ကျတော့ လူတွေကဝိုင်းကြည့်ကြတယ်၊ ဆရာသစ်ကစည်းကမ်းအရမ်းကြီးတာ'

'ဆရာသစ်'

'အင်း··ဆရာ့နာမည်က သစ်ကျော်တဲ့ ဂျပန်ကနေပညာသင် ပြီးပြန်လာတာ၊ အရမ်းခန့်တယ်၊ စည်းစနစ်ကြီးတယ်'

'ရည်'

'ရှင်'

'ညည်း··· ညည်း'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲဒေါ်လေးရ အလန့်တကြားနဲ့'

'ဒီ ဆရာ ဒီဆရာသခ်ကို ညည်း... စိတ်ကူးယဉ်နေတာလား...'

'ဘာဖြစ်လို့လဲ'

'ညည်းရဲ့စံနမူနာပြုရမယ့်ယောကျ်ားက ညည်းဆရာ သခ်ဟုတ်လား၊ သူနဲ့တစ်ထပ်တည်းဖြစ်နေပါလား'

'အင်းလေ... အဲ'

'ဟဲ့... ရည်.. ဒီဆရာနဲ့ ညည်း'

'ဟာ... ဘာမှမဟုတ်ပါဘူး၊ ဆရာက ရည့်လိုကောင်မလေးမျိုးကို စိတ်ဝင်စားပါ့မလား၊ သူ့မှာချစ်သူရှိပါတယ်'

'ဒါဆို... ညည်းက ကြိတ်ပြီးကြိုက်နေတာလား'

'ဟာ... မဟုတ်ပါဘူး၊ ဒေါ်လေးကလည်း ဆရာက မိန်းကလေးတွေအတွက် စံပြုထားသင့်တဲ့ယောကျ်ားမျိုးပါ၊ ရည့်ကိုကြိုက်ဖို့နေနေသာသာ မနက်ကသင်တန်းနောက်ကျလို့လေ မျက်နှာတင်းတင်းကြီးနဲ့ခေါ်ဆူတယ်'

'ဒါကြောင့် ညည်းလေးဆတ်ဆတ်ခါဒေါသဖြစ်နေတာကိုး၊ ဒီဆရာကိုကျေးဇူးတင်တယ်။ သွန်းရွှေရည်ပျောင်းမ၊ ဘုဆတ်ဆတ်မလေးကို ဆုံးမနိုင်လို့လေ'





'အဟင်း... ဟင်း ဟင်း'

ရည်ကလည်း ရည်ပဲလေ၊ ဟုတ်တယ် အမှန်တကယ်ရည်က နည်းနည်းလေးမှ လူမှုရေးသိတတ်တာမဟုတ်ဘူး။ မကျေနပ်ရင် မကျေနပ်သလို ဘုတောပစ်တတ်သည်။

'ရည်လေး'

'ရှင်... လို့'

'ညည်းလေးလိမ္မာပါတော့အေ'

'ဟင်... ဒေါ်လေးကလဲနော် ရည့်ကိုလိမ္မာပါတော့လို့ပြောနေရအောင် ရည်လေးက ဘာတွေမိုက်မဲနေလို့လဲ'

ဒေါ်ညိုညိုခင်တစ်ယောက် တူမသွန်းရွှေရည်ရဲ့မေးခွန်းကို ပြန်တုံ့ပြန်ဖို့တော့ခက်သည်။

သူမပြောသလိုပဲ ရည်လေးမိုက်မဲတာ ဘာတစ်ခုမှမလုပ်ခဲ့ ကြိုးစားသည်။ ရှိတာလေးနှင့်လှအောင်ဝတ်ဆင် တတ်ပြီး ခြိုးခြံချွေတာသူ ဖြစ်နေ၏။ ခက်တာက ဘုဆတ်ဆတ်၊ ဂျစ်ကန်ကန်နှင့် လူမှုရေး နားမလည်တာပါ။

အဓိက ကမ္ဘာကို အထင်မကြီးတာပဲ၊ ဒေါ်ညိုညိုခင်ကတော့ တူမလေးအိမ်ထောင်ဘက်အထိ စဉ်းစားပေးနေရသည်။

'ညို့တူမလေးနဲ့ မ သားထက်ကမ္ဘာကို လက်ထပ်ပေးချင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ညီ့ရယ် သားက နည်းနည်းဆိုးတယ် အလိုလိုက်ထားလို့လေ။ ဒါပေမဲ့ သွန်းရွှေရည်လေးဘဝရေ့ရေးအတွက် မ တာဝန်ယူတယ်။ သားကမ္ဘာ အိမ်ထောင်နဲ့ စိတ်တွေတည်ငြိမ်စေချင်လို့'

'ညီ့တူမကလည်း ဆတ်ဆတ်ကြဲနော် ဘုဆတ်ဆတ်နဲ့ပညာတော့ကြိုးစားပေမယ့် ရည်းစားတွေဘာတွေမထားဘူးဘူး။ ရည်လေးက မချစ်ဘဲနဲ့လည်း ချမ်းသာတာတစ်ခုတည်းကြည့်ပြီး လက်ထပ်မှာမဟုတ်ဘူး မရယ်'

'လူငယ်ချင်း ရင်းနှီးအောင် တွေ့ပေးလိုက်ပါ ညီ့ရယ်၊ ရည်လေးက အရမ်းချောတာပဲ၊ သားကြွေမှာပါ'

'အင်းလေ… ညီ့ကလည်း မ လက်ထဲပဲတူမလေးရည့်ကို အပ်ထားချင်ပါတယ်'

'တွေ့ပေးလိုက်လေ'

မ ကလည်း ရည်လေးကိုချစ်သည်။ ယောက္ခမဆိုးဆိုးနဲ့တွေ့မှာစိတ်ပူပြီး သူငယ်ချင်းကိုယောက္ခမတော်စေရန် ညီ့ကြိုးပမ်းနေရ၏။ ရည်လေးက အရေးထဲစံထားရတဲ့ယောကျ်ားတစ်ယောက်က ရှိနေသေးသည်။

'ဒေါ်လေးနော် ရည်ကတော့ကိုယ်ချစ်တဲ့ယောကျ်ားကိုပဲ လက်ထပ်မှာ၊ ပြီးတော့ အရည်အချင်းရှိတဲ့ယောကျ်ားပဲရွေးမှာ'





'ရည်လေးကို လိမ္မာပါတော့လို့ပြောတာပေါ့၊ ဒေါ်လေးညီ့သူငယ်ချင်းက ရည့်ကိုချစ်တယ်၊ ချွေးမတော်ချင်တယ်တဲ့။ ဓာတ်သိကကောင်းတယ် ညည်းလေးကဘုဘောက်လေ၊ ဒေါ်လေးညီ့ကိုပဲလုပ်လို့ရမယ်'

'အဲဒီကျတော့လည်း ရည်လေးအပိုးကျိုးကျိုးနေပြရမှာပေါ့လေ'

'အမလေး… ရင်ကျိုးပါပြီ၊ တော်တော်လိမ္မာတဲ့တူမလေးပဲ ယောက္ခမနဲ့ကျမှ လိမ္မာပြမယ်တဲ့လား..'

ရည်ဟားတိုက်ရယ်ပစ်လိုက်တော့ ဒေါ်လေးညီ့က ဒီအမျိုးမျိုးကို ယောက္ခမက သည်းခံမှာမဟုတ်ဘူးနော်တဲ့။

ဆရာသခ်ံမှာက မိဘတွေ မရှိတော့ဘူး တကယ်လို့များရည်လေးစိတ်ကူးယဉ်အိမ်မက်လေး အကောင်အထည်ပေါ်ခဲ့ရင်ရင်ဆိုင်စရာယောက္ခမရှိမှာ မဟုတ်ဘူး… အဟိ… ဒေါ်လေးကိုပြောပြလိုက်ချင်သည်။

'ရည်လေးအခုတလော အရမ်းတက်ကြွပြီးမျက်နှာကလည်းပြုံးရွှင်နေတာပဲ ဘာဖြစ်နေတာလဲ၊ ဒါပေမယ့်အေ ကမ္ဘာနဲ့တော့အခင်မင်ပျောက်နေပါ။ မ တို့ကဒေါ်လေးနဲ့ညီအစ်မလိုနေကြတဲ့ ငယ်သူငယ်ချင်းတွေပါ၊ အရင်ကဒေါ်လေးနဲ့ညည်းအမေ မ တို့အိမ်မှာစားကြရတာ၊ သမ်းစရိတ်ကအစ မ အမေကပေးရတာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီကျေးဇူးကတခြားပါ ရည်လေးချမ်းသာလာရင် ပြန်ပေးဆပ်မယ်'

'ဟဲ့'

'အိမ်ထောင်ရေးကနလုံးသားနဲ့ပဲသက်ဆိုင်တာ၊ ကျေးဇူးက ကျေးဇူးပဲ၊ အဲဒီအယူအဆကို ရည်လေးလုံးဝဆန့်ကျင်တာနော်'

'ဟဲ့'

ဒေါ်လေးညိုဘာမှမပြောနိုင်ခင် သူမအခန်းလေးထဲဝင်ပြီး တံခါးကိုအသေပိတ်ထားပစ်လိုက်သည်။

❒



(၂)

သွန်းရွှေရည်က မဆိုးဘူး၊ မာနခပ်ကြီးကြီးကောင်မလေးပဲ။ ကမ္ဘာ ရယ်ပစ်ချင်သည်။ မျက်နှာကစူပုပ်ပုပ်လူကို စိတ်မဝင်စား အလိုလို၊ ကမ္ဘာ့ကိုဘာကောင်များမှတ်နေလဲ။ ဒါပေမဲ့ ဒီကောင်မလေးကိုတော့ ကမ္ဘာ တွေ့တွေ့ချင်းစိတ်ဝင်စားသည်။

အရမ်းလန်းတယ်၊ မျက်တောင်လေးတွေက ကော့ကော့ညွတ်ညွတ်… မထင်မှတ်ထားတဲ့ ကောင်မလေးက ဆွဲဆောင်မှုအပြည့်။

ကမ္ဘာက မိန်းကလေးတွေနဲ့ ပတ်သက်လာရင် မစိမ်း၊ အရင်ဦးစားဆယ်ယောက်လောက်နဲ့တွဲဖူးသည်။ တစ်ခုတော့ရှိသည်။ ကမ္ဘာ့ကိုပဲ ဖြတ်သွားကြတာ။

အလုပ်မှ မလုပ်တာ။ မိဘကချမ်းသာတယ်လေ။ ကမ္ဘာက တွေ အားလုံးရမှာ။ သူ့အရက်သောက်တာကိုပဲ ဖြတ်ခိုင်းကြ၏။ အရက်ကို ကောင်မလေးတွေထက်ပိုချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သား…'

'မေမေ'

'ဘယ်လိုလဲ သွန်းရွှေရည်လေးက'

'လန်းတယ်'

'မင်းစိတ်ဝင်စားလား'

'အင်း'

'သားရယ်… အိမ်ထောင်တစ်ခုတည်ဆောက်တယ်ဆိုတာ ပေါ့ပျက်ပျက်တွေးလို့တော့ မဖြစ်ဘူးနော်၊ ရှည်လေးကို တကယ် ချစ်ရဲ့လား'

ဒေါ်ခင်မမကတော့ သားအတွက်စိတ်ပူတယ် အလိုလို ထားလို့ ဆယ်တန်းအောင်ထားပြီး ဘွဲ့လေးပင်မရ၊ သူ့အမေလုပ်ငန်း လည်းစိတ်မဝင်စား စိတ်ညစ်နေရသည်။

'သွန်းရွှေရည် ကလည်းမာနခပ်ကြီးကြီးပဲမေမေ၊ သားရယ် တယ်၊ သား ကိုဘယ်လိုကောင်မလေးမျိုးမှ စိတ်မဝင်စားသလို လုပ် ကြဘူး…ဟား…ဟား…ဟား…သွန်းရွှေရည်က စိတ်မဝင်စားသ ပဲ'

'မေမေ ပြောချင်တာက သားကို ဒီတစ်ခါတော့ အရှေ့ မကြဲဖို့'





'အတည်ပါ'

'မင်း ပြောနေတာကပေါ့နေတယ်၊ ဟိုကောင်မလေးက ယောကျ်ားတစ်ယောက်ကို စံထားတဲ့အချက်တွေ ရှိတယ်တဲ့ ညီ့ ပြောတာ'

'ဘာတွေလဲ'

'မသိဘူး… သူချစ်မှလက်ခံမှာတဲ့'

'ကမ္ဘာနဲ့ လက်ထပ်ဖို့ပြောပြီးပြီလား'

'နည်းနည်းပါးပါးပဲပြောတာ သွန်းရွှေရည်လေးဆန္ဒနဲ့ပဲ စီစဉ် လို့ရမှာတဲ့'

'အဲဒီကောင်မလေးကိုတော့ လက်ထပ်မယ်မေမေ စီစဉ်ပေး တော့'

'ဟုတ်ရဲ့လား သားရယ်၊ လူကြီးတွေမျက်နှာပျက်အောင်တော့ လုပ်နဲ့ မင်းချစ်လို့ရရဲ့လား'

'ရတယ်'

'သားရယ်… မင်းစကားတွေက စိတ်လေးလိုက်တာ၊ ပြီး တော့လေ သား အရက်သောက်တာကို ဖြတ်ပါ'

'မေမေကလည်း သားကိုအဲ့ဒီလိုမျိုးချုပ်ကိုင်လို့တော့ မရဘူး၊ ဒီကောင်မလေးက ဘာကောင်မလေးမို့လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



သူ့အမြင်အကတ်ဆုံးက သူ့ကိုဆရာကြီးလာလုပ်တာပဲ။ သူ့အရက်သောက်ချင်သောက်မယ်၊ သွားချင်သွားမယ် မချုပ်ချယ်နဲ့. မိန်းမယူပြီးကြောက်ရတာမျိုး လုံးဝလက်မခံဘူး။ တခြားရည်းစားတွေ သူ့ကိုထားခဲ့တာလည်း ဒါကြောင့်ပဲ သူက လွတ်လပ်မှုကိုနှစ်သက်သည်။

'သားဖေဖေကလည်း သားကိုသူ့လုပ်ငန်းတွေလွှဲချင်နေတယ်၊ သားစိတ်ဝင်တစားလေ့လာပါတော့လား၊ သွန်းရွှေရည်လေး အားကိုးအားထား ပြုရတဲ့ယောကျ်ားလေ'

'ဟား...ဟား...ဟား'

'ဟဲ့... သား'

'ဒီကောင်မလေး အကြောင်းပြောတိုင်း သားရယ်ချင်တယ်၊ မျက်နှာစူပုပ်ပုပ်နဲ့'

ဒေါ်ခင်မမ ကတော့ ရင်လေးတယ်။ သား ကပေပေတေတေ ပညာရေးလည်းတစ်ဝက်တစ်ပျက်၊ အလုပ်မှာလည်း စိတ်မဝင်စားဘူး စိတ်ညစ်ရတယ်။ ဘယ်လိုလုပ်ရမလဲ။

သားအကျင့်တွေကိုပြုပြင်ပေး မယ့်သူမိန်းကလေး သွန်းရွှေရည်က သားကိုပြုပြင်ပေးနိုင်ပါ့မလား။ အဲဒီလိုမိန်းကလေးမျိုးနဲ့ တွေ့စေချင်တာပါ။ မိမိကိုယ်တိုင်က သားကို ချစ်လွန်းပြီး လေသံတောင် ဖြင့်မပြောခဲ့။ သားမျက်နှာညိုသွားမှာပင် စိုးရိမ်နေ၏။





သား့ကိုအရိပ်လိုတကြည့်ကြည့်နဲ့ လိုအပ်တာတွေဖြည့်စွမ်းပေးချင်သည်။

'ဒီညနေ မေမေ ရည်လေးတို့အိမ်သွားမယ်၊ စားစရာတွေသွားပို့မယ်လေ'

'ကောင်းတယ်၊ သားလည်းလိုက်မယ် မေမေ'

'လိုက်ခဲ့လေ မေမေ့သားလေးနဲ့ရင်းနှီးအောင်အကြောင်းရှာပြီး သွားရမှာ၊ လောလောဆယ်တော့ သူတို့က နွမ်းပါးနေတယ်'

'သားကတော့ သွန်းရွှေရည်ကို တွေ့ချင်တယ်၊ မဆိုးပါဘူး သား စိတ်ဝင်စားပါတယ်'

စိတ်ဝင်စားရုံလေးပဲလား သားရယ်။ မင်းကြည့်ရတာပေါ့ပျက်ပျက်နဲ့ မေမေစိတ်ပူတယ်။ သားဖေဖေက သားကိုပစ်ထားရင် ပိုပြီး [illegible]ရောက်လိမ့်မယ်တဲ့၊

ဆက်ပြီးအလိုလိုက်ထားလို့ မဖြစ်ဘူးတဲ့။ ဒေါ်ခင်မမက သားဘက်ကနေ အကာအကွယ်ပေးနေခဲ့သည်။

'ညနေကျရင် အရက်မသောက်ထားနဲ့နော်၊ ကောင်မလေး စိတ်ပျက်သွားမယ်'

'စိတ်ချမေမေ သွန်းရွှေရည်ကို သား လက်ထပ်မှာနော်၊အပိုင်သိမ်းပိုက်ရမယ်၊ ဘယ်နည်းပဲ သုံးရသုံးရလေ'



www.burmeseclassic.com

www.burmeseclassic.com



'သားနှစ်သက်တာ ရင်ထဲကနေတကယ်ပဲနှစ်သက်တာလား၊ ကောင်မလေးက မာနပြလိုက်လို့ ရွဲ့ပြီးအရယူချင်တာလား'

'နှစ်ခုလုံးပဲ'

'သား… ကမ္ဘာ'

သွန်းရွှေရည်ကိုတော့ ကမ္ဘာချစ်သွားတယ်၊ အရယူမယ်ကမ္ဘာ နှလုံးသားထဲ ကောင်မလေးတစ်ယောက်ရောက်လာဖို့ဆိုတာလွယ်မှ မလွယ်တာ။

ရည်းစားတွေအများကြီးထားပြီး တစ်ယောက်မှ ရင်ထဲမှာ မကျန်ရစ်၊ အရက်လောက်မနှစ်သက်မိ။ မင်းကတော့ နည်းနည်းလေး နိုင်တယ် အချစ်လားပဲတွေ့ချင်တယ်ကွာ၊ မင်းလက်ကိုဆွဲပြီး တစ်ကမ္ဘာ လုံးလျှောက်သွားချင်တယ် အရမ်းလှပတဲ့ ရည်လေး။

ညနေကျတော့ သူသေသေသပ်သပ်နှင့်အလန်းပြင်ပြီး မေမေ နောက်လိုက်လာခဲ့သည်။

'သားရယ်… မေမေ့သားလေးကလေ ဒီလိုဝတ်စားပြင်လိုက် တော့ မင်းသားရှုံးတယ်၊ လူချောလေးပါ'

'သားဘဝတစ်လျှောက်လုံးမှာ ကောင်မလေးတစ်ယောက် အတွက် ကိုယ့်လွတ်လပ်ခွင့်ကိုထိန်းချုပ်တာ ပထမဆုံးပဲ မေမေ'

မင်းကိုရအောင်တော့ ကမ္ဘာကြိုးစားမယ် သွန်းရွှေရည် ကမ္ဘာ





နှလုံးသားထဲမှာနည်းနည်းရှိနေလို့ပါ။ အရမ်းကြီးတော့မဟုတ်ဘူးနော်၊ ကိုယ့်ရဲ့ လွတ်လပ်ခွင့်တွေကို လာချုပ်ချယ်ပြင်ဆင်ခိုင်းလို့တော့မရဘူး။

သွန်းရွှေရည်တို့အိမ်ရောက်တော့ သင်တန်းက ဂျပန်စကား ပြောကို အသံကျယ်ကျယ်နှင့် တစ်ယောက်တည်းပြောနေသံက စတင် ဆီးကြိုလိုက်သည်။

'တွေ့လား သား… ရည်လေးက အရမ်းကြိုးစားတာ'

'အင်း'

ကိုယ်က မင်းရဲ့အရည်အချင်းတွေကို နှစ်သက်တာတော့ မဟုတ်ဘူး၊ လှလို့။

အသားဖြူဝင်းဝင်းအိအိစက်စက် နုဖတ်ဖတ်လေး စွဲမက်စရာ ကောင်းတယ်။ မင်းရဲ့ မျက်ဝန်းတင်းတင်းလေးကိုလည်း နှစ်သက် တယ်၊ မင်းနှုတ်ခမ်းလေးကိုလည်း ချစ်တယ်။ မင်းဆီမှာကိုယ် နှစ်သက် စရာတွေက အများကြီးပဲ၊ ကိုယ်က အလှအပကို အရမ်းကြိုက်တာ။

သူတို့အိမ်ထဲဝင်ထိုင်တော့ ဒေါ်လေးညိုက ဗျာယာခတ်အောင် ဆီးကြိုနေသည်။

'မ လာတယ်… သားလည်းပါလာတာပဲ၊ ထိုင်ကြပါဦး'

'ဟုတ်တယ်ညိုရေ မင်းတို့အတွက်စားစရာတွေလာပို့တာပါ၊ ညည်း လက်ဆောင်ရတာလေ သားကိုအဖော်ခေါ်လာရတာပါ'



www.burmeseclassic.com

www.burmeseclassic.com



သွန်းရွှေရည် ရဲ့စာကျက်သံတိတ်သွားသည်။ ခေါ်လေးညိုက ဝင်ခေါ်ခဲ့ပေမယ့် ရုတ်တရက်ထွက်မလာပေ။

ဘယ်လိုလဲရည်လေး ကိုယ့်ကို စိတ်မဝင်စားတာလား… ပြောစမ်းပါကွာ ဒီမာနလေးကို ချစ်တယ်။ အကြာကြီးနေမှ ထွက်လာသည်။

'သမီးလေးက သင်တန်းစာတွေကျက်နေတာလား'

'ဟုတ်ကဲ့'

'အန်တီမက စားစရာတွေလာပို့တာပါ သားကိုခေါ်လာရတယ်လေ၊ ကားမောင်းဖို့ပါ သမီးအန်ကယ်က အရမ်းအလုပ်များတယ် မကြာခင် လုပ်ငန်းတွေ သားကိုလွှဲအပ်ပေးတော့မယ်'

ပုံစံကိုကြည့် အမြင်ကတ်တယ်၊ ရည်ကတော့အထင်မကြီးပါဘူး၊ ဝတ်ထားတာကတော့ မင်းသားရှုံးတယ်၊ မျက်စိနောက်ပါတယ်။

ဆရာသခ်ံနဲ့တော့ လုံးဝဆန့်ကျင်ဘက်ယောကျ်ားဆိုတာ ကိုယ်ပိုင်အစွမ်းအစတွေ၊ အရည်အချင်းတွေရှိရမယ်။ ကမ္ဘာက မိဘပဲ ချမ်းသာတာပါ၊ ရည်ကတော့ မျက်နှာတည်တည်လေးနေသည်။

'ရည်လေးရော ဘာလုပ်ဖို့ရည်ရွယ်ထားလဲ'

'ရည်ကတော့ ကုမ္ပဏီတစ်ခုမှာဝင်လုပ်ဖို့စိတ်ကူးထားပါတယ်၊ ဂျပန်နဲ့ဖက်စပ်ကုမ္ပဏီတစ်ခုပါ'





'အန်တီတို့ကုမ္ပဏီမှာလည်းဝင်ပြီးအလုပ်လုပ်လို့ ရပါတယ်၊ ဝင်မလား'

'ပညာစုံမှဝင်ဖို့စိတ်ကူးထားပါတယ်၊ သင်တန်းတွေပြီးအောင် တက်ဦးမယ်'

'တူမလေးရည် ကလိမ္မာတယ် မ ရဲ့အခမဲ့သင်တန်းတွေတက်ပြီး ကြိုးစားနေတာပါ၊ အရမ်းကြိုးစားတယ်'

'ဟုတ်ပါတယ် အန်တီမ ကကြိုးစားတဲ့သူတွေ ဆိုရင်အရမ်းကူညီထောက်ပံ့ချင်ပါတယ် သမီးရယ်၊ လိုအပ်တာပြောပါ'

'ဟုတ်ကဲ့ လိုအပ်တာတော့ဘာမှမရှိပါဘူး အန်တီမ ရည်ကလေ ကိုယ့်ဟာ ကိုယ်ကြိုးစားတာပဲ အလေ့အကျင့်ဖြစ်နေပြီးတက်ကြွတယ်လေ'

'အန်တို့ကိုတော့အားမနာနဲ့နော် ကလေး'

'ဟုတ်ကဲ့'

သူမထွက်သွားချင်နေသည် စိတ်တွေအိုက်လိုက်တာ၊အန်တီမအအတင်းကြီးလိုက်လျှော့နေသည်။ ရည်က ကျေးဇူးတင်မခံချင်ဘူး၊ သူ့ သားကိုလည်းယူမှာမှ မဟုတ်တာ။

ရည်စံထားတဲ့အရည်အချင်းတွေမရှိတဲ့ ယောကျ်ားကိုတော့ ထုံးအမစဉ်းစားဘူး။ သူမစိတ်ညစ်နေသလို ကမ္ဘာကလည်း အပြင်ထွက်ရှိခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရည် အပြင်ခဏလောက်ထွက်ရအောင်၊ လူကြီးတွေစကား ပြောကြပါစေ။ ကိုယ်နဲ့ ရည်က ကားနဲ့အပြင်ထွက်မယ်'

'ဟင့်အင်း… မနက်ဖြန် ရည် စာမေးပွဲရှိတယ်'

'လာပါ ရည်လည်းစိတ်အပန်းဖြေအောင်ပါ၊ သွားကြရအောင် လူကြီးတွေကြားထဲမှာကိုယ်တို့ကဘာလုပ်နေမှာလဲသွားကြရအောင် ရည်'

'ဟုတ်သားပဲ ရည်လေး လိုက်သွားလိုက်ပါကွယ်၊ မောင် ကမ္ဘာ ပျင်းနေမှာပေါ့'

ဒေါ်လေးကလည်းသွားဖို့ ပြောနေတော့ ရည် ငြင်းဆန်၍မဖြစ် တော့ပေ ထပြီးလိုက်ခဲ့ရသည်။ ကားပေါ်ရောက်တော့ သူမငိုပစ် ချင်နေ၏။ သူ့ကားကိုမစီးချင်ပါဘူး မှန်းလို့။ ကမ္ဘာက ကားကိုမောင်း ထွက်လာသည်။

'ဘယ်ကိုသွားမလို့လဲ ကမ္ဘာ'

'ကမ္ဘာလုံးကြီးရဲ့အပြင်ဘက်'

'ဘာ'

'လကမ္ဘာကိုပါ'

'အကောင်းပြောနေတာနော်'

'ကိုယ်ကလည်း အကောင်းပြောနေတာပဲလေ၊ အေးမြပြီး ငြိမ်းချမ်းတဲ့ကမ္ဘာလေးဆီ ရည့်ကိုခေါ်သွားချင်တယ်'





'စိတ်ပျက်လိုက်တာ'

သူမ နှုတ်ခမ်းလေးစူပြီး ဆောင့်ဆောင့်အောင့်အောင့်လေး ပြောတော့ ကမ္ဘာ ရယ်ပစ်ချင်သည်။ မင်းက သေသေချာချာကြည့် တော့မှ အရမ်း…ကို ချွဲမက်စရာကောင်းပြီး ချစ်စရာကောင်းတယ်၊ ချွဲသွားပြီကွာ ရင်ထဲမှာခံစားရတယ်။

ကောင်မလေးတွေနဲ့ပတ်သက်ပြီး တစ်ကြိမ်တစ်ခါတောင် ရင်မခုန်ခဲ့ဘူးတာအမှန်ပါ သွန်းရွှေရည် ချစ်တယ်ကွာ။ ကမ္ဘာ ရင်ထဲ အထိငြိသွားသည်။

'ဘာကြည့်နေတာလဲ ကားကို သေသေချာချာမောင်းစမ်းပါ၊ တော်ကြာ တိုက်မိလို့သေလိမ့်မယ်'

'ရည်လေး'

'ဘာလဲ'

'ကိုယ်လေ တကယ်ပဲမင်းကို ကမ္ဘာ့အပြင်ဘက်ကို ခေါ်သွား ချင်တယ်'

'အရူးပဲ'

'မင်းနဲ့တွေ့တော့ ကိုယ်ရူးချင်တယ်'

'နင်နော်'

'ဟား… ဟား…' ဟား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ်တာလဲ လျှောင်တာလား…'

'ချစ်လို့'

'ဘာ'

'I Love You'

'နင်… နင်'

သူမဒေါသတကြီးနှင့် ဆွေ့ဆွေ့ခုန်နေသလောက် ကမ္ဘာက တော့သဘောကျစွာ ကောင်မလေးအားကြည့်ပြီး ရယ်ပစ်သည်။

▢



(၃)

အိမ်ပြန်ကားတွင် ကမ္ဘာက ရည့်အားထပ်ပြောသည် နင်ကို ငါရည်းစားစကားပြောတာနော်လို့။

သူမကဒေါသတကြီး ခါးခါးသီးသီးပင်ငြင်းဆန်နေသည်။ ဘယ်လိုကောင်မလေးမျိုးလဲ ကမ္ဘာ့လိုတစ်ဦးတည်းသောသား ထော ကိုငြင်းမည့်ကောင်မလေး မတွေ့သေးပေ။ ရည့်မျက်နှာလေးကမာမာ ထန်ထန်မနှစ်သက်တဲ့ မျက်ဝန်းလေး အရမ်းတော့လှသည်။

'ပြန်မယ်'

'အဖြေပေးပါ'

'ဘာဆိုင်လို့လဲ ရှင်နောက်နောက် ပြောင်ပြောင် လာမပြောနဲ့ နော် ဒါကစားစရာမဟုတ်ဘူး။ နင်ကစားခဲ့တဲ့ မိန်းကလေးတွေလို လာမဆက်ဆံပါနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အတည်ပါ'

'ဘာအတည်လဲ'

'ချစ်တယ်'

'နင်'

'ကိုယ့်ကိုပြန်ချစ်မယ် မဟုတ်လားဟင်'

'သွန်းရွှေရည် စိတ်ထားတဲ့ယောက်ျားက နင့်ပုံစံ လုံးဝမဟုတ်ဘူး ကမ္ဘာ'

'အဲဒီလိုလာပြုပြင်ရင်တော့ နင်ပဲစိတ်မောရမယ် ရည်'

'ဘာပြောတယ်'

'ဒေါသသိပ်ပြီးမကြီးပါနဲ့ ရည်လေးရာ၊ မင်းက မလွဲမသွေ ကိုယ့်ဇနီးဖြစ်မှာပါ'

'နင်...နင်'

သူမ ဒေါသတကြီးလက်ကိုမြှောက်လိုက်သဖြင့် သူဖမ်းယူဆုပ်ကိုင်ထားရာ သူမရုန်းသည်။

'ရည်လေး ငြင်းလေ၊ကိုယ်ကတော့မလွဲမသွေလက်ထပ်မှာပါ မင်းငြင်းမနေပါနဲ့နော်'

'နင်... နင် အရမ်းစော်ကားလွန်းတယ် ကမ္ဘာ၊ ငါ့ကိုအထင်သေးတာပဲ'





'ချစ်တာပါ အမှန်အတိုင်းဝန်ခံမယ်ကွာ၊ မင်းနဲ့မှချစ်တတ်လာတာ'

'အပိုတွေ... ကမ္ဘာနော် မိန်းကလေးတစ်ယောက်ကို အလွယ်ရနေတဲ့လူဖြစ်နေလို့အထင်လာမသေးပါနဲ့၊ ရည်က နင်တွေ့ကြုံဖူးတဲ့မိန်းကလေးတွေနဲ့ မတူဘူးနော်'

'မတူလို့ချစ်တာ'

'နင်'

'ကိုယ်က အလွယ်တကူရတာကို အထင်မကြီးဘူး'

မပြောတော့ပါဘူး။ ကမ္ဘာဆိုတဲ့ကောင် လူရှုပ်ပဲသူမဘာပဲပြော နားမထောင်ဘဲ သူပြောချင်တာပြောနေသည်။ ဒေါသဖြစ်လိုက်ရတာ။

ရည်သဘောကျတာက ဆရာသစ်လို တည်ကြည်ခန့်ညားတဲ့ယောက်ျားတစ်ယောက်၊ သူနဲ့တခြားစီပဲ။

ကမ္ဘာ့ကိုအထင်သေးသည်။

'ရည်ပြန်ချင်တယ်ဆိုရင်လည်း ကိုယ်ပြန်ပို့ပေးပါမယ်ကွာ၊ ဒီလောက်အထိမျက်နှာကြီးစူပုပ်ပြီး ဒေါသကြီးမနေပါနဲ့'

'ကမ္ဘာ'

'ပြော'



www.burmeseclassic.com

www.burmeseclassic.com



'ရည့်ကိုပေါ့ပျက်ပျက်အလေးအနက်မထားတဲ့ပုံစံမျိုးနဲ့ လာပြီး မဆက်ဆံပါနဲ့နော်'

'ဒါကိုယ်အလေးအနက်ဆက်ဆံနေတာလေ ရည်…အပျွန်း'

တခြားမိန်းကလေးတွေကိုသူဘယ်လိုဆက်ဆံနေလဲ၊ ကမ္ဘာ နဲ့ နဲလေးမှထောင့်မကျိုးဘူး။ သူက လူချောသူဌေးသား ခေတ်မီတဲ့ ဒီဇိုင်းတွေဝတ်ဆင်ထားပေမဲ့ ဆရာသခ်ိနဲ့တော့ယှဉ်လို့မရအောင် ဖြစ်နေ သည်။

'ရည် ကဘယ်လိုပဲကြည့်ကြည့်ချောတယ်၊ ချစ်စရာကောင်း တယ်၊ စွဲမက်စရာပဲ'

'အမလေး စိတ်ညစ်လိုက်တာအိမ်မြန်မြန် ပြန်ရောက်ချင် ပါပြီ'

ရည်က မကြည်မလင်အလိုမကျသလို မျက်နှာလေးတင်း နေ၏။ သူစိတ်ထိခိုက်သွားရသည်။ သွန်းရွှေရည်က ကမ္ဘာကိုလှမ်းရိုး နေပြီဆိုတာသိလာရ၏။ သူ့နှလုံးသားတွေထဲအထိ ရည်လေးတိုးဝင် နေသည်။

'ရည် လောကကြီးကတစ်မျိုးပဲနော်'

'နင်ပဲတစ်မျိုးဖြစ်နေတာပါ'

'ဟုတ်မယ်ထင်တာပဲ၊ ကိုယ် ပထမဆုံးအကြိမ် မိန်းကလေး





တစ်ယောက်ရဲ့ တင်းမာခက်ထန်မှုနဲ့ ငြင်းဆန်မှုကို ခံယူရတာပဲ။ ဒါပေမဲ့ ကိုယ်ဒေါသဖြစ်မနေဘူးကွာ၊ အရမ်းခံစားနေရတယ်'

'အဝိုတွေ နင့်အကျင့်စရိုက်တွေကို ငါမသိပဲနေမလား။ မှင် သသေနဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝကိုဖျက်ဆီးနင်းချေလာပြီး ညည်းရှုံးသိမ်းသွင်းနေတာပဲ'

'ဘာ'

'နင့်ကို ငါမချစ်ဘူး'

ရည် အားမနာပါဘူး ပြတ်ပြတ်သားသားပဲ ပြောပစ်လိုက် သည်။ သူမရဲ့စိတ်ကူးယဉ်ကမ္ဘာလေးထဲကခင်ပွန်းလောင်းက နင်လုံးဝ ဟုတ်ဘူး ထက်ကမ္ဘာ။

အိမ်ပြန်ရောက်တော့ သူမဘယ်သူ့ကိုမှ အားမနာတော့ပဲ အခန်းလေးထဲဝင်လာသည်။

'ဟဲ့… ရည် ဘာဖြစ်လာကြတာလဲ လာဦးလေ'

ဒေါ်ညိုညို စိတ်ပူပြီးမေးတော့ ရည်လေးက တုံ့ပြန်မဖြေ ဘဲ အခန်းထဲဝင်သွားသည်။

ဒီကောင်မလေးက အားနာတတ်တာမဟုတ်။

ကြည့်လေ မကိုနှုတ်မင်မဆက်၊ ရိုင်းတယ်။ မိမဆုံးမ ဖမဆုံးမ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကမ္ဘာ သား ဘာဖြစ်လာကြတာလဲ၊ ရန်ဖြစ်လာကြတာလား ကွယ်'

'ဘာမှမဟုတ်ပါဘူး၊ ကမ္ဘာ စလို့ပါ'

'အမလေးကွယ် ဒီကောင်မလေးက စနောက်တာလေးနဲ့ စိတ်ဆိုးစရာလား၊ ကြည့်စမ်းအခန်းထဲ ဝင်သွားတယ်'

'သားက အစအနောက်သန်တယ် ညီုရယ်၊ ထားလိုက်ပါ… ငယ်သေးတာပဲ၊ မကိုအားမနာပါနဲ့၊ လူငယ်တွေအထာကိုနပ်ပါတယ်'

မိသွန်းရွှေရည် ဒေါသဖြစ်လိုက်တာနော်။ ကြည့်စမ်း မမှိုလို့ပေါ့၊ ဒီကောင်မလေးပုံစံနဲ့ ဘယ်လိုယောက္ခမက သည်းခံမှာလဲ။ ဒေါ်ညီုညီုက တူမအတွက်ရွေးချယ်ပေးနေရတာပါ။

အကြောသိတယ်။ အားမနာတတ်တဲ့မိန်းကလေးတစ်ယောက် အတွက် စိတ်သဘောပြည့်ဝတဲ့ယောက္ခမတွေရဖို့လည်းအခိကပဲ မနို ဘာမှပြောစရာမလိုဘူး။ ဒေါ်ညီုညီု ပျာယာခတ်နေသည်။

'ဒီကောင်မလေးက အလိုလိုက်ထားလို့ပါ၊ သားကမ္ဘာရယ် သည်းခံပေးပါ'

'ရပါတယ် အန်တီညီု၊ ရည်က စလို့ကောင်းတယ် ချစ်ရော လည်းကောင်းပါတယ်။ အန်တီညီုကို တောင်းဆိုပါရစေ၊ ကမ္ဘာ ရည်နဲ့လက်ထပ်ချင်ပါတယ်'





'အမလေး… ကမ္ဘာရယ် အန်တီညီုက သားလက်မခံမှာပဲ နိုးရိမ်မိတာပါ။ ရည်က ဖွတ်ဆတ်ဆတ်ကောင်မလေးပဲ အားနာလိုက် တာကွယ်'

'ကမ္ဘာတို့လက်ထပ်ပွဲကိုပဲ အမြန်ဆုံးစီစဉ်ပေးပါ'

'အန်တီညီုနဲ့ မတို့စီစဉ်ပါ့မယ်၊ ခဏလေးတော့စောင့်ပါဦး၊ ကွယ်'

'ပထမဆုံးတော့ စေ့စပ်ထားချင်တယ်၊ ရည့်ကိုစိတ်မချလို့ပါ'

ရည် မနှစ်သက်တဲ့အပြုအမူတွေကို ကမ္ဘာ ပြုပြင်ပါ့မယ်ဆိုတဲ့ အားကိုမပြောချင် အကျင့်ပါတယ်။ ရည့်ကိုတော့ သူအရယူမှာပါ။ သူက မာနခဲလေးတွေကိုပဲချစ်တယ်၊ အထင်ကြီးတယ်။

စေ့စပ်ပွဲအတွက် မေမေက အန်တီညီုအား ဝိုက်ဆံသိန်းနှစ်ရာ နှင့် စိန်တစ်ဆင်စာပေးအပ်သည်။

'လက်မခံပါရစေနဲ့ဦး မရယ်၊ တူမလေးရဲ့ဆန္ဒကအလွယ်တကူလက်ခံမှာမဟုတ်သေးဘူးလေ၊ ဖြည်းဖြည်းပေါ့ မဖြစ်ဖြစ်အောင် တော့ ညီုစီစဉ်ပါ့မယ်။ တူမလေးကိုအကြောင်းသိတဲ့ မ လက်ခံဝဲပဲ ခံထားချင်ပါတယ်'

'ညီုရယ် မ လည်းလေသားကိုစိတ်မချဘူး၊ တည်ငြိမ်စေချင် လို့။ ရည်လေး ကနေတတ်သလိုနေပေမဲ့ အရည်အချင်း တွေရှိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ညှိုလက်ခံထားပါ ဒါအတွက်စိတ်မပူပါနဲ့ မတို့ကအကြောင်းသိကြတဲ့ငယ်သူငယ်ချင်းတွေပဲဟာ'

မေမေအတင်းပေးမှ အန်တီညှိုက လက်ခံသည်။ အပြန်မှာ သူက အခန်းလေးထဲမှာငြိမ်ကုတ်နေတဲ့ ရည့်ထံဝင်တွေ့၏။ ခပ်တည်တည်နှင့် မျက်ဝန်းမာမာရှုန်းလက်လက်တွေကို သူနှစ်သက်သည်။

'ရည်'

'ဘာလဲ'

'ပြန်တော့မလို့'

'ပြန်'

'မေမေ့ကိုတော့ ထွက်နှုတ်ဆက်ပါ၊ လူမှုရေးအရလေ တော်ကြာ ယောက္ခမလောင်းကြီးက သူ့သားနဲ့ လက်ထပ်ပြီးမှ အငြိုးအတေးနဲ့ နှိပ်စက်နေမယ်'

သူမဘာမှမပြောတော့ နင့်လိုအရှုးကောင်နဲ့တုန့်ပြန်ပြောနေလို့လည်းအပိုပဲလေ။ ပြောချင်တာပြော နင့်အမေကိုဘယ်တော့မှယောက္ခမတော်ဖို့စိတ်မကူးဘူး။

နင့်လိုအသုံးမကျတဲ့သားကို ဘယ်သူက လက်ထပ်မှာလဲ ကမ္ဘာအရူး။ သူမငြိမ်သက်နေသည်။

'ထလေ'





'မထဘူး'

'ကမ္ဘာက အတင်းလက်ဆွဲခေါ်မှာနော်၊ မလုပ်ဘူးမထင်နဲ့၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်အမေက အပြစ်မရှိတဲ့ သူလေ'

သူက လက်ဆွဲမယ်တကဲကဲလုပ်နေ၍ မလွဲသာမရှောင်သာတော့လို့ ရည်အပြင်ထွက်လာသည်။

'အန်တီမ ပြန်တော့မလားဟင် ၊ သူ့ကြောင့်ပါရည့်ကိုအရမ်းနောက်နေတယ်'

'အေးပါကွယ် အန်တီမ တောင်းပန်ပါတယ် ရည်လေးရယ် သားက နောက်တတ်တယ်။ ဒါပေမဲ့ သားက သမီးကိုတော့ခင်မင်ပါတယ်'

ကမ္ဘာကစပ်ဖြဲဖြဲ ဘာအလေးအနက်လဲ၊ သူမကိုရည်းစားထားပြောတာပဲကြည့်လေ အခံပါစားဆန်လိုက်တာ၊ လွယ်လွယ်ပြောသည်။

အဲဒီလိုအကျင့်စရိုက်ရှိနေတဲ့ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဓာတ်ကကြောက်စရာကောင်းသည်ဟု သတ်မှတ်ထား၏။ ကမ္ဘာကအနိုင်ကျင့်တတ်သည်။

'သွားပြီ ရည်'

'သမီးလေးသွားပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'

သူတို့ကားပျောက်သွားမှ ရည် စိတ်အေးသက်သာသွားပြီး အထိုင်ပြင်းမောကြီးကို ဟူးခနဲမှုတ်ထုတ်ပစ်လိုက်တော့ ဒေါ်လေးညိုက မျက်စောင်းလှမ်းထိုးသည်။

'ရည် တွေ့လား'

'ဟင်... ဘာတွေလဲ'

'ညည်းအတွက် စိန်တစ်ဆင်စာနဲ့ စေ့စပ်ပွဲမှာသုံးဖို့ငွေတွေ'

'ဟင်... ဒေါ်လေးကိုဘယ်သူက လက်ခံတယ်ပြောသေးလို့လဲ၊ ဒီကောင်က စပ်ဖြဲဖြဲပေါ့ပျက်ပျက်နဲ့ အခုပဲတွေ့တာ ရည်းအစကားပြောတယ်'

'ကောင်းတာပေါ့ ရည်၊ ဘာဖြစ်လဲ... ကမ္ဘာ နှစ်သက်တဲ့ မိန်းကလေးက အရမ်းပြည့်စုံသွားမှာ'

'ဒေါ်လေးညိုရာ တူမဘဝကိုကောင်းစားစေချင်တာလား နစ်မွန်းစေချင် တာလား ပြောပါဦး'

'ဟဲ့... ကောင်းစားစေချင်တာလေ ညည်းလေးအချိုးနဲ့ ဘယ်ယောက်ျားက သင့်မြတ်မှာလဲ'

'ယောက်ျားတွေမရှိတော့တဲ့ ယောက်ျားကိုပဲ ရည်က ယူမှာ'

'ဘာ'





'ရည် အိမ်ထောင်ပြုတာတွေ ဘာတွေမစဉ်းစားသေးဘူးနော်၊ စေ့စပ်တာတွေ ဘာတွေမလုပ်ပါနဲ့ဦး၊ စိန်လည်းမမက်ဘူး၊ ငွေတွေလည်း ပြန်ပေးလိုက်ပါ'

'မပေးဘူး ညည်းကိုစဉ်းစားချိန်တစ်လပေးမယ်။ ညည်းလေးဆန္ဒအတိုင်း အိမ်ထောင်ရေးကိုတော့ ခွင့်မပြုနိုင်ဘူး'

'ရည်မှသူ့ကို မနှစ်သက်တာ'

'နှစ်သက်... မနှစ်သက်တာတွေ မပြောစမ်းနဲ့ ရည် မက ညည်းအတွက် အသင့်တော်ဆုံးယောက်ျားမပဲ ကမ္ဘာနဲ့ လက်ထပ်ရမယ်'

'ကမ္ဘာက လူရုပ်လူပွေ ဒေါ်လေးညိုရဲ့၊ ပုံစံကိုကြည့်လေ ရည်က စံထားတဲ့သူပဲ'

'ဘာစံမှမထားနဲ့ ကမ္ဘာနဲ့ပဲလက်ထပ်ပါ၊ ဒီတစ်ခါတော့ ဒေါ်လေးညို ဆန္ဒကိုဖြည့်ဆည်းပေးပါကွယ် နော်...တူမလေး'

ဒေါ်လေးညိုကိုလည်း ရည် သနားသည်။ တူမအတွက် လက်ထပ်တော့မည့်ချစ်သူကိုပင် စွန့်လွှတ်လိုက်ပြီး စောင့်ရှောက်နေခဲ့၏။ အပျိုကြီးဘဝနှင့်အရိုးထုတ်တော့မည့် ဒေါ်လေးညို အတွက်လည်း တစ်ကြိမ်တစ်ခါမှမဖြည့်ဆည်းပေးခဲ့မိ၊ ရည်က နေချင်သလိုနေထိုင်တာပါ။

ဒေါ်လေးညို မျက်နှာမှာ စိတ်သောကတွေ ဖိစီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရည် စိတ်ညစ်တယ်၊ ဒေါ်လေးညို့ အတင်းအကျပ်စေ့စပ်ရင်လည်း ရည် ငြင်းပယ်လို့ ရမှာမဟုတ် သေချင်တာပဲ။

ရည့်မှာ ချစ်သူလည်းမရှိ ဒေါ်လေးညိုကတော့ ညည်းမှာ ချစ်သူရှိရင်ပြတဲ့ ရည်မှမပြနိုင်တာပဲ။ တူမလေ ဘဝအတွက် စိတ်အေး ရမယ်ဆိုရင် တူမလေးဆန္ဒအတိုင်း လိုက်လျောပေးမယ်တဲ့။ သူမမှာ ပြစရာက မရှိ။

ဆရာသစ်ကိုပဲ သတိရနေသည်။

❒



(၄)

သူမသင်တန်းကိုစောစီးစွာသွားဖို့ ညကန္နီးစက်ပေးထား၏။ အချိန်ယူပြင်ဆင်နေသည်။ ဒေါ်လေးညိုက အချိန်တွေပေးထားခဲ့တာပဲ သူမစိတ်ကူးယဉ်လို့ရသေးတယ်။ သူမနှင့်သင့်တော်မည့်ယောကျ်ား တွေ့ရင်တဲ့။

သူမစိတ်ကူးယဉ်ကမ္ဘာလေးထဲမှာတော့ ဆရာသစ်က ခင်းသားပဲ။ ဒါပေမဲ့ ဆရာ့မှာက မမလွန်းခင်ခင် ရှိနေတယ်။ ရည်နဲ့ ယှဉ်သည့်ကျင်ဘက် ယှဉ်လို့တောင်မရဘူး။ ဆရာအထင်ကြီးပါ့မလား။ အတွေးကိုပင် ကိုယ်ချင်းစာချင်လာသည်။

'ရည်'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ရော့… ဒီစိန်လက်စွပ်လေးဝတ်သွား၊ တူမလေး ဘဝမှာ အမြဲတမ်း ဆင်းဆင်းရဲရဲ စုတ်စုတ်နုတ်နုတ်နဲ့ နေထိုင်လာရတာ စိန်လော့ကတ်သီးလေးလည်း ဝတ်သွား'

'ဟင့်အင်း'

'ဝတ်သွားပါ'

'မဝတ်ချင်ပါဘူး ဒေါ်လေးညီရှာ၊ ရည်ကသဘာဝအတိုင်းပဲ နေချင်တာ'

'ဝတ်သွားစမ်းပါ၊ ဒေါ်လေး တူမလေးက အရမ်းလှတယ်၊ ဒေါ်လေးက တာဝန်မကျေလို့ပါ'

ဒေါ်လေးညီကိုလည်း မဆန့်ကျင်လိုပေ၊ သူမက ဒေါ်လေးကို ကျေးဇူးမမေ့နိုင် စိတ်ထိခိုက်မှာ စိုးရိမ်၍ အလိုက်အထိုက်နေသည်။

'ပေးလေ'

'ဝတ်သွားနော်၊ ဒေါ်လေး ကိုယ်တိုင်ဝတ်ပေးမယ်၊ တူမလေး လက်လေးက ဖောင်းအိနေတာပဲ လှလိုက်တာ'

မမလွန်း လက်လေးမှာလည်း စိန်လက်စွပ်လှလှလေး ဝတ်ထားသည်။

ရည် အားကျနေရတာပါ။ မမလွန်းက ပညာလည်းတတ်တယ်၊ ချမ်းသာတယ်၊ ရည် စိတ်အားငယ်မိသည်။





မှ…

'ရည်လေး'

'ဟင်'

'ဒေါ်လေးက တူမလေးကိုဘယ်အရာမှ အနိုင်ကျင့်ပြီး ကိုယ့်ဆန္ဒအတိုင်းအလုပ်ပါဘူးကွယ်။ တူမလေးမှာစိတ်ထားလောက်တဲ့ ယောက်ျားတစ်ယောက် ရှိနေမယ်ဆိုရင်ဒေါ်လာပြပါ။ ဒေါ်လေး လက်ခံပါတယ်။ တစ်လအချိန်ပေးမယ် တကယ်လို့တစ်လအတွင်းမှာမှ မရွေးချယ်နိုင်ရင် ဒေါ်လေး ဆန္ဒအတိုင်းပဲလက်ခံပေးပါ'

'ဟုတ်ကဲ့ပါ… ဒေါ်လေးညီ၊ ရည်လေး သိပါတယ်ကျေးဇူးမတန်းတတ်ပါဘူးနော်'

'သွား…သွား'

ရည် အပြေးအလွှားနှင့်ဘတ်စ်ကားဂိတ်ကိုထွက်လာတော့ ဒေါ်လေးညီက အငှားကားနဲ့သွားလေတဲ့။ မထူးတော့၍ ရည် အငှားကားနှင့်သွားသည်။

သူမအရမ်းစောနေ၏။ အခန်းထဲအပြေးအလွှား ဝင်သွားသည်။

'ဟော့'

'အမလေး'

'မင်းဘယ်လိုဖြစ်လာရတာလဲ၊ သင်တန်းချိန်က အစောကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုသေးတာပဲ မိန်းကလေးတစ်ယောက်က ပျာလောင်ခတ်နေတာ မဖြစ်သင့်ဘူး'

'ရှင်'

ဆရာသစ် အခန်းထဲမှာရှိနေတာ ရည်မမြင်ပေ၊ အတန်းချိန်ကွက်တိစာသင်ခန်းထဲ ဝင်လာတတ်သည်။ ဒီနေ့မှအစောကြီးရောက်နေ၏။

ရည်နဲ့တော့ အမြဲတမ်းပြဿနာပဲ။ ရည်က စောစောကြီးရောက်ပြီး ဆရာ အထင်ကြီးအောင် စာတွေကျက်မလို့ဟာ ဆရာ့မျက်ဝန်းတွေက မာတင်းတင်း သူမက ကမ္ဘာ့ကိုအမြင်ကတ်ပြီးကြည့်တဲ့အကြည့်မျိုး။

ရည် ဝေ့လည်နေပြီလား။ ဆရာသစ်နှင့်တွေ့လျှင်အရာရာနှင့်အကြောင်းကြောင်းဖြစ်နေသည်။

'မင်းနာမည်ဘယ်သူလဲ'

'သွန်းရွှေရည်ပါ'

'မင်းက စောပြန်တော့လည်း ဝီရိယတော်တော်လေးရှိတာပဲ နောက်ကျတော့လည်း အရမ်းနောက်ကျလွန်းနေတယ်၊ အချိန်ကိုတန်ဖိုးမထားတတ်ဘူး ထင်တယ်'

'ဟို… ဆရာ ရည်လေအစောကြီးစာကျက်နေမလို့ပါ၊ မနေ့





ကနောက်ကျတာက ညှို့သည်တစ်ယောက် ရောက်လာတာ နောက်ကျနေလို့ပါ။ ဟိုလေ… မတွေ့ရင်မဖြစ်တဲ့ညှို့သည်ဖြစ်နေလို့ စောင့်နေရတယ်၊ ဒေါ်လေးကလဲ စောင့်ခိုင်းနေလို့'

'မင်း ဆင်ခြေပေးတာပဲ၊ ဒါဆိုလည်း သင်တန်းကိုမလာနဲ့ပေါ့၊ ခွင့်ယူပေါ့။ မင်းနောက်ကျမှဝင်လာတော့ ဆရာစာသင်ရတာလည်း အာရုံပျက်တယ်၊ တခြားသူတွေကိုလည်း နှောင့်ယှက်သလိုဖြစ်နေတယ်'

'ဟုတ်ကဲ့'

ဘယ်လိုမှ ပြောလို့မရပါလား၊ ဆရာသစ်နှင့်တရင်းတနှီးစကားပြောချင်ပေမယ့် သူက ရည့်အား တပည့်ချွတ်မလေးတစ်ယောက်အဖြစ်သာ မြင်နေပုံပင် ရည်က သူ့မလက်လေးမှာဝတ်ထားတဲ့ စိန်လက်စွပ်လေးကို မသိမသာပြသမိသည်။

ဆရာသစ် အထင်ကြီးစေဖို့ပါ ဆရာကမကြည့် မင်းစာကျက်မလို့လား… ရတယ် ကိုယ် အနှောင့်အယှက်မပေးတော့ဘူး ကျက်ဆိုပြီးထွက်သွားသည်။

ရင်ထဲမှာ ဟာတာတာကြီး ဆရာ ထိုင်နေရင်လည်း ရပါတယ်။ ရည် စိတ်ထဲက ပဲကျက်ပါ့မယ်လို့ပြောဖို့ နှုတ်ခမ်းတွေ လှုပ်ရှားမရ စေ့ကပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဆရာ ကြီးကျယ်နေတာပါ၊ အလကား သူတပည့်မွဲတေတွေဆိုပြီး အထင်သေးတာ၊ အပြစ်မြင်နေတာ လူကိုမတူမတန်သလိုပဲ၊ ဟွန်း… အမြင်ကတ်တယ်'

'ဒုန်း'

'အမေ့'

သူမ ထိုင်နေတဲ့ခုံကိုထုလိုက်၍ အလန့်တကြားဖြစ်သွားပြီး မော့ကြည့်လိုက်တော့ ဆရာသစ် ရပ်နေသည်။ ဘုရားရေ… ဘယ်လိုဖြစ်ရတာလဲ ဆရာထွက်သွားပြီထင်၍ သူမနှုတ်ကနေ မကျေမနပ်အသံထွက်ပြောလိုက်မိတာ ဆရာသစ် ဘယ်လိုလုပ်ပြီးပြန်ရောက်နေရတာလဲ သူမကို စူးစူးဝါးဝါးကြည့်သည်။

'မင်း… ဘယ်လို မိန်းကလေးမျိုးလဲ ရှေ့ပြော နောက်ကြည့်ဆိုတဲ့စကားကို ကြားဖူးလား'

'ဟုတ်ကဲ့ ကြားဖူးပါတယ်'

'မင်းအတင်း ပြောတာနောက်ကြည့်ပြီးမှ ပြောသင့်တယ်'

'တောင်းပန်ပါတယ် ဆရာ၊ ရည် မှားပါတယ်'

'မင်းကိုပြောထားရမယ်၊ ငါကစည်းစနစ်ကြီးတဲ့ဆရာ၊ အခမဲ့အလကားဆရာလို့တော့မထင်နဲ့၊ ငါလည်း ဆင်းရဲသားဘဝက လာတာပဲ မင်းကို အထင်မသေးပါဘူး။ ဒါပေမဲ့ မင်းသိထားဖို့က စေတနာ





ထွ၊ ငါ့ကိုလည်း မင်းက အခမဲ့သင်ပေးတဲ့ ဆရာဆိုပြီး အထင်သေးနေတာမဟုတ်လား'

'မဟုတ်ပါဘူး ဆရာ၊ ရည် မှားသွားပါတယ်၊ တောင်းပန်ပါတယ်၊ အနူးအညွတ်တောင်းပန်တာပါ'

'ငါက မင်းကို စေတနာနဲ့သတိပေးစရာရှိလို့ ပြန်လာတာပါ သွန်းရွှေရည်၊ မင်းတစ်ယောက်တည်း အစောကြီးမနေသင့်ဘူး အချိန်နဲ့လာသင့်တယ်လို့'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ'

ဆရာသစ် ထွက်သွားသည်။ သေချင်တာပဲ ရည်နှင့်ဆရာက အမြဲတမ်းပဋိပက္ခတွေဖြစ်နေတယ်။ ရည် မှားတာပါ ဆရာ့ကိုအတင်းပြောသင့်ဘူး ဘယ်လိုဖြစ်ရတာလဲကွာ။

ဆရာသစ်နဲ့ အဆင်ကိုမပြေဘူး သူမစာကျက်ချင်တဲ့ ဆန္ဒတွေ ပင်းမဲ့သွားသည်။

သင်တန်းသားတွေ ရောက်လာကြ၏။ သင်တန်းချိန် အကျမှာတော့ ဆရာသစ် ဝင်လာသည်။

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါ'

ဆရာသစ်အသံက အေးပြီးသြဇာပြည့်သည် နားထောင်လို့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကောင်းတာပဲ။ အင်း… ကမ္ဘာလည်းအသံတော့ကောင်းပါတယ်၊ လူလဲချောတယ်။ ရည်အမြင်ကတ်မိတာက ပေါ့ပျက်ပျက်နေထိုင်တာ ဒီကောင်အရက်သောက်တယ်တဲ့၊ အန်တီမက သူ့သားကို ရည့် လက်ထဲအတင်းထိုးအပ်နေသည်။

ဒီနေ့တော့ ရည် တော်တော်လေးလန်းနေ၏။ ပတ်ဝန်းကျင်က သင်တန်းသားတွေတောင် ရည့်ကို ကွက်ကြည့်ကွက်ကြည့်။ သူမက တော့စိတ်လေးနေသည်။

'သွန်းရွှေရည်'

'ရှင်'

'ထပါဦး'

ဘုရားရေ… ကြောက်လိုက်တာ ဆရာ အထာကို ရည်သိသည်။ စာကိုစိတ်မဝင်စားတဲ့တပည့်တွေကို တမင်နှိပ်ကွပ်ပစ်တတ်၏။ တပည့်တွေကောင်းကျိုးအတွက်တဲ့ သင်တန်းစကတည်းကပြောပြထားသည်။

'မင်းက အရမ်းဝီရိယရှိတယ်ထင်တယ်၊ သင်တန်းကိုအစောကြီးကတည်းက လာပြီးစာကြည့်နေတာလေ။ အဲဒီတော့ စောစောက ဆရာပြောသွားတဲ့အဓိပ္ပာယ်ကိုပြောပြကွာ'

'ရှင်'





'ဆရာ စောစောကပြောသွားတာလေ လွယ်ပါတယ်၊ ကဲ… ပြောပြပါဦး'

ရည် ဘာမှမသိလိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာသစ်အကြောင်းနဲ့ ကမ္ဘာ့ အကြောင်းတွေ၊ အဲဒီစိတ်တွေက ဆရာသစ်ရဲ့ သင်ကြားနေမှုကို အာရုံမစိုက်နိုင်ဖြစ်သွားသည်။

'ဘယ်လို… သွန်းရွှေရည်'

'ရည်တောင်းပန်ပါတယ်ဆရာ အာရုံလွင့်သွားပါတယ်'

'အဲဒါ ဆရာမကြိုက်ဆုံးပဲ၊ မင်းစောစောလာတာ ဘာကြောင့် [illegible] မရှိးသားတာပဲ။ အခမဲ့ဆိုပြီး မင်းက အထင်သေးတာလား… ပြောလေ'

'မဟုတ်ပါဘူး ဆရာ တောင်းပန်ပါတယ်'

'ဆရာက သင်တန်းချိန်မှာ စိတ်လေလွင့်တာကိုခွင့်မလွှတ်ဆုံးပဲ၊ အဲဒီတော့ မင်း မတ်တတ်ရပ်နေပါ သွန်းရွှေရည် မင်းတို့လို သင်တန်းသူတွေမလာတာ သင်တန်းအတွက် ပိုပြီးအကျိုးရှိမယ် ထင်တယ်'

ရည် မတ်တပ်ရပ်နေရာကနေ လဲပြိုကျသွားချင်လောက်အောင်မျက်နှာပူထူသွားသည်။ ရက်စက်လိုက်တာ ရည်ကလည်း ရည် ဆရာသစ်က အစောကြီးထဲကပြောထားပြီးသား သင်တန်းစည်းကမ်း [illegible] ဆင်ခြင်နေနိုင်မှ တက်ရောက်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒိုချင်လိုဘဲ ရှာဖွေအပေါ်အမြဲတမ်းအနိုင်ယူခဲ့တဲ့ သွန်းရွှေရည် အခုလဲပြိုကျမတတ်ပင် သင်တန်းမှာ စည်းကမ်းပျက်သူအဖြစ် မဲထေမနဲ့မှတ်တမ်းဝင်သွားတဲ့ သင်တန်းသူပါ။ သင်တန်းပြီးတဲ့အထိပဲဆက်ရပ်မနေတော့ဘဲ သင်တန်းခန်းထဲကနေ ထွက်လာခဲ့သည်။

(၅)

သွန်းရွှေရည် ထွက်သွားတာကိုတွေ့လိုက်တော့ ဒီသူမှားသွားပြီလားဟုတွေးမိနေသည်။ မှုံးဝါရှူး အခုမှဝိဇ္ဇာဒါနရှိကျော်ကြီးတော်ပိမ်း များသော ဖြစ်စွေကြေးရှိတဲ့ကြတဲ့သူတွေမဲ ရတာတော်ကြသည်။ သွန်းရွှေရည်က နှမ်းပါသူပါ။ ဒီနေမှာ ကုလုံးခြားခြား လက်စွပ်တွေဘာတွေနဲ့ ဒါဟာမကောင်းတဲ့လက္ခဏာပဲ ဒီကော်ဝင်မ သိမ်းကနေ ရတာလဲ သွန်းရွှေရည်ကိုသူကြည့်နေတာကြိုးစားတဲ့ မလေးပါ။ သင်တန်းပြီးခါနီးမှ စည်းကမ်းဖောက်ဖျက်လိုက်သည်။ ဆရာကတော့ သင်တန်းစည်းကမ်းကိုမှတ်သားလိုက်ရ စည်းကမ်းဖျက်ကွက်ရှိရင် အဖြစ်မှုနှုန်းအရေး အားမနာတတ်ဘူးနော်"





www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်တွေကိုခပ်မာမာပြောပစ်ပေမဲ့ တကယ်တမ်းကျ တော့သူ့စိတ်တွေမကောင်းပေ၊ မိန်းကလေးဖြစ်နေ၍လည်းအားမှာ သည်။ မျက်ဝန်းတွေထဲမှာမျက်ရည်တွေကအပြည့် သူမထွက်သွား တာကသင်တန်းကနေအပြီးအပိုင်ထွက်သွားသည့်သဘောပဲ၊ သ ထူးထူးခြားခြားနာကျင်ကြေကွဲနေသည်။

'သခ်'

'ဟင်'

'ဒီနေ့ အရှမ်းမှိုင်တွေနေတာပဲ၊ သင်တန်းမှာ ကောင်မလေး တစ်ယောက်နဲ့ပြဿနာတက်လာတယ်ဆို'

'အင်း… သွန်းရွှေရည်တဲ့၊ ကိုယ်မှားသွားတယ်ထင်တယ်'

'အမလေး ဘာမှားရမှာလဲ သခ်က စည်းကမ်းဖောက်ဖျက်ရ သင်တန်းကနေထွက်သွားရမယ် ခွင့်မလွှတ်ဘူးလို့စည်းကမ်း ထုတ် တာပဲ'

သခ့် ပြောမထွက် စည်းကမ်းသမားက ဘာဖြစ်လို့ စည်းကမ်းဖောက်ဖျက်တဲ့ မိန်းကလေးအတွက် စိတ်သောကတွေခံ နေရတာလဲ သွန်းရွှေရည်ဆိုတဲ့ကောင်မလေးက ဘယ်လိုကောင်မ လဲ စိတ်အာရုံများလွှန်းတဲ့ကောင်မလေးတစ်ယောက်ဖြစ်နိုင်သည်။

'သခ်'





'ဟင်'

'စိတ်မကောင်းဖြစ်နေတာလား'

'ကိုယ်က မိန်းကလေးတစ်ယောက်ကို အရှက်ခွဲလိုက်သလို ဖြစ်နေတယ်၊ မလုပ်သင့်ဘူး ထင်လို့ပါ'

'စည်းကမ်းပဲ သခ်ရယ် ဘာဖြစ်နေရတာလဲ၊ လာ… ညစာ သွားစားမယ်'

'အေးကွာ…၊ ဒီကောင်မလေးအကြောင်း မတွေးတာပဲ ကောင်းတယ်။ တော်သေးတာပေါ့ကွာ လွှန်း ရှိနေလို့၊ ကိုယ့်ဘဝ အတွက် လွှန်းက လိုအပ်တယ်'

'ဟွန်း'

'လွှန်း'

'ပြောလေ'

'ကိုယ်နဲ့ လွှန်း ညစာစားပြီးရင် ဘုရားကို သွားကြရအောင်'

'သွားလေ… ဘာလဲ သခ်က ဟိုကောင်မလေးအတွက် စိတ်မကောင်းဖြစ်ပြီး ဆုတောင်းပေးမလို့လား'

'ဟာ… မဟုတ်ပါဘူး၊ ကိုယ်က ဘုရားကို မရောက်တာ ကြာလို့ပါ'

'လွှန်း ကတော့ သခ်ပဲ ဘယ်သွားချင်လဲ… ဘာလုပ်ချင်လဲ ပြောပါ သခ်ဆန္ဒက လွှန်းဆန္ဒပါပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သခ် စိတ်ထဲမှာ လွှန်းကိုလက်ထပ်ကြရအောင်လို့ပြောမလို့ဟာ ဘယ်လိုဖြစ်မှန်းသေး မပြောချင်တော့။ လွှန်းကလည်း ရွှေချယ်သင့်တဲ့ မိန်းကလေးပါပဲ ပြောဖို့စုံဖြစ်ထားပေမဲ့ ဟိုကောင်မလေးကြောင့်လား မပြောချင်တော့။ သွန်းရွှေရည်ကို သူမေ့ပစ်လို့မရနိုင်ဖြစ်နေသည်။

'သခ်'

'ဟင်'

'ရှစ်လက်ထပ်ဖို့မယ့် မိန်းကလေးမျိုးက ဘယ်လိုအရည်အချင်းတွေ ရှိနေရမလဲဟင်'

'သိချင်လို့လား'

'အင်း'

သူ့ဖြေရမှာက လွှန်းခင်ခင့်မှာရှိနေပြီးသားပါဟု ပြောရမည်ဖြစ်သည်။ သခ် နှုတ်ကမပြောဖြစ် လွှန်းခင်ခင် ဘာတွေသိချင်၍ မေးတာလည်းသူသိ၏။ ဒါပေမဲ့ သခ် ရယ်နေသည်။

'သခ် ပြောလေ'

'ကိုယ့် ရင်ထဲမှာပဲသိမ်းထားတယ် လွှန်း ကိုယ့်ကိုအထွင်ပြီး မနေစမ်းပါနဲ့ ဘာသတ်မှတ်ချက်မှ မရှိပါဘူးကွာ သွားကြမယ်'

သခ် ဘာဖြစ်နေတာလဲ တစ်မျိုးပဲ လွှန်း စိတ်ထင့်သွားသည်။





သခ် စိတ်တွေ ဟိုကောင်မလေးဆီက ယိမ်းယိုင်သွားပြီလား၊ သခ် စိတ်မကောင်းဖြစ်နေပုံပင်၊ သွန်းရွှေရည်ဆိုတဲ့ကောင်မလေးက ရှောသည်။

လွှန်းထင်တာက သခ်က စည်းစနစ်ကြီးပြီး တော်ရုံတန်ရုံ မိန်းကလေးတစ်ယောက်အပေါ် အထင်ကြီးမှာ မဟုတ်ဟု ထင်မိနေ၏။ ဒါပေမဲ့ တစ်မျိုးပဲ သွန်းရွှေရည် သင်တန်းကနေထွက်သွားတာ သခ် စိတ်စားနေသည်။

'ကိုယ် ခင်မင်တာ ရင်းနှီးတာ လွှန်းပဲရှိတာပါ'

လွှန်းက သခ်ထံမှ လက်ထပ်ပါရစေ ဆိုတဲ့စကားကိုကြားလိုသည်။ တွဲလာတာနှစ်တွေဘယ်လောက်ကြာနေပြီလဲလို့၊ သခ် လက်ထပ်မယ့် မိန်းကလေးက ဘယ်လိုစံတွေရှိနေတာလဲ။

သွန်းရွှေရည်လို ကောင်မလေးမျိုးတော့ မဖြစ်နိုင်ပါဘူး။ သခ် အမုန်းဆုံးက စည်းကမ်းမဲ့တာပဲ။

ညစာစားကြသည်။ ပြီးတော့ လွှန်းကားလေးနှင့်ရွှေတိဂုံဘုရားသို့သွားကြ၏။ သခ်မွေးနံဖြစ်တဲ့ သောကြာထောင့်အရောက်တွင် မထင်မှတ်ဘဲ သွန်းရွှေရည်က စောင်းတန်းမှာထိုင်နေတာ တွေ့လိုက်ရသည်။

'ကိုယ် သောကြာထောင့်မှာ ထိုင်ဦးမယ်၊ မင်း ဗုဒ္ဓဟူးထောင့်သွားမှာမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



သွန်းရွှေရည်ဆိုတဲ့ကောင်မလေးကို သခ်တွေ့ပုံမရပေ။ ဒါပေမဲ့ တွေ့မှာပဲ၊ ဒီကောင်မလေး ဘာလုပ်နေတာလဲ တိုင်ကိုမှီပြီးစိတ်ပျက်လက်ပျက်ထိုင်နေသည်။

'ဟင့်အင်း… ဒီထောင့်မှာပဲ သခ်နဲ့အတူတူရှိခိုးမယ်လေ'

'သွားပါ လွန်း ကိုယ်က တစ်ယောက်တည်း ထိုင်ချင်တယ်၊ ကိုယ့်စိတ်ထဲမှာ ဒီနေ့မနက်အမှားတစ်ခုကျူးလွန်ထားတယ်လို့ ထင်နေတယ်။ စိတ်မလုံဘူး။ စိတ်အေးချမ်းမှုဇာယူချင်တယ်၊ လွန်းကိုအားနာလို့ပါ လွန်းလည်းဗုဒ္ဓဟူးထောင့်မှာ ပုတီးစိပ်နေကျပဲဟာ သွားပါ'

သခ်ဘာသဘောနဲ့အတင်းအကျပ်သွားခိုင်းနေရတာလဲ၊ သွန်းရွှေရည်ကိုတော့ မြင်ပုံမရပေ။ လွန်းမသွားရင်လည်း သဝန်ကြောင်ရောက်မည် လွန်းက မာနရှိသည်။

ယောကျ်ားတစ်ယောက်ကို အောက်ကျခံပြီး အချစ်ကိုတောင်းခံမနေချင် သွန်းရွှေရည်လိုမိန်းကလေးနှင့် ပြိုင်ဘက်အဖြစ်မခံနိုင်ထွက်လာခဲ့သည်။

'လွန်း အေးအေးဆေးဆေးပုတီးစိတ်နော် ကိုယ်လာခဲ့မယ်'

'အင်း'

သူ အေးအေးဆေးဆေးပဲ သောကြာထောင့်မှာထိုင်၍ ဘုရားရှိခိုးသည်။ ညကအေးချမ်းတယ် သူ့စိတ်တွေနှာကျင်ထိခိုက်ပြီးအမှား





အတွက်စိတ်ကမလုံပေ စည်းကမ်းအရာမှာနာမည်ကြီးသူက စည်းကမ်းဖောက်ဖျက်တဲ့မိန်းကလေးအတွက်ထူးခြားစွာ ခံစားနေရသည်။

သွန်းရွှေရည် မင်းသင်တန်းက ထွက်သွားတဲ့သဘောပဲ၊ငါ့ကြောင့်မင်းဘဝ အထစ်အငေါ့တွေနဲ့ ပညာရေးထိခိုက်မလား။ သူတွေးနေမိသည် သွားပြီးခေါ်ရင် ကောင်းမလားပဲ။

ဘုရားရှိခိုးပြီးသည်နှင့် သခ် ဇရပ်ပေါ်ဝင်ထိုင်လိုက်၏။ တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် သူ အထိတ်တလန့်ဖြစ်သွားရသည်။

တိုင်ကိုမှီပြီးထိုင်နေတဲ့ သွန်းရွှေရည် ဒီအချိန်အထိ ဘာဖြစ်လို့များအိမ်မပြန်သေးတာလဲ။ သူထိုင်မိတဲ့တိုင် ဖြစ်နေသည်။

'သွန်းရွှေရည်'

'ဟင်… ဆရာ'

'မင်း ဘာလုပ်နေတာလဲ၊ ဘယ်အချိန်ရှိနေပြီလဲ မိန်းကလေးတစ်ယောက် အပြင်မှာရှိနေသင့်တဲ့ အချိန်လားကွ'

သင်တန်းပြင်ပမှာပါ ဆရာလာလုပ်နေတာတော့ ရည်မခံနိုင်ပါ သူမေးတဲ့မေးခွန်းတွေကိုမဖြေနိုင်ပါဘူး။

ရည်ရှက်လို့သေတော့မယ်။ လူပုံအလယ်မှာစည်းကမ်းဖျက်ခဲ့ သင်တန်းသူအဖြစ် ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့သည် ဆရာ ဆရာဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူမထရိုက်သည်။

'ထိုင်ပါဦး မင်းကိုတောင်းပန်ရဦးမှာပါ'

'ရှင်'

'သင်တန်းမှာ ငါမှားသွားတယ်ထင်တယ်၊ မင်းကို ဒီလောက် အထိမပြောသင့်ဘူးလေ၊ မင်းကမိန်းကလေးပဲ'

'ရပါတယ် ဆရာသခင် ပြဿနာမရှိပါဘူး နောက်ဆို ကျွန်မအခုမှသင်တန်းဆိုမတက်တော့ပါဘူး စည်းကမ်းပျက်တဲ့ မိန်းကလေးအဖြစ် ကျွန်မ စိတ်တွေအပြတမ်းချောက်ချားနေတော့မှာပါ'

'ငါ တောင်းပန်ပါတယ်၊ ငါလည်း အမှားတစ်ခုကိုကျူးလွန် လိုက်မိတယ်လို့ ထင်တယ်။ မင်းပြန်တက်ပါ ငါသင်တန်းသားတွေ ရှေ့မှာတောင်းပန်ပါ့မယ်'

'နေပါစေတော့ ဆရာ ကျွန်မအတွက်မဟုတ်ပါနဲ့ ကျွန်မ ပြ တော့မယ် ကျွန်မလည်း တွေးမိတိုင်း အရှက်ရနေလို့အိမ်တောင် မပြန်ချင်ပါဘူး။ ခုဆိုရင် ကျွန်မ ဘဝတစ်သက်တာမှာ စည်းကမ်းပျက် တဲ့အဖြစ်မျိုးနဲ့ သင်တန်းက အထုတ်ခံရတာ အရှက်ရစရာကောင်းနေပါတယ်'

'ကိုယ်တောင်းပန်ပါတယ် သွန်းရွှေရည်၊ မင်းသင်တန်း ပြန်တက်ပါကွာ၊ လူပုံအလယ်မှာ ကိုယ်တောင်းပန်ပါ့မယ်'

'ဆရာ့ဂုဏ်သိက္ခာအတွက်မတောင်းပန်ပါနဲ့ ဆရာ ဆရာ





စည်းကမ်းကြီးတဲ့ဆရာ အဖြစ်မှာမညီတစ်လုံးနဲ့နေတာပါ။ မေ့ပစ်လိုက် ပါတော့ ဆရာမမှားပါဘူးလေ ရည်က စည်းကမ်းမဲ့ခဲ့တာပါ'

ဆရာသခ် မျက်ဝန်းတွေကနောင်တတွေနဲ့အတူတူ ကြေကွဲနေ ပြင် ဆရာသခ်နှင့်တွေ့ဆုံမိရမယ်လို့မထင်မိ။ ရည်ရှက်လို့ပါ ခံပြေနိုင် တော့ဘူး။

ဆရာရက်စက်သည်ဟုတော့ ထင်သည်။ ဘာမဟုတ်တဲ့ အဖြစ်လေးနှင့်စည်းကမ်းပျက်ကျောင်းသူအဖြစ်သင်တန်းသားတွေရှေ့ မှာနှိပ်ကွပ်ခဲ့၏။

'ရည် အိမ်မပြန်ချင်သေး၍ဘုရားပေါ်မှာထိုင်နေတာ ကြာပါပြီ' ဆရာသခ်လည်း သော်ကြာ၊ သွန်းရွှေရည်နှင့်နေ့ချင်းတူနေသည်။

'သခ်'

'ဟင်'

မရှုံးနိုင်ခင်ခဲ့ ဆရာသခ်နဲ့နှစ်ယောက်အတူတူ လာကြတာ ဖြစ်မည်။ ရည်နှုတ်ဆက်လိုက်သည်။

'ရည့်ကိုခွင့်ပြုပါဦး မမ ပြန်တော့မယ်'

'မင်းလေး သင်တန်းမှာ စည်းကမ်းမရှိနေထိုင်တတ်တယ် လို့ သခ်ကပြောတယ်။ အခုမှဆိုပြီး မင်းက ပေါ့ပျက်ပျက်လုပ်တာ ။ မင်းမှာ အပြစ်ရှိတယ်'

www.burmeseclassic.com



'ဟုတ်ကဲ့… ကျွန်မ သိပါတယ်။ ဒါကြောင့်လည်း ကျွန်မ သင်တန်းက ထွက်လိုက်တာပဲ'

'ကိုယ့်အပြစ် ကိုယ်သိရင် ပြီးတာပါပဲလေ၊ နောက်ဆင်ခြင် ပေါ့အေ အခုလည်း ညည်းမပြန်သေးဘူးလား။ ညည်းအိမ်ကရလား စိတ်ပျက်လိုက်တာအေ။ လာပြန်ကြမယ် သန်'

သွန်းရွှေရည် ဆရာတို့ကားနဲ့ပြန်လိုက်ခဲ့ပါလားလို့ပြောချင်နေ ပေမဲ့ လွန်းက တမျိုးထင်မှာစိုးရိမ်တာရော ပြဿနာထပ်ဖြစ်မှာလည်း မလိုလား၍ လွန်း နောက်လိုက်ခဲ့ရသည်။

'သန် ဘာကောင်မလေးမှန်းမသိဘူး။ ဒီအချိန်အထိ မပြန်ဘူး အရင်ကနဲ့မတူအောင် လန်းလာတယ်နော်၊ စိန်တွေက အစစ်တွေ အဖိုးတန်တွေပဲ ဘယ်လိုတွေကပေးကမ်းထောက်ပံ့ထားတာလဲ မသိ ဘူး'

'တော်ပါတော့ လွန်း၊ သူ့ကိုယ်ရေးကိုယ်တာကိစ္စတွေပါ မပြောတာအကောင်းဆုံးပဲ'

လွန်း ပြောနေတာတွေကို သန်မနှစ်သက်ပေ။ ဒီကောင်မ လေးကို ရိုးသားဖြူစင်သူအဖြစ်ပဲ သူ့စိတ်ကထင်နေခဲ့သည်။ မင်းဆိုင် တွေ ဘယ်ကရလာတာလဲ။ ပြီးတော့ မင်းတစ်ယောက်တည်းဖြစ်၍ အန္တရာယ်များမှာ စိတ်ပူနေသည်။





'ဒီလိုကောင်မလေးမျိုးတွေက ပညာကိုတတ်ချင်လို့မဟုတ်ဘူး သန် လူလုံးပြတာလေ'

'တော်ပါတော့ လွန်းရာ ကိုယ်ဒီမှာပဲနေခဲ့မယ် ကိုယ့်မိတ်ဆွေ တစ်ယောက်အိမ် ဝင်စရာရှိသေးတယ်လေ'

'သန် မပြန်သေးဘူးလား'

'မပြန်သေးဘူး'

'ပြီးရောလေ သန်ဆန္ဒအတိုင်းပါပဲနော်'

လွန်း ကားပေါ်ကနေ ဆင်းလိုက်မှ သန် စိတ်တွေလွတ်လပ် သွားပါးသွားသည်။ ဘုရားပေါ်ကနေ သွန်းရွှေရည် ဆင်းသွားပြီလားဟု တွေးပြီးအငှားကားနှင့်ပြန်သွားကြည့်တော့ မတွေ့ရပေ။ ပြန်သွားပြီ ထင်တယ် သန် စိတ်တွေပူပင်နေသည်။

□



www.burmeseclassic.com

## (၆)

'ရည်လေးရယ် ဘယ်တွေသွားနေတာလဲ ဒေါ်လေးညို ဘယ်လောက်စိတ်ပူနေရလဲ၊ စောစောက မောင်ကမ္ဘာ ရောက်လာတယ်သမီးကိုစိတ်ပူပြီး ကားနဲ့သွားရှာတယ်လေ'

'ခုကွာပါပဲ ဘယ်ကိုသွားရှာတာလဲ၊ သူကခဏခဏလာနေတာလဲ စိတ်ညစ်တယ်၊ အစိမ့်ပါယ်မရှိတာ'

'သမီးသွားနေကျနေရာတွေပေါ့ သမီးက လက်ဝတ်လက်စားတွေနဲ့လေ၊ ဒေါ်လေး ဘယ်လောက်အထိစိတ်ပူနေရလဲ ရင်တွေမောက်တော့မယ်'

တစ်နေကုန် အဆင်မပြေဘဲ ရည် သေချင်နေသည်။ မမလွှန်းစကားတွေက ရည် ကိုအကြီးအကျယ်စော်ကားပစ်တာပဲ။ ဒေါ်လေးညိုခွတ်အတင်းကြီး စိန်လက်စွပ်ကြီးဝတ်ပေးလိုက်လို့ အထင်သေးတာပဲ။ သူမ ဒေါသတကြီးချွတ်ပစ်လိုက်သည်။





'ရှော့ ဒေါ်လေး လက်စွပ်ကြောင့် ရည် တစ်နေ့လုံးကံကောင်းဘူး ပြဿနာတွေပဲဖြစ်နေတယ်'

'ဟဲ့ ဘာလုပ်တာလဲ'

'ရည် ကရတ်တရက်ကြီး စိန်လက်စွပ် ဝတ်လာတော့ တဝ်နီးကျင်က ဘယ်လိုထင်မလဲ၊ မတန်မရာဝတ်မိတော့ အကယ်မဲ့ ရှက်စရာကောင်းလိုက်တာ'

'ရည်လေးကို ဘယ်သူက ဘာပြောလို့လဲ အရေးစိုက်စရာ ဆိုဝါဘူး သမီးရယ် ဘာဖြစ်လဲ ကိုယ့်ဟာကိုယ်ဝတ်တာ'

'တော်ပါပြီ စိတ်ကျဉ်းကျပ်တယ် မဝတ်တော့ဘူး'

'မောင်ကမ္ဘာ ပြန်လာလိမ့်မယ် သမီးလေး ဖော်ဖော်ရွှေရွှေ ဆက်ဆံပေးပါနော် ဒေါ်လေး အချိန်တွေပေးထားတာပဲ၊ စိန်လက်စွပ်ညီးမဝတ်ချင်ရင် ချွတ်ထားပါ'

ကမ္ဘာ ပြန်လာဦးမယ်တဲ့ ရည် နည်းနည်းတော့ကိုယ်ချင်းစာမိသည်။ ကမ္ဘာနေရာမှာ သူမ လည်းခံစားနေရတာပဲ။ ဆရာသမီးကုန်းရှုန်းနဲ့ တွဲနေတာပါ။ ညဘက်ဘုရားတောင်တက်နေ၏။

ဒီလိုမှန်းသိရင် ဘုရားပေါ်မှာမနေပါဘူး။ မြင်လိုက်ရတဲ့မြင်ကွင်းက ရည့် ရင်ကို ဆို့တက်သွားသည်။ ဒီကြားထဲ မမလွှန်းကစင်းသေးစကားတွေနှင့် ချိုးချိုးဖွဲ့ဖွဲ့ပြောသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရည်လေး ညစာမစားရသေးဘူး မဟုတ်လား။ မောင်ကမ္ဘာ ပြန်လာမှစားကြမယ်'

'ဒီလူက ဘာလာလုပ်ဦးမှာလဲ ပင်ပန်းနေပြီ'

'ဟဲ့... နေပါဦး ညည်းကလဲ မောင်ကမ္ဘာက ညည်းကို အရမ်းဂရုစိုက်တာ'

'ဒေါ်လေးညို'

'ဘာလဲပြော'

'ကမ္ဘာက အရက်လည်းသောက်တယ်၊ ရှုပ်လည်းရှုပ်တယ်။ ကိုယ်နဲ့လက်ထပ်မယ့်ယောကျ်ားအကျင့်ကို သိသိကြီးနဲ့လက်ထပ်ရ မလား'

'မိဘက အလိုလိုက်လို့ နည်းနည်းလေးဆိုးနေတာပါ သမီးရယ် မကလေ သမီးလေးက ပြုပြင်ပေးစေချင်တယ်တဲ့'

'ဟွန်း... ရမလား သူ့လိုလူမျိုးကရည့်လောက်ကိုအလေး အနက်ထားမလား'

'မောင်ကမ္ဘာ အခု အရက်သောက် မလာပါဘူးကွယ်၊ သမီး လေးအတွက် အရမ်းစိတ်ပူနေတယ်'

'အလကားပါ'

လောကကြီးကဖောက်ထိုးပဲနော်၊ ရည် ဖြစ်ချင်တာမဖြစ်ရဘူး





ရည် စံထားတာက ဆရာသစ်လိုယောကျ်ားမျိုးပါ။ ရည့် ကိုနှိပ်ကွပ် တာပည့်တွေအတွက်ဖြစ်နေတယ်ဆိုတာ ရည်သိပါတယ်။ ဆရာသစ် လူပုံအလယ်မှာတောင်းပန်မယ်တဲ့။

ကမ္ဘာနဲ့တော့လက်ထပ်လို့ မဖြစ်သေးပါဘူး၊ ကမ္ဘာ့အကျင့် ရိုက်တွေကို လုံးဝမနှစ်သက်တာ ဒေါ်လေးညိုကတော့ အလိုက် ဆိုက်ဆက်ဆဲတဲ့။ ရည် စိတ်ညစ်နေသည်။

'ဟိုမှာ ရည်လေး မောင်ကမ္ဘာပြန်လာနေပြီ။ ညည်းနော် ဧည့်သည်ကို ဒေါ်လေးညိုပြောထားပြီးပြီ'

ကမ္ဘာ ပြန်ရောက်လာသည် စားစရာတွေဝယ်လာ၏။ ရည် စိတ်ထဲမှာ ဆရာသစ်ပဲရှိနေသည်။ ဘယ်လိုလုပ်ရမလဲ ကမ္ဘာ့ကိုတော့ ကိုယ်ချင်းစာပါတယ် မလွဲသာတော့၍ ကမ္ဘာနှင့်အတူတူထမင်း စားရ သည့် သူမကို ကမ္ဘာက `တယုတယကျွေးသည်။

'မင်း ဘယ်သွားနေတာလဲရည် ကိုယ်အရမ်းစိတ်ပူနေတာ'

'အလုပ်ကိစ္စပါ'

'မင်းအလုပ်လုပ်စရာမှမလိုတာ'

'ဘာဖြစ်လို့လဲ'

'ကိုယ့်ကြောင့်လေ'

'ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးညို ကသမီးတို့စကားပြောကြဆိုပြီးအခန်းထဲဝင်သွား သည်။ ရည် စိတ်ညစ်တယ် စိတ်ကိုမပါဘူး။ တစ်နေ့ကုန်စိတ်ရှုပ်ထွေး စရာတွေနဲ့ပဲတွေ့နေသဖြင့် တစ်ယောက်တည်းပဲနေချင်သည်။

'ရှော့'

'ဘာလဲ'

'ဖုန်းလေ'

သူကဟမ်းဖုန်းအနီရဲရဲလေးကိုလှမ်းပေးတော့ သူမသေပစ်ချ လောက်အောင် စိတ်ညစ်ရသည်။

'မယူဘူး'

'ဘာဖြစ်လို့လဲ'

'ဒီလို မချုပ်ကိုင်ပါနဲ့ ကမ္ဘာ ဘာလဲ ချမ်းသာတယ်ဆိုပြီး အပေါ်စီးကနေ ပြောဆိုဆက်ဆံနေတာလား'

'မဟုတ်ပါဘူး ကိုယ်မိန်းကလေးတွေကိုအလေးအနက်မထား တတ်တာ မင်းသိပါတယ်'

'တော်ပါပြီ'

'မင်းကိုဆက်သွယ်လို့ရအောင်ပါ ရည် မိန်းကလေးတွေ တစ်မျိုးပဲကွာလိုက်လွန်းတော့လည်း ပဲက အရမ်းပေးသွားပြီ'

'ဘာပြောတယ် ကမ္ဘာ ငါက ဘာပဲပေးရမှာလဲ ဒေါ်လေး ညိုကြောင့် နင့်ကိုအလိုက်အထိုက်ဆက်ဆံနေတာ သိလား'





သူမကလက်မခံချင် တော်ကြာပတ်ဝန်းကျင်ကဘာပြောမလဲ သူ့အကြောက်ဆုံးက ဆရာသစ် အထင်သေးမှာပါ။ ဆရာကသင်တန်း ပြီးတက်ပါတဲ့ လူပုံအလယ်မှာ သူတောင်းပန်ပါ့မယ်တဲ့၊ ဆရာ မှားပါ တယ် တဲ့။ ဘယ်လောက်ကျေနပ်စရာကောင်းလဲ။

ဒါပေမဲ့ မမလွန်းနဲ့ တွဲနေတာက စိတ်ခတ်ကျမိသည်။ နေ့ထဲ ကမ္ဘာက တစ်မျိုး သူမ အနားယူချင်သည်။

'မင်းကိုလူတွေက တစ်မျိုးထင်မှာကြောက်နေရင်လည်း ဒီလိုနဲ့ တွဲလေ ကိုယ်ကလူဖိုလ့်လွတ် မင်းကိုတောင်လူတွေကအားကျ မှာ လူကြီးတွေကသူငယ်ချင်းတွေ ငယ်ငယ်လေးထဲကစေ့စပ်ထား တာလို့ပြောပေါ့'

'သွားစမ်းပါ'

'ရည်'

'မယူဘူး မလိုအပ်လို့၊ ပြီးတော့ ရည်က သဘာဝအတိုင်းပဲ နေတာကြိုက်တယ်'

'ဒေါ်လေးညိုအတွက်မင်းကြည့်သင့်တယ်။ ကိုယ် ပိုးကြေး ကြေးပေးတာမဟုတ်ပါဘူး မင်းမှာရှိထားသင့်လို့ပါ'

ကမ္ဘာကတော့ သွန်းရွှေရည်နဲ့တွေ့မှ အချိုးကျသွားပြီလား ။ တော့ အချစ်ဆိုတာကိုခံစားတတ်လာသည်။ သွန်းရွှေရည် အကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ကိုပြည့်စွမ်းပေးချင်နေပြီ။ သူ အလုပ်မှာဝင်ပြီး လေ့လာမယ်ဆိုတော့ မေမေ အရမ်းဝမ်းသာနေသည်။

'လက်ခံပါ ရည် မင်းငြင်းနေလည်းကိုယ်အတင်းအကြပ်ပေး မှာနော်'

ရည် လက်ကိုသူဆတ်ခနဲ ဆွဲယူလိုက်သဖြင့် သူမက ဒေါသ တကြီးပြန်ရုန်းပစ်ပေမဲ့ ကမ္ဘာ မလွှတ် မင်းကို ကမ္ဘာပဲပိုင်ဆိုင်စေရမယ် ကိုယ် ဘယ်လိုနည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ကိုယ် အရယူမှာပဲ။

နောက်ဆုံးမင်းလက်မခံရင် ကားတင်ပြေးမှာနော် သူ့ကို ကြည့်နေမိသည်။

'ကမ္ဘာ ဘာလုပ်တာလဲ လွှတ်'

'မလွှတ်ဘူးကွာ'

'ဖုန်းကိုလက်ခံဖို့ဆက်ငြင်းနေရင် ကိုယ်ဖက်နမ်းပစ်မှာနော်'

'ဘာ… နင်… နင် ပိုင်စိုးပိုင်နင်းနဲ့ ဒါမျိုးရမလား'

'မင်းက ကိုယ့်ဇနီးလောင်းပဲဟာ'

'ဘယ်သူက လက်ထပ်မယ်လို့ ပြောသေးလို့လဲ'

'မရဘူး'

'ကမ္ဘာ နော်'





'မင်းက ငါပိုင်ဆိုင်ရမယ့် မိန်းကလေးပဲ'

'နင်ပိုင်စိုးပိုင်နင်းလုပ်တာတ်လို့ ငါမုန်းတယ်'

'ဘာပြောတယ်'

'မုန်းတယ်လို့ပြောတာလေ'

'ငါကတော့ နင့်ကိုအရမ်းချစ်တယ်'

'အို'

'အချစ်အတွက်သင်္ကေတပါ'

'ဖြန်း'

'ဟင်'

'ဒီမှာ နင်စော်ကားတိုင်းရမယ်ထင်မနေနဲ့ နင့်ဆီက ဘာမှမလို ဘူး၊ ငါစိတ်ထားတဲ့ယောကျ်ားထဲမှာနင်မပါဘူး ထက်ကမ္ဘာ သိလား'

သူ့ကိုတွန်းဖယ်ပစ်ပြီး ရည် အခန်းထဲဝင်လာခဲ့သည်။ ...လေညို ကတောင်းပန်နေသံကြားရ၏။ ရည့် မျက်ဝန်းတွေထဲမှာ ...ရည်တွေပြည့်လျှံနေသည်။

'အန်တီညိုတောင်းပန်ပါတယ် ကမ္ဘာရယ်၊ ဒီကောင်မလေးက ...အရမ်းမောက်မာလွန်းပါတယ်။ အန်တီညို စိတ်မကောင်းလိုက် ...ကြည့်စမ်း… ကမ္ဘာ့ပါးမှာလက်ဝါးရာထင်သွားပြီ မ သိသွားရင် ...ကောင်းဖြစ်တော့မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် အန်တီညို မေမေ မတွေ့စေရပါဘူး'

'ရည့်မှာအပြစ်မရှိပါဘူး၊ ကမ္ဘာ့ အပြစ်ပါ။ စိတ်မကော

လည်း ဖြစ်မနေပါနဲ့'

ရည် မင်းတော်တော်လက်သံပြောင်တာပဲ၊ မိုချစ်သွားပြီကွ

ကိုယ့်နှလုံးသားထဲမှာ ဒဏ်ရာရသွားတယ်။

ဒါပေမဲ့ မင်းကိုနမ်းခွင့်ရလိုက်တယ်။ ရိုက်လေ

ဘယ်လောက်ရိုက်မလဲ။

မင်းကိုမရ ရအောင် ယူမယ်၊ ကမ္ဘာ့ ပါးကိုရိုက်ရဲတဲ့

သတ္တိကို ဂုဏ်ပြုတဲ့အနေနဲ့ပါ။ အန်တီညိုကတော့ တောင်းပန်သည်

'ကမ္ဘာ ပြန်တော့မယ်၊ ဒီဖုန်းလေး ရည့် ကိုပေးပေးပါ'

'မင်း ပြန်ယူသွားပါလား… ကမ္ဘာရယ်၊ ဒီကောင်မလေး

အရမ်းမာနကြီးတယ်။ လက်ခံမှာမဟုတ်ဘူး'

'ပေးလိုက်ပါ ကမ္ဘာ ဖုန်းဆက်မှာလို့လည်း ပြောလိုက်ပါ'

'အေးပါကွယ်'

'သွားပြီနော်'

'မင်းအမေသိသွားရင်'

'မသိစေရပါဘူး အန်တီညို စိတ်မပူပါနဲ့နော်'

'အေးပါကွယ်'





ကမ္ဘာ မွေ့ကလာခဲ့သည်။ ဒီညတော့အိမ်ပြန်လို့မဖြစ်ဘူး။

မေ တွေ့သွားမှာ စိုးရိမ်၏။ မေမေက သူ့ကို နည်းနည်းလေး

ဆိမရှုသူ တည်းခိုခန်းတစ်ခုမှာပဲ ဝင်အိပ်ပစ်လိုက်သည်။

'ရည်… ဟား…ဟာ…ဟာ… မင်းက တကယ့်ကို

စွတ်တရဖြစ်စေတာပဲ၊ အရမ်းချစ်သွားပြီကွာ'

ကမ္ဘာ လိမ္မာတော့မည်ဟုစိတ်ကိုဆုံးဖြတ်ထားသည်။ ဖေဖေ့

ဆိုင်နေ်းမှာလည်းဝင်လုပ်ဖို့ကြံစည်ထား၏။

အရက်လည်း မသောက်တော့ဘူး။ သွန်းရွှေရည် အထင်ကြီး

လေညှိအလုပ်တွေကို လုပ်ပြဖို့ ရည်ရွယ်ချက်တွေပျက်ပြားသွားသည်။

မိန်းကလေးတွေအပေါ် ဒီလောက်အထိတော့အောက်ကျခံပြီး

နေ်နေစရာမလိုဘူးထင်တယ်။ သွန်းရွှေရည် မင်းကိုတော့ငါ အရမ်း

ချ်သွားတယ်၊ ရအောင်ယူပြမယ်။ ငါက အလွယ်တကူမရတဲ့ပစ္စည်း

ကိုမှ အရယူပစ်ချင်တာ။

မေမေ့ဆီက ဖုန်းလာသည်။

'သား… မင်းဘယ်မှာလဲ၊ ရည်လေးနဲ့အဆင်ပြေလား'

'အင်း… ပြေပါတယ်မေမေ၊ သား ဒီညပြန်မလာတော့ဘူး

သူငယ်ချင်းတွေနဲ့ တွေ့နေလို့ စိတ်မပူပါနဲ့ သားလိမ္မာနေပါပြီ'

'အမလေး… သားရယ် မေမေ အကြားချင်ဆုံးစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဝမ်းသာလိုက်တာ ရည်လေးကြောင့်ပဲ မေမေ့ရွှေမလောင်းလေး
မေမေကျေးဇူးတင်လိုက်တာ'

'မေမေ'

'ပြောလေ သား'

'ရည်လေးနဲ့ လက်ထပ်ချင်တယ်၊ သား အရမ်းချစ်သွား
စီစဉ်ပေးပါတော့'

'အေးပါကွယ် မေမေရအောင်စီစဉ်ပေးပါ့မယ်၊ စိတ်ချ
မေမေ့သားလေး ဆန္ဒပြည့်ဝစေရပါ့မယ်'

သူ့နှုတ်ခမ်းတွေက တွန့်ကွေးဖွာပြုံးသွားသည်။ မင်းကို
ချစ်တယ် သွန်းရွှေရည် ဒါကြောင့်ပါ သူ့အရက်ကိုသောက်ပစ်သည်

□



(၇)

'ညည်းအရမ်းလှနေတယ် ရည်၊ ငါ့မျက်နှာကိုတောင်မထောက်
သားဘူး။ ကမ္ဘာ့ကိုများ ပါးရိုက်ရက်တယ်။ ညည်းက လုံးဝလက်မခံ
နိုင်ဘူးဆိုတဲ့သဘောလား'

ဒေါ်ညိုညိုမျက်ဝန်းတွေထဲ မျက်ရည်တွေပြည့်လာသည်။
မ ကိုအားနာလို့ပါ။ ကမ္ဘာလေးကို မ ဘယ်လောက်အထိချစ်မြတ်
နိုးတယ်ဆိုတာ မိမိအသိဆုံးပင် တူမလေးကိုဒေါသဖြစ်မိသည်။

'ညည်းအတွက် ငါ့ဘဝကိုဘယ်လောက်အထိပေးဆပ်ခဲ့ရလဲ
သွန်းရွှေရည်၊ ညည်းဘက်ကဘာတွေများပေးဆပ်ရဘူးလဲ'

'ကမ္ဘာ့ကို ရည် မကြိုက်ဘူး၊ ပိုက်ဆံချမ်းသာတယ်ဆိုပြီး
နိုင်ထက်စီးနင်း ပြုမူနေတာပါ၊ အနိုင်ကျင့်တယ်'

'ညည်းကိုငါကတိပေးထားပြီးပြီပဲ ညည်း မှာချစ်တဲ့သူရှိရင်
ခေါ်လာပြလို့လေ၊ ငါကညည်းအတွက်အမြဲတမ်း ပူပင်နေရတာပါရည်'



www.burmeseclassic.com

www.burmeseclassic.com



တူမလေးကိုမိမိဆန္ဒအရတော့ ကမ္ဘာလေးနဲ့ပဲလက်ထပ်စေလို သည်။ မ ကပြောတယ် သူ့သားလိမ္မာလာပါပြီတဲ့ ရည်လေးကြောင့် တဲ့စီးပွားရေးလုပ်ငန်းတွေလည်း စိတ်ဝင်စားလာပြီတဲ့၊ ရည့် ဘက်က ခါးခါးသီးသီးငြင်းဆန်နေသည်။

'ကမ္ဘာလေးက မိဘတွေအလိုလိုက်ထားလို့ နည်းနည်း တစ်ကိုယ်ကောင်းဆန်နေတာပါအေ၊ ဒါပေမဲ့ ညည်းနဲ့တော့ပြုပြင်နေ ပါပြီ'

'သူကအရမ်းကိုပြောင်စပ်စပ်နဲ့အရာရာပေါ့ပျက်ပျက်လုပ် တတ်တာ ရည်မှမကြိုက်တာ ကျေးဇူးရှိတာနဲ့ပဲ ရည်က ယောကျ်ား တစ်ယောက်ကိုယူရမှာလား'

'တကယ်ပါပဲအေ ကမ္ဘာ မိုလို့ပေါ့၊ တစ်နေ့ညည်းဝန်လည် မယ် ကျေးဇူးရှင်အဒေါ်တစ်ယောက်လုံးရဲ့ မျက်နှာကိုတောင်မထောက် ဘူး'

'သူကဘာဖြစ်လို့ ရည့်ပါးကို...'

'ဘာ'

ရည် ဆက်မပြောချင်တော့ပေ။ စဉ်းစားမိတိုင်း ကမ္ဘာ့ကို သတ်ပစ်ချင်လောက်အောင် ဒေါသထွက်ရသည်။

ဒေါ်လေးညိုကြောင့် တူမကိုကောင်းစားစေချင်၍ စီစဉ်နေတာ





လည်း သိပါတယ်။ဒါပေမဲ့ကမ္ဘာ ကိုမှမချစ်နိုင်တာ ဘယ်လိုလုပ်ရမလဲ။

ဒေါ်လေးညို မျက်ရည်ကျတော့လည်း ရည် စိတ်မကောင်း အောင်ဖြစ်သွားရသည်။

'ကမ္ဘာက နူနေလို့လား... သူတောင်းစားလား... ညည်းက အဖြစ်သည်းနေရအောင်။ ညည်းပါးရိုက်သင့်လား မ သိသွားရင်'

'သိသိလေ'

'ကောင်းပြီ ရည် ငါမပြောတော့ဘူး ညည်းသဘောပဲ၊ ကမ္ဘာ နဲ့လက်ထပ်ဖို့ကိစ္စ ငါဆက်မလုပ်တော့ဘူး၊ ငါရိပ်သာမှာပဲသွားနေ တော့မယ်'

'အဲဒီလို မလုပ်နဲ့လေ ဒေါ်လေးညို ကိုယ့်တူမလေးအပေါ် ရက်စက်တော့မလို့လား'

'ညည်း ကရက်စက်တာလေ ငါနဲ့ ပတ်သက်နေတဲ့ သူတွေ အပေါ် ရှိုင်းရှိုင်းစိုင်းစိုင်း ညည်းက ဆက်ဆံနေတယ်။ တော်ပါပြီ သွန်းရွှေရည် ရယ် ညည်း သဘောဆန္ဒအတိုင်းပဲနေပါတော့ ညည်း ဆုံးဖြတ်ပါ ကျုပ်က မ တို့နဲ့အခင်မင်ပျက်ရခဲ့အတူတူ ရိပ်သာမှာပဲသွား နေတော့မယ်'

ဒေါ်ညိုညို တမင်တူမရှေ့မှာ စိတ်ဆိုးဒေါသထွက်ချင်ယောင် ဆောင်ပြတာပါ။ မိမိဘဝမှာဒီတူမလေးကိုအချစ်ဆုံးပဲ၊ ကမ္ဘာ ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပဲ ဆိုးသည်။ မိမိဆန္ဒက ရည်လေး ပြုပြင်ပေးစေချင်တာပါ။ ဒီကောင်မလေးကိုက ခါးခါးသီးသီးငြင်းဆန်နေသည်။

ဒါကြောင့်လည်း ဒေါသဖြစ်ပြရတာ မိမိကတူမလေးကို ကမ္ဘာနှင့်ပဲသဘောတူတယ်။ မ ကဘယ်လောက်ချစ်မလဲ ယောကျ်ားမကောင်းကောင်းရဖို့ကလဲ အရေးကြီးသည်။

'မ နဲ့တောင်ကျုပ်ရင်မဆိုင်ရဲတော့ဘူးအေ၊ အားနာစာယ် ကမ္ဘာလေးကိ ရွှေပေါ်မြတင်မွေးထားတာအေ့'

မိမိဒေါသတကြီးဆူပွက်ပြီးပြန်ထွက်မယ်လုပ်တော့ ကမ္ဘာဆေးထားတဲ့လက်ကိုင်ဖုန်းလေးကထမြည်လာသည်။

'ဟဲ့… ဒီမှာမြည်နေပြီ ငါလည်းမလှုပ်တတ်ဘူး၊ ရော ညည်းမပြောချင်လည်း အပြတ်ငြင်းလိုက်၊ ငါမနက်ဖြန်ကျရင်ပစ္စည်းရွှေ့သွားပေးမယ်'

ဖုန်းကြီးထိုးပေးပြီး ဒေါ်လေးညိုထွက်သွားသည်။ ရည် မပြောရှုံမဖြစ်တော့ ဒေါ်လေးညိုကိုလည်းသနား၏ ရည့်ကိုချစ်တာလည်း အနစ်နာခံတာလည်းသိသည်။

မထူးတော့ပါဘူး ပြောတော့မယ်။ ကမ္ဘာ နင့်ကိုလည်း ကိုယ်ချင်းစာပါတယ်။ ရည်က ကမ္ဘာ့ထက်ပိုပြီးမျက်နှာငယ်ရပါတယ်။ အထင်သေးခံနေရတာပါ။ သူမဖုန်းပြောသည်။





'ကမ္ဘာ ပြော'

'ရည် မင်းအသံနည်းနည်းလျှော့လို့မရဘူးလား'

'ပြောပါ ကမ္ဘာ ရှင့်ကြောင့် ရည်နဲ့ဒေါ်လေးညို ရန်များနေပြီနော်'

'ကိုယ်လည်းစိတ်ညစ်ပြီး ဖြတ်ထားတဲ့အရက်ကို ပြန်သောက်နေတယ် ရည်'

ကမ္ဘာ အသံကအရမ်းကိုမူးနေတဲ့ပုံ အာလေးလျှာလေးကြီး၊ ဒီလူပါပဲ ကမ္ဘာ တစ်ခုခုဖြစ်ရင်တောင် ရည့်ကြောင့်ဖြစ်နေဦးမယ်။ ဒါ့ကြောင့်လည်း ကမ္ဘာ့ကိုအထင်မကြီးတာပါ။ သူမစိတ်ညစ်သည်။

'အခုဘယ်မှာလဲ ကမ္ဘာ ပြဿနာမရှာနဲ့နော် ပြောထားပြီးပြီ ရည့်ကိုဒုက္ခရောက်အောင်လာမလုပ်နဲ့'

'ရည့် ကိုအရမ်းချစ်တယ်၊ ယုံလားကောင်မလေးတစ်ယောက် အမှန်းမိုးတာခံရတာ မင်းကပထမပဲ'

'နင်ဘယ်မှာလဲ ကမ္ဘာ'

'Hotel မှာ'

'ဘယ် Hotel မှာလဲဟဲ့'

'ရည် လာမလို့လား'

'မလာပါဘူး… ဘာဖြစ်လို့လာရမှာလဲ နင်က ငါ့ကို အထင်တော်တော်သေးပါလား'



www.burmeseclassic.com

www.burmeseclassic.com



'မသေးပါဘူး ရှည် ချစ်တယ်... အရမ်းချစ်တယ် ကိုယ့်နှလုံးသားထဲမှာ စူးနစ်နေအောင်ချစ်တာပါ'

'တော်ပြီ'

'ကိုယ်နဲ့ဖုန်းပြောပေးတဲ့အတွက် ကိုယ် ကျေနပ်တယ်။ အန်တီညို့ အတင်းအကြပ်ပြောနိုင်းလို့မဟုတ်လား သွန်းရွှေရည်'

'ဟုတ်တယ် ငါက အရက်သမားကို အရမ်းမုန်းတယ်'

'ဟား... ဟား... ဟား...'

'ဘာရယ်တာလဲ နင့်အသက်ဘယ်လောက်ရှိသေးလို့ အရက်သမားကြီးဖြစ်နေရတာလဲကမ္ဘာ'

'အရက်သမားကြီးတော့ မဟုတ်ပါဘူးကွာ ကိုယ်က အကောင်းစားအရက်တွေသောက်တာပါ၊ သိန်းဂုဏ်ရှိတာပါ'

'ဘာ... ဟွန်း... အထင်ကြီးမယ်ထင်နေလို့လား။ ဘယ်လောက်ဈေးကြီးတာပဲသောက်သောက်အရက်သမားက အရက်သမားပဲ'

'ကိုယ် အခုအရမ်းအထီးကျန်နေတယ်။ မေမေ့ရှေ့ မသွားရဲလို့ပါ မင်းကို အပြစ်တင်တာမျိုး လုံးဝလက်မခံနိုင်ဘူး။ ကိုယ်ချစ်တဲ့ မိန်းကလေးကို အဓိပ္ပာယ်ပေးတာပါ... ဝေါ့... အွေ'

'ကမ္ဘာ'





'ဝေါ့... ဝေါ့'

'ဟဲ့... ကမ္ဘာ နင်အရမ်း သောက်ထားတာလား နင်ဘယ်မှာလဲ'

'မင်းလာမလို့လား... ဝေါ့... ဝေါ့ စိတ်မပူပါနဲ့ ရှည်ရယ် ...ယ် သေသွားလည်း မင်း အတွက်လမ်းကြောင်း ရှင်းသွားတာပေါ့ ...ဟုတ်ဘူးလား'

'နင် ဘယ်ဟိုတယ်မှာလဲ ပြော ငါလာမယ်'

'မင်း အဲ့ဒီတွေ ပြောနေတာပါ၊ မေမေ့ဆီအကြောင်းကြားမှာ ...ဟုတ်လား၊ မသိချင်ပါနဲ့တော့'

'ပြောပါ ကမ္ဘာရယ် ဒုက္ခပါပဲ နင်တစ်ခုခုဖြစ်သွားရင် ငါ့ ...င်းပေါ်ပဲကျမှာ အခုတောင် ဒေါ်လေးညို့ ကတူမအဖြစ်ကနေ ...သွတ်နေပြီ'

'ကိုယ့်ကြောင့်လား'

'ကျေးဇူးပြုပြီး အရက်တွေ ဆက်မသောက်ပါနဲ့တော့ ...င်းပန်ပါတယ်ဟယ်။ နင် ဘယ်မှာရှိနေလဲပြောပါ။'

'မပြောဘူး ရှည် မင်းကိုတွေ့ချင်တယ် ကိုယ်အခုပဲလာခဲ့မယ်'

'မလာပါနဲ့တောင်းပန်ပါတယ် ကမ္ဘာရယ်၊ ပြောပါ နင် ...တဲ့ Hotel ကိုပြောစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… နင်ကငါ့အတွက်ပူတတ်သားပဲ ရည် ပျော်တယ်ဟာ မလာပါနဲ့၊ ငါအရက်သောက်တာကိုရပ်ပစ်လိုက်ပြီ နင်အနားယူတော့နော်'

'ကမ္ဘာ'

'ပြော'

'နင်အန့်ထားလား'

'အင်း'

'သန့်ရှင်းရေးသမားတွေ ခေါ်လိုက်လေ'

'ကမ္ဘာ့ အတွက်စိတ်မပူပါနဲ့ ရည် ရယ်အိပ်တော့နော်'

သူ့ဘက်ကဖုန်းပိတ်သွားသည် လူဆိုး… တော်တော်ဒုက္ခ ပေးတယ်။

ရည် ကသူ့ကိုချစ်လို့တော့မဟုတ်ပါဘူး။ စိတ်တော့ပူတယ် အန့်တီမ သိရင်ဘယ်လောက်များစိတ်သောကရောက်ရမလဲ။ သားကို အရမ်း ချစ်လွန်းသည်။

သူ… ဘယ်လိုဖြစ်နေမလဲ အန့်နေလိုက်တာ ဒေါ်လေးညို ကြောင့်ပါ ရည်လေး ကိုတူမအဖြစ်ကတောင်စွန့်လွှတ်ဖို့ လုပ်နေ၏ မဖြစ်သေးပါဘူး ဒေါ်လေးညို စကားကိုလည်း နားထောင်ရမည်။

မိခင်တစ်ယောက်ကဲ့သို့ပင်ရှာဖွေကျွေးမွေးခဲ့သည်။ ညကအိပ် မပျော် မနက်မိုးလင်းတော့ ဒေါ်လေးညိုလာနှိုးမှနိုးသည်။





'ဟင်… ဒေါ်လေးညို ကတာကယ်ပဲ ရည်လေးကိုထားခဲ့ တော့မှာလားဟင်'

'ထားခဲ့မယ် ညည်းက ကျုပ်စကားကိုနားမှမထောင်တာကျုပ် မျက်နှာကိုလည်း မထောက်မထား ကျုပ် မိတ်ဆွေတွေအပေါ်လည်း ရက်စက်တယ်'

'ကမ္ဘာ ပြဿနာရှာတာတော့ ဒေါ်လေးညိုက မပြောတော့ ဘူးလား'

'ကမ္ဘာလေး လုပ်သမျှ ညည်း ကိုချစ်လို့ပဲဟာ သူဌေးသား တစ်ယောက်က ညည်း အပေါ် လိုက်လိုက်လျောလျောဆက်ဆံတာ အဖြစ်လား'

'သူပေးတာတွေလက်ခံနေရင် ရည့် ကိုအထင်သေးကြမယ် လေ'

'ဘာအထင်သေးစရာရှိလဲ ညည်းနဲ့လက်ထပ်ဖို့လူကြီးတွေက သဘောတူထားတာပဲဟာ'

'ဒေါ်လေးမသိပါဘူး'

'အေးလေ ငါမသိဘူးပဲထားပါ။ညည်းပဲသိတယ်မဟုတ်လား ညည်း ကောင်းပြီလေ ကျုပ် လိုအဒေါ်တစ်ယောက်ကို အဒေါ်အဖြစ်က မှ စွန့်လွှတ်လိုက်ပါတော့'



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်လေးကို ရည်က ဘယ်လိုလုပ်ပြီး အဒေါ်အဖြစ်စွန့်လွှတ်ရမှာလဲ မစွန့်လွှတ်ပါဘူး။ ဒေါ်လေးက ရည့် ကျေးဇူးရှင်ပဲ အမေဆိုလည်းမမှားပါဘူး'

'ညည်း ကသာ ကျူပ်ကို အမေအဖြစ် သတ်မှတ်ရင် ကျူပ်စကားကို ဆန့်ကျင်နေပါ့မလား…'

'ဒေါ်လေးညိုရယ် ရည့်ကိုတော့ထားပြီး ဘယ်မှမသွားပါနဲ့နော်..'

ဒေါ်လေးညိုကိုဖက်တွယ်ပြီး ရည် တောင်းပန်ရသည်။ရည့်အတွက် မိခင်နှင့်မခြားစောင့်ရှောက်ခဲ့တဲ့ ဒေါ်လေးညိုက တူမအဖြစ်စွန့်လွှတ်တာကိုတော့ ရည်လက်မခံနိုင်။

ဒေါ်လေးညိုစိတ်ချမ်းသာအောင် ကမ္ဘာနှင့်အဆင်ပြေအောင်ဆက်ဆံပါ့မည်ဟု ပြောလိုက်ရသည်။

'ဒေါ်လေးညိုက တူမလေးဘဝအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးနေတာပါကွယ်။ အတင်းအကြပ်လည်း လင်ဆိုးတစ်ယောက်နဲ့လက်ထပ်ပေးမှာမဟုတ်ပါဘူး။ အချိန်ပေးထားသေးတာပဲ တူမလေးနှစ်သက်တဲ့လူကလူကောင်းဆိုရင်ဒေါ်လေးညိုဘယ်သူ့မှအားမနာဘူး။ မကလည်းသူ့သားကိုပြုပြင်ပေးစေချင်တာပါ'

'ကမ္ဘာ ကသမီးပြုပြင်လို့ရမယ်ထင်နေလား'





'ကြိုးစားကြည့်လို့မှ တူမလေး မနှစ်သက်ဘူးဆိုရင် ဒေါ်လေးညို ငြင်းပစ်မယ်၊ ကိုယ့်တူမလေးအကျိုး စီးပွားအတွက်ပဲ ဒေါ်လေးကြည့်မှာပါကွယ်'

'ရည် တောင်းပန်ပါတယ် ဒေါ်လေးညိုရယ် ကမ္ဘာက လူဆိုးဖြစ်လို့ပါ'

ဒေါ်လေးညို ဆန္ဒတွေကိုလည်း သူမ လိုက်နာသင့်သည်ဟုဆင်သည်။ ကမ္ဘာ လူဆိုး နှင်အခုဘာတွေဖြစ်နေလဲ၊ စိတ်တော့ပူသည်။

❒



www.burmeseclassic.com

www.burmeseclassic.com

## (၈)

သွန်းရွှေရည် သင်တန်းကိုမလာတော့မှာ သေချာနေ၏။ သ
စိတ်မကောင်းဖြစ်နေသည်။ သူ့ကြောင့်ပဲ မိန်းကလေးတစ်ယောက်
ဒီလောက်အထိ မနိုင်ကွပ်သင့်ဘူးဟုလည်း ထင်မိ၏။

သင်တန်းမှာ တပည့်တွေအားလုံး သခ်ကို မော့မကြည့်ရဲ
ကြိုးကြိုးစားစား စူးစူးစိုက်စိုက်သင်ကြားလာကြသည်။ အကျိုး
ရှိပါရဲ့။

ခက်နေတာကသူ့ ရင်ထဲမှာ ထိနိုက်နာကျင်နေရ၏။
အရမ်းရှက်သွားပြီထင်တယ် သွန်းရွှေရည်။ သူရော စည်းကမ်း
မှာ အမြဲတမ်းတင်းကျပ်ခဲ့တဲ့လူက စည်းကမ်းမဲ့တဲ့ ကောင်
တစ်ယောက်အတွက် စိတ်ဆိုးနိုက်နေသည်။

'သခ်'





'ဟင်'

'ကြည့်စမ်း သခ် သင်တဲ့အတန်းကနာမည် အရမ်းရတာပဲ၊
ည်းကမ်းရှိတယ် ငြိမ်သက်နေတာပဲ။ ဟိုကောင်မလေး မလာတော့ဘူး
ဟုတ်လား နမ္မနာပဲလေ'

လွှန်း ပြောနေတဲ့စကားတွေကမှန်နေပေမဲ့ သခ် မထောက်ခံမိ။
ွန်းရွှေရည် ဘာတွေဖြစ်နေပြီလဲ။ သူငယ်စဉ်လေးတည်းက ယခုအချိန်
ထိ စည်းစနစ်နှင့်ကြီးပြင်းလာရပြီး ကြိုးစားခဲ့သူဖြစ်၏။ စည်းကမ်း
ာက်ဖျက်သူကို အထင်သေးတတ်သည်။ ဒေါသလည်း အရမ်း
ြစ်တတ်၏။

ဒါပေမဲ့ သွန်းရွှေရည်နှင့်ကျမှ လွှန်း ပြောနေတာကိုပင်
နှစ်သက်မိ။ သူ သဘောကျနှစ်သက်ခဲ့တာက လွှန်းခင်ခင်ပဲ
က်ထပ်ဖို့အထိ ရည်ရွယ်ထားသူ၊ လွှန်းကလည်းအရမ်းကြိုးစားသူ
ည်းကမ်းကြီးသူ အရာအားလုံးပြည့်စုံနေအောင်နေထိုင်တတ်သူ
သည်။

'လွှန်းကတော့လေ သခ်ကိုနှစ်သက်တယ်၊ဘာဖြစ်လို့လည်း
ား စည်းစနစ်ကြီးလို့ ဟိုကောင်မလေးကို သခ် နိုပ်ကွပ်လိုက်တာ
သဘောကျတယ်။ ဘယ်လိုဟာမလေးလည်း မသိဘူး သခ်ရယ်
ာန့်တန့် ပျံတန်တန်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



လွှန်း ပြောနေတာတွေကိုရပ်တန့်ပစ်ရန် သူ့စိတ်ထဲမှာတားဆီး ပစ်ချင်သည်။ သွန်းရွှေရည် မျက်ဝန်းလေးတွေက ရှိုးသားတယ်၊ ဖြူစင်တယ်။

လွှန်း သတ်မှတ်ထားသလို ကောင်မလေးမဖြစ်နိုင်ပါဘူး။

ငါ့စိတ်တွေကထူးထူးဆန်းဆန်း မင်းဆီကိုပျံလွင့်နေတယ်ကွား တကယ်ဆို မင်းပုံစံကိုငါလုံးဝမနှစ်သက်ပါဘူး အထင်သေးတယ်၊ မင်းက မပြည့်စုံတဲ့ကောင်မလေးတစ်ယောက်ဆိုတာငါသိတယ်၊ ကြိုးစားစေချင်တာပါ မင်းအကျင့်စရိုက်တွေကို ငါပြုပြင်ပေးချင်တယ်။

သူသင်တန်းပြီးတော့ လွှန်းအားအကြောင်းတစ်ခုပြပြီး ထားခဲ့ ကာ ရွှေတိဂုံရင်ပြင်တော် သောကြာထောင့်ကို တစ်ယောက်တည်းထွက် လာခဲ့သည်။

'မင်းနဲ့ငါနေ့ချင်းလာတူနေတယ် သွန်းရွှေရည်၊ ငါမင်းကို တွေ့ချင်နေတယ်'

သောကြာထောင့်ရောက်တော့ သူ့ မျက်ဝန်းတွေပြာဝေသွား သည်။ ကောင်မလေး ရှိနေ၏။ တိုင်လုံးကြီးကိုမှီကာ စာအုပ်ဖတ်နေတဲ့ ကောင်မလေး သူဝင်ထိုင်လိုက်သည်။

'ဟင်… ဆရာ'

'မင်း ရှိနေတာကိုး'





'ဟုတ်'

'မင်း ဘာဖြစ်လို့ သင်တန်းကနေထွက်ရတာလဲ'

'ရပါတယ် ဆရာ ရည့်လိုမိန်းကလေးမျိုးက ဒီသင်တန်းမှာ ဆက်မရှိသင့်ပါဘူး'

သွန်းရွှေရည် လက်မှာ စိန်လက်စွပ်ဝတ်ထားတာကို သခ် နှစ်သက်မိ မင်းဘယ်ကနေရတာလဲ၊ ယခင်ကသူသတိထားမိတဲ့ သွန်းရွှေရည်က ချို့ချို့တဲ့တဲ့ကောင်မလေးပဲ၊ ဒီကြားထဲလက်ကိုင်ဖုန်း အသံမြည်လာ၍ သူမ ကထုတ်ပြီးနားထောင်သည်။

'ပြောလေ ကမ္ဘာ နင်ဘယ်မှာလဲ အိမ်မပြန်သေးဘူးလားဟင် ရာ Hotel မှာပဲလား'

ကမ္ဘာတဲ့။ ဘယ်သူလဲ မင်းအခြေအနေက တစ်နေ့တခြား သင်မှတ်လောက်အောင်တိုးတက်လာနေတယ်။ ကမ္ဘာဆိုတာ မင်းကို ထောက်ပံ့ပေးကမ်းနေတာလား။ သူ့အတွေးတွေရှုပ်ထွေးနေသည်။

'နင်အိမ်ပြန်သင့်ပြီ ကမ္ဘာ အန်တီမ စိတ်ပူနေမယ်၊ ရည်လည်း စိတ်ပူနေတယ် ပြန်နော်'

ကမ္ဘာက ပြဿနာကောင် လူဆိုး Hotel မှာတစ်ပတ်နေမှာတဲ့ သူ့ဆီရာကြောင့်တဲ့ ဆရာသခ် ရှိနေ၍ပြောချင်တာတွေမပြောဖြစ် ရနေထဲမှာတကယ်ပဲ ကမ္ဘာ ကဖုန်းဆက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကမ္ဘာ ရှိတဲ့နေရာကို ရည်ရောက်လာရင် ကမ္ဘာ အရမ်းလန်းသွားမယ်။ ဘယ်လိုလဲချစ် လာပါလား'

'တော်ပြီ'

'နေပါဦး… မင်းနဲ့စကားတွေအကြာကြီးပြောချင်လို့ဖုန်းဆေ ထားတာလေ… လူလာမှာနော် ရည်'

ရည် စိတ်ညစ်လာသည် ဒေါ်လေးညိုကြောင့်ပါ သူမအထင် တကြီးနှင့်ရင်ခုန်ရတာက ဆရာသခ် သူမနှင့်ရင်းနှီးဖို့အကြောင်းတွေ လာ၏။ ရည် ရင်တွေခုန်နေတယ် ကမ္ဘာ တော်တော်အနေခက်အယှက် ပေးသည်။ တစ်နေကုန်တော့ဖုန်းမဆက်ဘူး မုန်းလိုက်တာ… ကမ္ဘာ စကားတွေကြာရှည်စွာပြောနေ၍ ဒေါသဖြစ်ရသည်။

'ဒါပဲနော် ကမ္ဘာ၊ ငါ့မှာအလုပ်ကိစ္စတွေရှိသေးတယ်'

'ကမ္ဘာ ထက်အရေးကြီးတဲ့ကိစ္စမရှိစေရဘူး ရည် ထားလိုက်'

သူမဘယ်လိုလုပ်ရမလဲ ဆရာ့ကိုလည်းအားနာတယ်။ဖုန်း ပိတ်ပစ်လိုက်ရင် ကောင်းမလား… ဘာတွေပြောနေမှန်းလည်းမသိဘူး အရည်မရအဖတ်မရ စိတ်မရှည်တော့သဖြင့် ဖုန်းကိုပိတ်ပစ်လိုက်သည်

'ပြောလေ သွန်းရွှေရည် ဆရာ့ကိုအားမနာပါနဲ့၊ ဆရာကဒီလို ညစဉ်ထိုင်တယ်လေ'

'မမလွန်းမပါဘူးလား ဟင်'





'မပါဘူး'

'ရည် ကလဲအမြဲတမ်းလာထိုင်တယ်၊ စိတ်ရှုပ်တွေးတဲ့အခါ တွေပေါ့နော်။ သင်တန်းကထွက်လိုက်ရတော့ နည်းနည်းလေးရှက်နေ တယ်၊ မျက်နှာပူနေတယ် ရည့် အမှားလေ'

'မင်း နောက်ထပ် သင်တန်းတစ်ခုခု တက်လေ ပညာဒါန တွေရှိတာပဲ'

'တော်ပါပြီ ဆရာ လောလောဆယ်တော့ ရည် ဒီလိုပဲလေနေ တော့မယ်'

ကမ္ဘာ ဆိုတဲ့ကောင်လေးက ဘယ်သူလဲ ဟုမေးချင်သည်။ မေးပစ်ချင်။ သူကလူတစ်ယောက်ရဲ့ကိုယ်ပိုင်အခွင့်အရေးကိုလေးစားသူ။

သွန်းရွှေရည်က လွန်း ပြောသလိုသိက္ခာမရှိတဲ့ ကောင်မလေး လားပဲ၊ ဒါပေမဲ့ သွန်းရွှေရည်က အရမ်းချောသည်။

သခ်လိုကောင်မျိုးတောင် စွဲလန်းနှစ်သက်မိနေ၏ ကောင်မ လေးမျက်နှာလေးကို ကြည့်မိသည်။

'မမလွန်းက အားကျစရာကောင်းတယ်နော် ဆရာ၊ ရည် လေးစားတယ်၊ အဟဲ… ရည်က ညံ့ဖျင်းပါတယ်'

'သွန်းရွှေရည်'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာလုပ်ဖို့ရည်ရွယ်ထားလဲ'

'၂ '

'ခြော်'

သွန်းရွှေရည်ရဲ့ ရည်ရွယ်ချက်တွေ ပြိုပျက်ပျောက်ဆုံးသွားမှာတော့ သစ် မလိုလားပေ ဘယ်လိုကူညီရမလဲ။ မင်း အကြောင်းတွေ သိချင်တယ် ကမ္ဘာ ဆိုတာကရော သိချင်စိတ်တွေများနေသည်။

'မင်းကို ဆရာ သီးသန့်ကူညီချင်တယ် ဆိုရင်ရော သွန်းရွှေရည်'

'ရည်လို့ပဲခေါ်ပါ ဆရာ'

ဆရာက သူမ အလိုဆန္ဒတွေကိုလိုက်လျှောပေးမယ်ဆိုတော့ သူမ အတိုင်းအဆမရှိပျော်သွားသည်။

ဒေါ်လေးညိုက ပြောထားတာပဲ။ ရည်လေး ချစ်တဲ့သူကို တွေ့ရင်ပြောတဲ့ သင့်တော်မယ်ဆိုရင် သဘောတူမယ်တဲ့၊ ကမ္ဘာကိုလက်ထပ်ဖို့မလိုဘူးတဲ့ ရည် တက်ကြွသွားသည်။

'ဆရာက ရည့် ကိုဘယ်လိုကူညီပေးနိုင်မလဲဟင်'

'သင်ပေးမယ်၊ မင်းကို လေ့ကျင့်ပေးမယ် မင်း အိမ်ကိုလာရမလား'

'ရှင်'





'ရိုးရိုးသားသားနော် ရည် ဆရာ စိတ်မကောင်းဘူးကွာ မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ မနှိပ်ကွပ်သင့်ဘူးထင်လို့'

'ကျေးဇူးတင်ပါတယ် ဆရာ၊ အိမ်ကိုလာဖို့ ဒေါ်လေးညိုကို [illegible]ရမယ်။ တစ်ယောက်တည်း သီးသန့်ဆိုရင်'

'ငွေကြေးလား... '

'ဟုတ်ကဲ့ ဉာဏ်ပူဇော်ခလေ'

'အခမဲ့'

'ရှင်'

'ဆရာ ကူညီတာပါ၊ မင်း အတွက်တုံ့ပြန်ပေးဆပ်တာပါ'

'ဆရာမှမမှားတာပဲ'

'ကိုယ် တာဝန်ယူချင်တယ်'

'ကျေးဇူးပါပဲ ဆရာရယ်၊ ရည် အရမ်းဝမ်းသာတာပဲ ကြိုးစားသင်ပါ့မယ် ဆရာ'

ဆရာက ဘာသဘောလဲ၊ရိုးရိုးသားသား ရည့်ကိုသင်ပေးတာ[illegible]ည်းဖြစ်နိုင်သည်။ ရည်နှင်စိတ်ကူးမယဉ်စမ်းနဲ့ ဆရာသစ်ကဘယ်လို [illegible]လဲ နင် သိတယ်မဟုတ်လား။ သင်တန်းသူတွေနှင့် အရောတဝင် [illegible]ခဲ့ မျက်နှာထားကတင်း၏။

ပြီးတော့လည်း ဆရာ့ အနားမှာအရာ ရာပြည့်စုံနေတဲ့ မမ[illegible]းတာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သွန်းရွှေရည်'

'ရှင်'

'မင်းမိဘတွေကချမ်းသာလား'

'ရှင်'

'သြော်… ဆရာက မင်းကိုကူညီတာပါ၊ တကယ်လို့ မင်းအ
ဝိုက်ဆံတတ်နိုင်တဲ့သူဆိုရင် မင်း ဘယ်သင်တန်းမဆို တတ်နိုင်တာပဲ'

'ရည်တို့ကဆင်းရဲပါတယ် ဆရာ အဲ'

ဆင်းရဲတယ်ဆိုပြီး ရည်က စိန်လက်စွပ်နဲ့ ဟန်းဖုန်းနဲ့ မျက်နှာ
ပူလိုက်တာ။ အဲ့ဒါကြောင့်ပြောတာပေါ့ ဒီစိန်လက်စွပ်နဲ့ ဟန်းဖုန်းကို
မကိုင်ချင်ပါဘူးဆို ဆရာက သူမအားစူးကနဲ တစ်ချက်ကြည့်ပြီးဘုရား
ဘက်သို့အကြည့်ကိုပြန်လွှဲပစ်သည်။

'ဆရာ အကူအညီကိုလိုအပ်ပါတယ်သင်ပေးပါနော်၊ ဆရာ့
အသင်အပြအရမ်းကောင်းပါတယ်။ စည်းစနစ်လည်းကျပါတယ်၊ ရည့်
ကိုသင်ကြားပေးပါ'

'ကောင်းပြီလေ မင်းနဲ့ ညှိကြမယ်၊ မင်းက…ငါ့အတွေး
ထိနိုက်နစ်နာသွားတယ်ထင်လို့'

'ဟုတ်ကဲ့ ကျေးဇူးပါပဲ ဆရာ'

အရမ်းပျော်လိုက်တာ သူမ မျော်လင့်ချက်တွေလင်းလာ





တောက်ပသွားသည်။ ဆရာ ဘာမှားလို့လဲ ရည့် ဘက်ကစည်းကမ်း
ဖောက်တာ၊ ဆရာ့ဘက်ကနေ တစ်ထစ်လျှော့ပစ်လိုက်၍ ရည် အားတက်
သွားရ၏။

ဒီညချမ်းလေးကအေးချမ်းကြည်နူးဖွယ်လေးဖြစ်နေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

## (၉)

မင်း ကိုငါစိတ်ဝင်စားနေပြီလားမသိဘူးကွာ သွန်းရွှေရည်ရယ် သန်း စိတ်တွေတည်ငြိမ်မှုကင်းမဲ့လာသည်။

ဒီလိုကောင်မလေးမျိုးကို ဘယ်တုန်းကများ အထင်ကြီးလို့လည်း၊ စိတ်မဝင်စားခဲ့ ဒါပေမဲ့လည်း မထင်မှတ်တဲ့ သွန်းရွှေရည်အပေါ် စိတ်ဝင်စားနေ၏။

ကောင်မလေးက သူ့ ကိုယ်သူဆင်းရဲသူပါဟုပြောပြီး ဘာဖြစ်လို့ တန်ဖိုးကြီးပစ္စည်းတွေ သုံးနေနိုင်တာလဲ စိတ်ရှုပ်တယ်။ သူက ဒီလိုကောင်မလေးမျိုးကို မရွေးချယ်သင့်ဘူး။

လွှန်းက သူ့ဘဝအတွက်အတင့်တယ်ဆုံးအိမ်ထောင်ဖက်ပါ။ သွန်းရွှေရည်ကိုစိတ်မဝင်စားသင့်ဘူး၊ သန်း ရွေးချယ်ရမှာက လွှန်းပါ သွန်းရွှေရည်ကိုတော့ သူ့ကတိအတိုင်း စာသင်ပေးဖို့ ဆုံးဖြတ်ထားသည်။





'သွန်းရွှေရည်'

'ရှင် ဆရာ'

'ဆရာ လာခဲ့ရမလား၊ ဘယ်ကို လာခဲ့ရမလဲ'

'ရှည် သင်တန်းမှာပဲ ပြန်လာတက်ပါ့မယ်'

'ဘာဖြစ်လို့လဲကွ'

'ဆရာ့ကိုဒုက္ခမပေးချင်လို့ပါ၊ ရှည်ပဲပြန်လာတက်ပါ့မယ်။ ်မပူပါနဲ့ဆရာ၊ ရှည် မျက်နှာပူနေတာ နည်းနည်းသက်သာနေပါပြီ'

'ဆရာ့ကိုအားမနာနဲ့နော်'

'ကျေးဇူးပါပဲ ဆရာ'

သွန်းရွှေရည် ညကတော့တက်တက်ကြွကြွနှင့်အိမ်လာသင် ါပြောပြီး မနက်ကျတော့ပြောင်းသွားသည်။ဖုန်းထဲမှာကောင်မလေး ်ကတောင်းပန်ခယနေ၏။ မင်း မှာတစ်စုံတစ်ခုအကြောင်းအရာတွေ နိုင်တယ် သွန်းရွှေရည် ကမ္ဘာဆိုတာလား။ သူဘာမှမပြောတော့ ်ရွှေရည် သင်တန်းကိုပြန်တက်မယ်ဆိုရင်လည်း ပြီးတာပါပဲ သူ့ ်တွေလေးနေသည်။

'သန်း'

'ဟင်'

'ဒီနေ့ သင်တန်းမရှိဘူးမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

'အပြင်သွားမယ်'

'ဒီနေ့ကိုယ်အနားယူချင်နေတယ် လွန်း'

'ဘာဖြစ်လို့လဲ သခ် နေမကောင်းဘူးလား'

'ကိုယ့် စိတ်တွေပင်ပန်းနေသလိုပဲ လွန်း'

'စမ်းကြည့်မယ်နော်'

'ရပါတယ်ကွာ'

လွန်းက သူ့နဖူးကို တယုတယစမ်းသပ်နေသည်။ တကယ်တော့ သခ် အသက်အရွယ်နှင့် လွန်း ကအသင့်တော်ဆုံးပဲ၊ မင်းကငါ့ ခေါင်းရှုပ်အောင်လာလုပ်နေတဲ့ ကောင်မလေးပဲ။ သူနေမကောင်းသည် ကြီးဖြစ်နေ၏။ လွန်းက သူ့ကိုပြုစုသည်။

'သခ် ဘာဖြစ်နေတာလဲ'

'.... .... ....'

'အခုတလော သခ် မျက်နှာမလန်းဘူး၊ စာသင်တာတော လေသံကပျော့နေတယ်'

'ဟုတ်တယ် လွန်း... ကိုယ်အရမ်းမောတယ် ထင်ထားတ အခုတလောပျော့နေတယ်'

'ဘာကြောင့်လဲ'





'လူဆိုတာသဘာဝပဲလေ လွန်း'

'ဟိုကောင်မလေးကြောင့်လား... '

'ဟာ... မဟုတ်တာကွာ၊ အင်း... တစ်ခုတော့ရှိတယ် ယ်မှားသွားပြီလားလို့ ထင်နေတာ'

'မမှားပါဘူး... စည်းကမ်းပျက်တာအရေးယူရမှာပဲပညာဒါန အထင်သေးတာ'

သူမကတော့ သခ်တစ်ယောက် ဟိုကောင်မလေးဆီ နည်း လေး စိတ်တွေတိမ်းညွတ်နေပြီဆိုတာသိသည်။ သခ် အရင်လိုမှ တ်တော့တာ။

သူမကတော့ သခ်ကိုလုံးဝလက်လွှတ်မခံနိုင်ပေ။

သွန်းရွှေရည် ညည်း... ဘယ်လိုကောင်မလေးမျိုးလဲ သခ် တွေ လွန်းဆီပြန်၍ သိမ်းသွင်းစည်းရုံးနိုင်ရန်ကြိုးစားရမည်။ သခ်နှင့် ကာ အမြဲတမ်းခင်မင်ရင်းနှီးသူတွေဖြစ်သည်။

'သခ် နည်းနည်းလေးကိုယ်တွေပူနေတယ်၊ ကော်ဖီဖျော်ပေး နော် သောက်မယ်၊ သခ်နော် ကိုယ့်ရဲ့စိတ်တွေကိုလျှော့မပစ်နဲ့ ာင်မလေးကအလကားပါ အထင်မကြီးနဲ့စည်းကမ်းပျက်မလေး'

'သွန်းရွှေရည် သင်တန်းပြန်တက်လိမ့်မယ် လွန်း'

'ဘာ... သခ် ကိုပြောလို့လား'

www.burmeseclassic.com



'အင်း... ပြန်တက်မယ်တဲ့ ကိုယ် လက်ခံလိုက်တာ
သင်တန်းသူတစ်ယောက်ကို ကိုယ့်ကြောင့်စိတ်ပျက်ခြင်းတာမျိုး
မဖြစ်စေချင်တာပါ'

'သခ် နော်ရှင့်ဂုဏ်သိက္ခာတွေဝန်ဖိုးမရှိတဲ့မိန်းမတစ်ယော
အတွက်'

'ကိုယ် တို့အပြင်သွားရအောင် စိတ်ပေါ့ပါးသွားအောင်'

သွန်းရွှေရည် အကြောင်းတွေပြောနေတာကို သူ နားမထော
ချင်တော့ အပြင်ထွက်ဖို့ပဲပြောလိုက်သည်။ သွန်းရွှေရည် ကိုသူဘာ
လို့များစိတ်ဝင်တစားဖြစ်နေရတာလဲ။ လွန်း ဆီကိုပဲသူ့စိတ်တွေ
သင့်၏။

ဒီကောင်မလေးတိုမွဲ့မေ့ပစ်ရမယ်။ သူနဲ့ မလိုက်မလွတ်ဘူး လွ
နှင့် အပြင်ထွက်သည်။

'သခ်'

'အင်း'

'မနက်ဖြန်ထမင်း ဘယ်မှာစားမလဲ'

'လွန်း သဘောပဲလေ'

လွန်း ဦးခေါင်းရာနောက်သို့သူလိုက်သည်။ ထမင်းဆိုင်
ဝင်လိုက်တော့ သူမျက်လုံးပြူးသွားသည်။





ချောင်ကျကျစားပွဲမှာ ထိုင်နေသည့်စုံတွဲက သွန်းရွှေရည်
နှင့်ကောင်လေးတစ်ယောက် အရမ်းသားနားတဲ့ကောင်လေးက ကမ္ဘာ
ဆိုတာလား၊ သူတို့ဝင်ထိုင်သည်။

'သခ် တွေ့လား'

'အင်း'

'ကောင်လေးက တော ထင်တယ်'

'ဖြစ်နိုင်တာပဲ'

'ဒါကြောင့် ဒီကောင်မလေးလန်းနေတာပဲ၊ အတည်တော့မဖြစ်
ဘူးထင်တယ်'

'ဒီကောင်မလေးအကြောင်း မပြောပါနဲ့ကွာ'

သွန်းရွှေရည် ကလည်းသူတို့စုံတွဲကိုမြင်တော့မျက်လုံးပြူးပြူး
နှင့်မော့ကြည့်သည်။ သခ် စိတ်တွေမလုံ့ ဒီကောင်မလေးကိုရှင်းပြ
ချင်နေ၏။ အထင်မလွဲပါနဲ့ သွန်းရွှေရည် ကိုယ်တို့က မိတ်ဆွေတွေပါ
ပဲ လွန်း နဲ့သူကမိတ်ဆွေတွေလား ကမ္ဘာ ဆိုတဲ့ကောင်လေးကလည်း
ပါသည်။ သူ့ စိတ်ကိုအတတ်နိုင်ဆုံးထိန်းချုပ်ပစ်လိုက်သည်။ ထမင်း
စားနေသည်။

ရည်

ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလူကို သိလား'

'သင်တန်းက ဆရာပါ'

'သူ့ရည်းစားလား'

'အင်း'

'ဆရာက ချောလှချည်လား၊ မင်းသဘောကျတဲ့ ယောကျ်ား ဆိုတာ ဒီဆရာလိုစံလား'

'ထမင်းစားစမ်းပါ ပေါက်ကရတွေလျှောက်ပြောမနေနဲ့'

ဆရာက အတွဲနဲ့၊ မမလွန်းနဲ့အရမ်းတွဲတာပဲ ချစ်သူတွေလား [illegible] ရည့် ကိုရိုးရိုးသားသားပါ၊ မိန်းကလေးတစ်ယောက် အရှက်တကွဲ [illegible] သင်တန်းကနေ ထွက်သွားလို့သနားသွားတာပဲ ဖြစ်နိုင်သည်။

'ရည်'

'ဘာလဲ'

'ဘာတွေစဉ်းစားနေတာလဲ'

'ဘာမှ မစဉ်းစားပါဘူး'

'စဉ်းစားပါတယ်၊ ကမ္ဘာ့အကြောင်းတွေလား'

'ဝေးသေးတယ်'

ဒေါ်လေးညိုကြောင့် ကမ္ဘာ ကိုရည်အလိုက်အထိုက်ဆက် [illegible] နေရသည်။စိတ်ထဲကမပါပေ ကမ္ဘာ ကတော့သူမကိုကရုတစိုက်ရှိ [illegible]





[illegible]ပါပေမဲ့လည်း အရမ်းပေတောချင်တဲ့ အကျင့်စရိုက်တွေကို မနှစ်သက်မိ [illegible]ကြည့်လေ ဆရာသစ်နဲ့တခြားစီပဲ နည်းနည်းလေးမှ တည်ငြိမ်မှုမရှိ [illegible]ဘူး။ သူမ နှုတ်ခမ်းလေးက စူပုပ်နေသည်။

'ရည် စားလေ၊ ကိုယ့်အသည်းလေးထည့်ပေးမယ်'

'စားစမ်းပါ'

'မင်းအကြည့်တွေက ဟိုဆရာဆီရောက်နေတယ်ထင်တယ်'

'ဆရာရော… ဆရာမရောက တို့ဆရာတွေလေ'

'ဒါကြောင့်လား'

ကမ္ဘာ ကတော့ ရည်ကသူ့နောက်အသာတကြည့်လိုက်လာ၍ [illegible]သည်။သူ့အိမ်မပြန်ရသေးဘူး ကမ္ဘာ ကHotelမှာတစ်ပတ်လောက် [illegible]

ရည့်ဆီလာတော့ အန်တီညိုက ရည့်ကိုဆွဲထား၍ အလိုက် [illegible] ဆက်ဆံနေတာသိသည်။ ဒါကြောင့် ရည့် ကိုနောက်ပြောင်ချင် [illegible] ရည့် လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

'ကမ္ဘာ ဘာလုပ်တာလဲ'

'လက်လေးကိုတော့ကိုင်ခွင့်ပေးပါ ရည်'

'မရဘူး'

ဆရာ ရှိတယ်ဒုက္ခပါပဲ၊ ရည်ကတော့ ဆရာသစ် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သီသည်။ နန့်တန့်တန့် ပျံ့တန်တန်ကောင်မလေးတွေကိုမှနှစ်သက်အမြင်ကတ်တတ်၏။

ဆရာသခ် အထင်မလွဲအောင်နေချင်ပါတယ်ဆိုမှ ကမ္ဘာနှင်က နည်းနည်းလေးအရေးပေးတာနဲ့ အခွင့်အရေးကယူချင်နေပြီးလက်ကိုင်ရတာနဲ့ ကမ္ဘာ့ကိုမျက်စောင်းထိုးပစ်သည်။

'ကမ္ဘာနော်၊ နှင်နဲ့ငါ ချစ်သူတွေမဟုတ်ဘူး၊ အခွင့်အရေးမယူနဲ့'

'ယူမယ်'

'ဟိုမှာလူတွေနဲ့'

'လူ... လူ'

'နှင်နော်'

'ဟား... ဟား... ဟား...'

'ကမ္ဘာနော်'

'ချစ်'

'သေချင်တာပဲ'

'အသည်းလေး ခွဲပေးမယ်'

'မစားဘူး'

ကမ္ဘာ ဆိုတဲ့လူဆိုးကောင် ဆရာရော မမလွန်းရော သူမတို့

...ကိုလှည့်ထိုင်နေတာပါ။ ဆရာကတော့မကြည့်ပေ၊ မမလွန်းက ...မှာထားတင်းတင်းနှစ်ကြည့်ပြီး ဆရာ့ကိုပြောနေသည်။

'ချစ်ရယ် ကိုယ်ကချစ်လို့ပါ မကြာခင်လက်ထပ်ကြတော့ ...ချစ်သူတွေပဲ ကမ္ဘာ ကိုချစ်တယ်မဟုတ်လား'

'မချစ်ဘူး'

'ဟိုမှာကြည့်စမ်း ခင်ဆရာစုံတွဲကို ကောင်မလေးကအရမ်း ...နေတယ်'

'နှင်နော်'

ဆရာသခ် အား မမလွန်းက တယုတယဟင်းတွေထည့်ပေး ...အိုးတွေအောင်နွှင်ဖေးနေတယ်၊ အမြစ်သဲလိုက်တာ ဆရာကတော့ ...သက်နေသည်။

'ဘဲကြီးကခပ်တည်တည်ပဲ ဒါမှမိန်းမတွေကကြိုက်တာလား'

'ကမ္ဘာ ဘာတွေလျှောက်ပြောနေတာလဲ၊ စကားပြောတာ ...လိုက်တာ ဆရာက အရမ်းတည်တာ စည်းကမ်းလည်းကြီးတယ်။ ...င်အပြလည်းကောင်းတယ်၊ စေတနာလည်းထားတယ်'

'တော်... တော်ပါတော့ ရှည် တင်စားတာတွေကဆုံးမှာ ...တော့ဘူးထင်တယ်၊ မင်းဆရာ့ ချစ်သူကမျက်နှာထားကြီးက ...ဘာက်စရာကြီး'

www.burmeseclassic.com



ဟုတ်တယ် မမလွှန်း ကမျက်နှာထားကြီးတင်းနေတယ်

ကြောက်စရာကြီး၊ ဆရာသခ်က သူမထံ အိမ်အထိစာလာသင်ပေး

ပေမဲ့ ကမ္ဘာကြောင့်မသင်ရဲဘူး။ ဒေါ်လေးညိုကတော့ချစ်သူရှိနေ

ခေါ်လာခဲ့တဲ့ ရည်က ဆရာသခ်ကိုရည်မှန်းထားနေတာပါ။

မဖြစ်နိုင်တော့ပါဘူး။ စိတ်ကုန်လိုက်တာနော်၊ ထမင်း

စားမဝင်တော့။ ကမ္ဘာကတစ်မျိုး မမလွှန်းကလည်း ရည့် ရှေ့မှာ

ယုယကြင်နာတာတွေ လုပ်ပြနေတယ်။ သူတို့တွေကချစ်သူတွေပဲ

စိတ်ခါတ်ကျတယ် ကမ္ဘာကလည်းကြည့်လေ ဟင်းချေ

နွံ့ကျွေးလိုကျွေး ငြင်းရင်လည်း ဒီကောင်က ဖွတ်ကျွေးမှာ လွှ

မုန်းတယ်။ နင့်ကိုလက်ထပ်မယ်များထင်နေလား ဝေးသေးတယ်

ဒေါ်လေးကြောင့်။ သူမ ပြန်ချင်သည်။

'ပြန်ကြရအောင်နော် ကမ္ဘာ'

'ဘာဖြစ်လို့လဲ'

'ဆိုင်ပြောင်းကြရအောင်'

'ဆရာတို့စုံတွဲကြောင့်လား'

'အင်း'

'မင်းလည်းစုံတွဲဖြစ်နေလို့လား… ဘာဆိုင်လဲကွာ ဆရာ

ရှက်ရမှာ'





'မဟုတ်ပါဘူး ဆရာ ကအခုမှလာတာ တို့ကဂါရဝတရားနဲ့

ရှောင်ထွက်ပေးသင့်တယ်လေ ကမ္ဘာ နော် ရည့် စကားကိုနားထောင်ပါ

နားမထောင်ရင် နောက်ဘယ်ကိုမှ မလိုက်တော့ဘူး'

'Ok... Ok ရပြီ ရည်လေး ဆန္ဒအတိုင်းပဲနေပါ… သွားပါ

လာပါ… စားပါ… သောက်ပါ'

'အရူး'

'ဟား… ဟား… ဟား…'

'ဟိုမှာ ဆရာ ရှိတယ် ဟဲ့'

'Sorry'

'သွားမယ်'

မမလွှန်း လုပ်ပြနေတာတွေ၊ မဏ္ဍာပ်တိုင်တက်ပြနေတာတွေကို

မမြင်ချင်ပေ၊ အဖြစ်သဲလိုက်တာ သူမထပြန်ခဲ့သည်။

'ဟဲ့… သွန်းရွှေရည် ပြန်ပြီလား'

'ဟုတ်ကဲ့'

'သူငယ်ချင်းလား'

'ချစ်သူတွေပါ မကြာခင်လက်ထပ်ကြတော့မှာပါ'

ကမ္ဘာက ဝင်ဖြေတာပါ။ ရည်လည်းမတတ်နိုင်တော့ ဆရာ

သခ် မျက်ဝန်းတွေက ရှတ်ချည်းဝင်းတောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]မဟုတ်မှုပါဘူး။ စာရေး [illegible] ရှုကြီးချင်းသာဘောတူထားတာပါ ကံမ္မဒုက္ခကိုမချစ်ပါဘူး။ ရှုဆိုးကောင်းရည်၊ လက်ကိုဆွဲပြီးဆိုင်ထဲက ထွက်သည်။ [illegible]

[illegible]





[illegible]

**(၁၀)**

[illegible]

[illegible] "တွေ့တာ [illegible] သနီ [illegible] ဒီကောင်မလေးအရမ်းကဲတာပဲ [illegible]တင်လေးတရုတ်ထပ်တော့မယ်ထဲ၊ ဒါ့ကြောင့်ရည်းဒီကောင်မလေး [illegible]လွှန်တို့မည့်ဒါနကို မယေးမစားရပ်ပြတာ" [illegible]

သွန်းရွှေရည်ကိုအတွဲနှင့်တွေ့တော့ သနီ့စိတ်တွေလှုပ်လှုပ် [illegible]ကြုံဖြစ်သွားကာ သွန်းရွှေရည်၊ လက်ကိုဆွဲပြီးအပြင်ကိုထွက်သွား[illegible]င်သည်။ သူ့စိတ်ကိုထိန်းချုပ်ထားရ၏။ သွန်းရှိနေလို့။ [illegible] သွန်းရွှေရည်ရော ငါတော့ဘယ်လိုဖြစ်သွားရမှာလဲ မင်းနဲ့ [illegible]မှ ငါ့ရင်တွေလှုပ်ခတ်နေတယ်။ ခုကွာပါပဲကွာ မင်းကလေးကိုထပ်ရ [illegible]ပြီလို့ အလိုလွှန်းပြောသလိုဖြဲချမ်းသာတော့မှာဆိုတို့သင်တန်းကို [illegible]မှမြင်လုပ်တာပဲ။ သနီစိတ်တွေ သွန်းရွှေရည် [illegible] [illegible]နေသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



'သခ်'

'ဟင်'

'ဒီကောင်မလေးမျိုးကို သင်တန်းကနေ ပြတ်ပြတ်သားသား အရေးယူထုတ်ပယ်သင့်တယ်'

'ထားလိုက်ပါကွာ'

'အကျင့်စာရိတ္တမှမကောင်းတာပဲ'

သခ် ရှင့်စိတ်တွေက အဲဒီကောင်မလေးဆီရောက်နေတာ မဟုတ်လား၊ လွှန်း သိနေသည် သခ်က ယခင်ဒီလိုမှမဟုတ်တာပဲ မျက်နှာပေါ်မှာ ညှိုးနွမ်းနေ၏။ သူမဆန္ဒက သခ်ထံမှလက်ထပ်ခွင့် တောင်းခံလာဖို့ပင်။ သေချာပေါက်တောင်းခံလာလိမ့်မည်ဟုလည်း မျှော်လင့်ထားမိသည်။

အခုတလော သခ်အမူအယာတွေပြောင်းလဲနေ၏။ သွန်းရွှေ ရည် သင်တန်းမှထွက်သွားပြီးတဲ့အချိန်မှ စနေသည်။

'သွန်းရွှေရည် လိုကောင်မလေးမျိုးရှိနေရင် တခြားသူတွေပါ အတုမြင်အတတ်သင်လေ'

'အဲဒါ ကိုယ်တို့ကိစ္စမှ မဟုတ်တာပဲ လွှန်း ထားလိုက်ပါကွာ သင်တန်းလည်းပြီးတော့မှာပါ'

သင်တန်းပြီးသွားလျှင် သွန်းရွှေရည် နှင့်တွေ့ခွင့်ရနိုင်ပါတော့





သားဟုမဆိုမဆိုင်တွေးမိသေးသည်။တကယ်ဆိုသူက လွှန်းကိုလက်ထပ် ခွင့်တောင်းသင့်ပါပြီ၊ အကြိမ်ကြိမ်တောင်းဆိုဖို့ကြိုးစားပေမဲ့ မပြော ဖြစ်ခဲ့။

လွှန်းကိုရော သူချစ်လားဆိုတာလဲ တစ်ကြိမ်တစ်ခါမျှပင် ဆွေးစားဘူး သူ လက်ထပ်သင့်တဲ့ မိန်းကလေးတစ်ယောက်အဖြစ်ပဲ တွေးမိခဲ့သည်။

'သခ်ကိုကြည့်ရတာနေမကောင်းသေးဘူးထင်တယ်၊ မျက်နှာ အရှမ်းနွမ်းတယ် ဆေးခန်းသွားပြရအောင်လေ'

'ရတယ် လွှန်း၊ စားပြီးရင်ပြန်ကြရအောင် ကိုယ့်အခန်းမှာပဲပြန် နားနေမယ်။ မနက်ဖြန်မှပဲ တွေ့ကြရအောင်'

သူထသည်။ လွှန်းကသူ့ထက်ပင်သာလွန်ပြီး အရည်အချင်း ပြည့်စုံနေတဲ့မိန်းကလေးပါ။ သူ့စိတ်ကပေါ့ပျက်နေ၏လက်ထပ်ဖို့ ဆိုင်းနေလေးနေသည်။

'တွေဝေမနေစမ်းပါနဲ့ သခ်ရယ်...လွှန်း ကလေပြတ်သားတဲ့ သခ် စိတ်ကိုနှစ်သက်တာပါ။ ဆုံးဖြတ်ချက်မှန်တယ် ဦးနှောက်ရှိတယ်၊ ထက်မြက်တယ်'

'တော်ပါတော့ကွာ'

ယောကျ်ားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းသောကံဇာတ်ကိုသာ ကိုယ့်အတွက်ဘုရားဆုတောင်းသည်။ ဆုံးဖြတ်ရမှာပဲ လွှမ်း ဟိုကောင်မလေးကဆင်းရဲတော့ ချမ်းသာတဲ့ယောက်ျားတစ်ယောက်ကို ရွေးချယ်မှာပဲလေ။

မင်းကချမ်းသာတော့ ကိုယ့်လိုပညာတတ်ကိုပဲ ရွေးချယ်တာ ဖြစ်မှာပါ လွှမ်းရယ်။ ကိုယ့်စိတ်တွေပြောင်းလဲသွားတာပါ ကိုယ်ရွေးချယ် သင့်တာကမင်းပဲလေ လွှမ်းကိုနှုတ်ဆက်ပြီး သူ့အခန်းပဲပြန်ခဲ့သည်။

'နောက်ပြန်ကျမှတွေ့မယ်လေ လွှမ်း'

'သခ်ကိုစိတ်ပူတယ်ကွာ'

'ကိုယ်ဘာမှမဖြစ်ပါဘူး'

'လွှမ်းဖျားလွှမ်းနာကျတော့မဟုတ်ပါဘူးနော် သခ် ဘာကိုပြောတာလဲ လွှမ်း အဓိပ္ပါယ်မရှိတာ ကိုယ့်ဘဝမှာ လွှမ်း ပဲရှိတာပါ'

'သခ်'

'ဟင်'

'လွှမ်းတို့လေ'

လက်ထပ်ကြရအောင်လို့ ပြောဖို့ပြင်ပြီးမှမပြောချင် လွှမ်းက မိန်းကလေးပဲ သခ် ကစရမှာ လွှမ်း စကားကိုရပ်ပစ်လိုက်သည်။

'ပြောလေ လွှမ်း'





'တော်ပါပြီ လွှမ်း ဘာဆက်ပြောချင်လည်းဆိုတာ သခ် ဘာသာစဉ်းစားကြည့်တော့ သွားမယ် ...'

လွှမ်း ပြန်သွားသည်။ သခ် သိနေ၏။ လက်ထပ်ကြ ဖို့ပြောမှာပါ။ လွှမ်းကစပြီးပြောရမှာခက်နေသည်။ ဟုတ်တယ် ကိုယ် ပြောမှာပါ၊ လွှမ်းကိုပဲလက်ထပ်မယ်။ ကိုယ်ပဲပွင့်ပြောမှာပါ။

သူ့အခန်းထဲ ဝင်လာခဲ့၏။ အိပ်ယာပေါ်ပစ်လှဲချသည်။ ကျိန်လှုံးတွေကိုမှိတ်ပစ်တော့ သွန်းရွှေရည်က ပေါ်လာ၏။ မုန်းဆက် ချင်တယ်၊ မင်းဘယ်ရောက်နေလဲ ကောင်မလေးနဲ့လား မနက်ဖြန် သင်တန်းတက်မှာလားဆိုတာ သူ့အသိချင်ဆုံးပင်အိပ်လို့ မရတဲ့အဆုံး သူ့စိတ်တွေကို မထိန်းချုပ်နိုင်စွာ သွန်းရွှေရည်ရဲ့ဖုန်းကို ဆက်မိသည်။

'ဟယ်လို ... ပြောပါ ရှည်ပါ'

'သွန်းရွှေရည်'

'ဟင် ... ဆရာ'

'မင်းအနားမှာဘယ်သူရှိနေလဲ'

'မရှိပါဘူး ဆရာ၊ ရှည် အိမ်မှာပါ၊ ကျွန်မက ပြန်သွားပါပြီ'

'ကျွန်ုပ် ကမင်းနဲ့လက်ထပ်မယ့် ကောင်လေးလား'

'ဟင့်အင်း'

'စောစောက ပြောသွားတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'နောက်တာပါ ကမ္ဘာ ကအဲဒီလိုပဲ ရည့် ကိုစနောက်နေတာပါ'

ဆရာသစ် ဖုန်းဆက်လာတော့ သွန်းရွှေရည် တအံ့တဩနှင့် ပျော်သွားသည်။ ကမ္ဘာ ပြန်သွားပြီ၊ ဒေါ်လေးညို လည်းမရှိဘူး။ ရည် တစ်ယောက်တည်းပဲလွတ်လပ်နေ၏။

ဆရာရယ်ဝမ်းသာလိုက်တာ ရည်လေစိတ်တွေညစ်နေတာ သိလား၊ ဆရာ အထင်များ လွဲနေမလားလို့ ဆရာ ကိုယ်တိုင်လည်း သူမအားစိတ်ဝင်စားနေပြီဖြစ်သည်။

'မင်းက ယောကျ်ားလေးတစ်ယောက်ရဲ့ အစအနောက်ကို အလွယ်တကူလက်ခံနေတာပဲလား သွန်းရွှေရည်'

'ဒေါ်လေးညိုကြောင့်ပါ ကမ္ဘာနဲ့ရည်တို့ပဟ်သက်မှုကအများကြီးရှင်းပြရမှာမို့ပါ။ ဆရာရော ရည့်ဆီဖုန်းဆက်တာဘာကြောင့်လဲဟင်'

'ဩော်… မင်းမနက်ဖြန် သင်တန်းလာမလားသိချင်လို့ပါ၊ မင်းက ငွေကြေးတတ်နိုင်သွားပြီဆိုတော့လေ'

'မဟုတ်ပါဘူး ရည့်ကိုစွတ်အထင်ကြီးမနေပါနဲ့ ဆရာပိုက်ဆံမတတ်နိုင်ပါဘူးနော်'

'ဟုတ်လို့လား သွန်းရွှေရည်ရယ်'

'တကယ်ပါ ဆရာ ရည်ဝတ်စားထားတာတွေကဒေါ်လေးညို





ကြောင့်ပါ၊ ဆရာ့ကို ရှင်းပြရင်အရှည်ကြီးပဲလေ၊ ထားလိုက်ပါတော့ ဆရာ၊ မနက်ဖြန် ရည် သင်တန်းကိုလာမယ်၊ ဆရာ တောင်းပန်စရာမလိုပါဘူးနော်၊ မတောင်းပန်ပါနဲ့ ရည်က မှားတာပါ'

'ကောင်းပြီလေ ရည် မင်းကိုလာစေချင်တယ် သင်တန်းကို အောင်တက်စေချင်တယ်'

'ဟုတ်ကဲ့'

'ဒီည မင်း ဘုရားပေါ်တက်ဦးမှာလား'

'ဆရာ ရောဟင်'

'ကိုယ်က တက်နေကျလေ'

'မမလွှန်း ရောလား'

'ကိုယ် တစ်ယောက်တည်းပဲ'

'ဟုတ်ကဲ့… ရည် လည်းတက်နေကျပါ လာခဲ့မယ်လေ ဆရာ'

'ကောင်းတာပေါ့'

သွန်းရွှေရည်ရေ မင်းကိုငါတွေ့ချင်နေတယ်။ ငါ့စိတ်တွေကို ချုပ်နိုင်ဘူး။ လွှန်းသိသွားရင်ငါ့ကိုအထင်မလွဲဖို့မင်းကိုရှင်းပြချင် ပြီ မတတ်နိုင်တော့ဘူး။ မင်းကိုသေသေချာချာမေးမယ် မင်းနဲ့ကမ္ဘာ ဘယ်ကောင်လေးဘယ်လိုပတ်သက်နေလဲလို့မေးမယ်။ သိပြီးရင်ရော။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာဆက်လုပ်မှာလဲ သခ် အကြောင်းကြောင်းကြီးဖြစ်
သည်။

'ဆရာ… ဆရာသခ်… ဆရာ'

'ဟေ့'

'အသံတိတ်သွားလို့ပါ'

'ဟေ့… ဒါပဲနော် သွန်းရွှေရည် ညကျမှဘုရားမှာဆုံမယ်'

'ဟုတ်ကဲ့'

ဆရာဖုန်းချသွားတော့ သူမထပြီးခုန်ပစ်သည်။ မျော်လိုက်
လှဆိုးထက်ကမ္ဘာရယ် နင့်ကိုတော့သနားတယ်၊ ရည် ကဆရာသခ်
ပဲရွေးချယ်မှာပါ။ မမလွန်းနဲ့ပတ်သက်ပြီးဆရာ့ကိုအတိအကျမေး
ရမယ်။ သူမစိတ်လှုပ်ရှားနေသည်။

'ရည်လေး'

'ဟင်'

'မျက်နှာလေးက ရွှင်လန်းတက်ကြွပြီး အူမြူးနေပါလား'

'ဒီလိုပဲလေ'

'ဘယ်လိုလဲ ရည်လေး၊ တူမလေးမှာချစ်ရမဲ့သူတွေ
လား'

'အင်း'





'ဟုတ်လား… ဒေါ်လာခဲ့ပါကွယ်၊ ဒေါ်လေးညိုကတူမလေး
ကိုမတရားမလုပ်ပါဘူးကွယ်၊ တူမလေး မချစ်မနှစ်သက်တဲ့သူနဲ့
အတင်းအကြပ်မပေးစားချင်ပါဘူး၊ လူကိုတော့ကြည့်ချင်တယ်တူမလေး
ရွေးချယ်တာ ဒေါ်လေးညို မကန့်ကွက်ပါဘူး'

'အင်း… ရှိတော့ရှိတယ် ဒေါ်လေးညို ဒါပေမဲ့အချိန်တော့ပေး
ယ်'

'ဘယ်သူလဲကွယ်'

'လူကြီးလူကောင်း ပညာတတ်တစ်ယောက်ပါ ငွေကြေးတော့
မ်းသာဘူး'

'မိဘတွေကရော'

'ကွယ်လွန်ကုန်ကြပါပြီ ဒေါ်လေးညို'

'ကောင်းသားပဲ ဒေါ်လေးညိုက တူမလေးကိုယောက်မတွေနဲ့
င့်မြတ်မှာ ဒေါ်လေးညို စိတ်အပူဆုံးပဲ'

'မပူပါနဲ့သူကလည်းသမီးကိုချစ်ပါတယ် ကမ္ဘာ့ ကြောင့်ပေါ့'

'ကောင်းပြီလေ တူမလေးကို ဒေါ်လေးညိုအချိန်ပေးနေတာပဲ
လေးကတိတည်နော်'

'ဟုတ်ကဲ့ပါ'

ကိုသခ်ကရော ရည့် ကိုချစ်သူအဖြစ်အတိအလင်းထုတ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြရဲပါ့မလား၊ သူမစိတ်အားငယ်နေမိသည်။ ကမ္ဘာ နဲ့တော့မဖြစ်ပါ ဘူးနေချင်သလိုနေတဲ့ကောင် သူမကမ္ဘာနှင့်လက်ထပ်ရမှာအကြောက်ဆုံး ပင်။

'တူမလေးဆန္ဒအတိုင်း ဒေါ်လေးညို အတတ်နိုင်ဆုံးဖြည့်ဆည်း ပေးချင်တယ်၊ကမ္ဘာလေးလည်းသမီးကိုချစ်ပါတယ်ကွယ် အရက်တော် မသောက်တော့ဘူးတဲ့ စီးပွားရေးလုပ်ငန်းတွေလည်း စိတ်ဝင်စား လေ့လာနေပြီတဲ့'

သူမကတော့ ဆရာသစ် အချစ်တွေကိုသာမျှော်လင့်နေသည်။ ဆရာ ဘက်ကလည်းသူမအပေါ်စိတ်ဝင်စားမှုတွေရှိနေ၏။ မမလွန်းကို ပင်အရေးတယူမရှိတော့ ရည်မှရည်။

'တူမကြီးကိုပေးထားတဲ့အချိန်ကာလဆုံးသွားရင်တော့ ကမ္ဘာ လေးနဲ့လက်ထပ်မှာကိုလက်ခံရမယ်'

'ဟုတ်ကဲ့ပါ'

'တူမလေးကိုချစ်လို့တူမလေးဆန္ဒတွေကို လိုက်လျောပေးတာ ပါတကယ်တမ်းဒေါ်လေး စိတ်ချတာက မမ ပဲ'

'ကမ္ဘာ့ကိုတော့ရည်လေ… ဟို… '

'ကမ္ဘာက ပြုပြင်နေပါပြီ'

ပြုပြင်တယ်သာဆိုတယ် နေရာတကာအနိုင်ကျင့်တတ်သည်။





လုပ်ချင်တာလုပ်နေတတ်သူ ရည်ကတော့လက်ထပ်ရမှာကြောက်နေ၏။ သူမဘဝတစ်သက်တာလက်တွဲဖော်က ကမ္ဘာ တော့မဖြစ်ချင်ပါဘူး၊ သူမစိတ်ရှုပ်သည်။

'ချစ်သူတစ်ယောက်ကို လက်မထပ်ရသေးပဲနဲ့ အလွန်အကျွံ အလိုမလိုက်စေချင်ဘူးရည်'

'စိတ်ချပါဒေါ်လေးညို ရည်သိပါတယ် ရည့်ချစ်သူကလည်း ဒီလိုအခွင့်အရေးယူတတ်တဲ့ယောကျ်ားမျိုးမဟုတ်ပါဘူးနော်'

'ရည့် ချစ်သူတောင်ဖြစ်နေပြီလား အမြန်ဆုံးသာခေါ်လာခဲ့ ပါတော့ကွယ်'

ရည့် ချစ်သူဟုပြောလိုက်မိပြီးမှ နောင်တရမိသည်။ ဆရာသစ် ကသူမအား ချစ်သည်ဟုမပြောခဲ့ သူမကသာချစ်နေသည်ဟုထင်နေတာ ပါ။ ဒေါ်လေး ဆက်မေးနေမှာစိုး၍ သူမ အိပ်ခန်းထဲဝင်လာခဲ့သည်။

□



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

သစ်တွေဝေနေသည်သူ့နှလုံးသားထဲမှာ သွန်းရွှေရည် ရှိနေ
မဲ့ချစ်သည်ဟုပြောရမှာဝန်လေးနေသည်။ သွန်းရွှေရည် လိုကောင်မလေး
တစ်ယောက်နှင့်ချစ်သူဖြစ်ရမှာတော့ သစ်ရှက်နေသည်။သူ့အဆက်ဖြစ်
လိုက်လျှင်ကောင်းမယ်ထင်တယ်။

ဒီလိုဆိုတော့လည်း သူ့ နှလုံးသားတွေက လက်မခံနိုင်ဖြ
ရည့်ကိုချစ်နေသည်။ လွန်းသိသွားရင်··· လွန်းက သူနှင့်အလိုက်ဖ
ဆုံးမိန်းကလေးပဲ။

ဒါပေမဲ့လည်း သစ်နှလုံးသားထဲအထိ ခံစားမှု တိုးမဝင်လာ
လွန်းကို သစ်မချစ်ပေ၊ ရင်ထဲမှာလေးလံနေသည်။

'လွန်းတို့··· ဒီလိုပဲနေသွားတော့မှာလား'

လွန်း ပြောတဲ့အဓိပ္ပါယ်ကို သူသိနေသည် ဒါပေမဲ့ ဘာဖြစ်





ဘူလေကာပြုခဲ့ရတာလဲ။ ရည့်ကြောင့်ပါ။ ရည့်အကြောင်းစဉ်းစား
လျှင် သူ့ရင်တွေတဆတ်ဆတ်တုန်ခါနေ၏။

ညကျရင်ဘုရားမှာဆုံရမယ်။ ရည့်ကို တွေ့ချင်နေသည်။
ရိုပြင်ဆင်နေစဉ် လွန်း ရောက်လာ၏။

သူ စိတ်ညစ်သွားသည်။

'သစ် ဘယ်သွားမလို့လဲ ပြင်ဆင်နေတာ'

'အပြင်ပါ'

'လွန်းလည်း လိုက်မယ်လေ ပြီးရင်ဘုရားပေါ်တက်ကြမယ်'

လွန်းက ဘုရားလိုက်မယ်ဆို၍ သစ်စိတ်ညစ်သွားသည် ရည်
နိုးထားပြီးသားပဲ။အမြဲတမ်းလည်း လွန်း နှင့်သွားနေကျပါ။ သူ
ယ်လိုငြင်းရမလဲ လွန်း ကိုလည်းဖြတ်ပြတ်သားသားမဆက်ဆံရဲပါ။
သူလက်ထပ်မည့်သူက လွန်း ဖြစ်နေသေးသည်။

'သစ်'

'ဟင်'

'ဘာဖြစ်နေတာလဲ လွန်း လိုက်မယ်ပြောလို့လား··· ရှင့်
မျက်နှာကြီးက သုန်မှုန်နေတာပဲ'

'မဟုတ်ပါဘူးလွန်းရာ··· ကိုယ်အရေးကြီးတဲ့လူတစ်ယောက်
တားလို့ပါ။ လွန်း မလိုက်နဲ့လို့ပြောရမှာအားနာနေလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ လွှမ်း ကဒီလောက်တော့ နားလည်မှုရှိပါတယ် သစ် ပြော'

'ပြောလို့မဖြစ်ဘူးလွှမ်း··· ကိုယ့်ဆွေမျိုးကိစ္စဖြစ်နေတယ်'

'ဒါဆိုလည်း လွှမ်း မလိုက်တော့ပါဘူး၊ လွှမ်းတစ်ယောက် ပဲဘုရားသွားမယ်၊ သောကြာထောင့်မှာလည်း သစ် အတွက်ရေလော ပေးမယ်'

'နေပါစေ လွှမ်း မင်းအလုပ်ရှုပ်ပါတယ်၊ ဒါမှမဟုတ်လည်း နောက်နေ့မှကိုယ်နဲ့အတူတူသွားပါလားကွာ ဒီည လွှမ်းမသွား မနက်ဖြန်ညမှကိုယ်သွားမှာလေ'

'ဒီညက လွှမ်းနေ့လေ သစ်မေ့နေပြီလား ၊အမြဲတမ်းအတူ သွားနေကျကို··· '

'ဟုတ်သားပဲ ဘုရားသွားတာပဲကွာ ဘယ်နေ့ဖြစ်ဖြစ်ရ တယ်၊ မနက်ဖြန်ကျမှကိုယ်နဲ့အတူတူသွားကြရအောင်နော် လွှမ်း···'

လွှမ်းကိုချော့မော့ပြီးတော်တော်လေးပြောယူရသည်။ ဒါ လည်းမနက်ဖြန်မှ သစ် နှင့်အတူတူသွားတော့မယ်ဆိုမှ သစ် စိတ်အေး သွားရ၏ လွှမ်းပြန်သွားသည်။

'တော်ပါသေးရဲ့ ရည်လေးရယ် ကိုယ်သတ္တိကြောင်တာတော့ အမှန်ပဲ'





သူရည်လေးနှင့်မတွေ့ဖို့ သူ့စိတ်ကိုဆုံးမပေမဲ့မရတော့၊ ရည့် မျက်နှာလေးကိုမြင်တွေ့ချင်တဲ့ဆန္ဒတွေပြင်းပြနေသည်။ သွားမယ် ကိုယ် ကြိုးစားမယ်။

ရည့်လေးလည်း ကိုယ့်ကိုချစ်နေတယ်မဟုတ်လား၊ သူ ထွက် လာခဲ့သည်။ သောကြာထောင့်ကိုရောက်တော့ ရည် ရှိနေ၏။ သူ့ ဝမ်းသာပျော်ရွှင်မှုက နှိုင်းပြ၍ပင်မရနိုင်။ ဟုတ်ပြီ။ သူဒီကောင်မလေးကို ချစ်နေပြီဖြစ်သည်။

'သွှန်းရွှေရည်··· မင်းကဝီရိယကောင်းလိုက်တာ အစောကြီး ရောက်နေတာပဲ'

'အဟင်း··· ဟင်း ရည်စိတ်စောနေတယ်လေ၊ ဆရာလာမှ လာပါ့မလားလို့'

'ကိုသစ်လို့ ခေါ်ပါရည်ရယ်၊ ဆရာဆိုတာကြီးက ကိုယ့်စိတ် တွေကိုမွန်းကြပ်စေပါတယ်'

'ဟုတ်တယ်နော် ဒါဆို ကိုသစ် လို့ပဲခေါ်တော့မယ်'

'Ok '

သစ် စိတ်ပူနေတာက လွှမ်းရောက်လာမှာကိုပင် မွေးနေ့တိုင်း လွှမ်း ဘုရားတက်နေကျပါ။ သူ့စိတ်ကမလုံ။

ရည့်ရဲ့မျက်နှာချောချောလေးကလည်း သူ့ရင်ကိုဒိတ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ရည့်ကိုပဲပြတ်ပြတ်သားသား ရွေးချယ်လိုက်ရင်ကောင်းမလား။

သူက ဂုဏ်သိက္ခာကိုရှေ့တန်းတင်ပြီး စည်းစနစ်ကြီးသူ၊ မိန်းကလေးတွေနှင့်လည်း ကင်းရှင်းသူဖြစ်သည်။

'ကိုသခ်'

'ဟင်'

'ဘုရားမှာရေသပ္ပါယ်ရအောင်နော်၊ ထူးဆန်းလိုက်တာနော် ကိုသခ်နဲ့ရည့်က မွေးနေ့တစ်နေ့ထဲပဲ'

'အင်း'

ရည် ကလေးတစ်ယောက်လိုပြေးထွက်သွားတော့ သခ်လည်း ပတ်ဝန်းကျင်ကို အကဲခတ်ပြီးလိုက်သွားသည်။ ဘုရားမှာ ရေသပ္ပါယ်တော့ သူ့စိတ်ကမလုံပေ၊ လွန်း များရောက်လာမလားလို့ပါ တော်သေးသည် လွန်းက သူ့စကားနားထောင်သားပဲ။ ဘုရားမှာရေသပ္ပါယ်ပြီး နှစ်ယောက်စလုံးရှိခိုးဆုတောင်းကြသည်။

'ကိုသခ်'

'ဟင်'

'ဘာဆုတောင်းလဲဟင်'

သူဆုတောင်းနေတာက လွန်း ရောက်မလာဖို့ပင် ရည်ကမေး





တော့ဘာပြေရမှန်းမသိ၊ သူ့ဘဝတစ်လျှောက်လုံးတည်တည်ကြည်ကြည်နှင့် လိမ်ညာပြောဆိုခြင်းမရှိခဲ့။

ရည်က ထပ်မေးသည်။

'ကိုသခ်ဘာဆုတောင်းလဲဟင်'

'ကိုယ်ဘာမှဆုမတောင်းဘူး ရည် ဆုတောင်းဖို့အတွက်တော့ ဘယ်တော့မှဘုရားမရှိခိုးဘူးလေ'

'ဟုတ်လား… ရည်ကတော့လေဘုရားရှိခိုးတိုင်း ဆုတောင်းတယ်၊ အခု ရည် ဘာဆုတောင်းလဲသိလား… '

'ပြောပါဦး'

'ကိုသခ်ရဲ့အထင်ကြီးမှုတွေရရှိပါစေလို့'

'ဘာဖြစ်လို့လဲ ရည်'

'ကိုသခ် စိတ်ထဲမှာ ရည့်ကို စည်းကမ်းမရှိတဲ့ကောင်မလေး၊ ပေါ့ပျက်ပျက်နဲ့လို့အထင်သေးမှာကြောက်တယ်။ တကယ်တော့ရည်က ဒီတမဲ့လေ… ဒေါ်လေးညိုက အရမ်းအလိုလိုက်တယ် ဒါကြောင့်ပါ'

ရည့် အသံလေးက ကြေကြေကွဲကွဲနှင့် တောင်းပန်ခယနေသည်။ မင်းနဲ့တွေ့မှကိုယ်လည်းအထင်ကြီးတာတွေ သေးတာတွေမသိတော့၊ ရည့် ကိုတွေ့ချင်နေ၏ မျက်နှာလေးကိုကြည့်ရင်းစကားတွေပြောချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တို့ဘုရားပေါ်ကဆင်းပြီး လမ်းလျှောက်ကြရအောင်နော်'

'အင်း'

ရည် လည်းအရမ်းပျော်နေသည်။ ဆရာသခ် နှင့်မျှော်လင့်ခဲ့ရင်းနှီးခွင့်ရနေ၏။ကိုသခ် လို့တောင်ခေါ်နေပြီပဲ...အဟိ...ပျော်လိုက်တာ၊ ကမ္ဘာရေ နှင့်ကိုတော့အားနာတယ် ရည်က နှင့်လိုကောင်မျိုးကိုအထင်မကြီးပါဘူး။ဘယ်လောက်ပဲမိဘတွေချမ်းသာပါစေနှင့်နဲ့တော့လုံး၀ လက်မထပ်ဘူးသိလား။

ကမ္ဘာ ပေးထားတဲ့ပစ္စည်းတွေ သူမ ခေါ်လေးလက်ထဲပြန်အပ်ထားသည်။ ဟာန်းဖုန်းလေးပဲသုံးတယ်။ ဒါကလည်း ဆရာနှင့်ဆက်သွယ်ဖို့ပါ၊ တောင်းပန်ပါတယ် ကမ္ဘာရယ်နော် ငါ့ရည်မှန်းချက်တွေ မျှော်လင့်ချက်တွေက ဆရာသခ် ဖြစ်နေလို့ပါ။

သူမနှင့် ကိုသခ် ကန်တော်ကြီးပတ်လမ်းအတိုင်းလျှောက်လာကြသည်။ ပျော်တယ်။ ဆရာက သူမကိုယ်လုံးလေးနှင့်ထိလုမတတ် တွဲလျှောက်သည်။

'ရည်'

'ရှင်'

'မင်းပျော်နေလား'





'အင်း'

'ကိုယ်လည်း ပျော်သလိုပဲ ဘာဖြစ်လို့မှန်းမသိဘူးကွာ၊ မင်းက ကိုယ့်ကိုတက်ကြွစေတယ်'

'ဟုတ်လို့လား'

'တကယ်ပဲ ရည် ကိုယ်အမြဲတမ်း ဂုဏ်သိက္ခာအတွက်ထိန်းသိမ်းနေထိုင်လာခဲ့တာ၊ တစ်ခါတလေတော့ စိတ်တွေမွန်းကြပ်တယ်ကွာ'

ရည့်ကိုချစ်တယ်ဟုပြောဖို့ သူ့စိတ်ကိုရဲဆေးတင်ကြည့်သည်။ အားဆေးတိုက်ဆိုတ်နေတဲ့ ညချမ်းမှာသူ့စိတ်ကပူလောင်လှုပ်ရှားလွန်းနေ၏။

လွန်းကိုလက်လွှတ်ခံနိုင်မလား ဒါပေမဲ့လည်း သူ့နှလုံးသားထဲက ရည့် ကိုချစ်သည်။ မထူးတော့ပါဘူး ရည့် ကိုချစ်တယ်လို့ပြောမယ် လွန်း ကိုစွန့်လွှတ်ရပါစေ၊ သူ့စိတ်ကိုတင်းပစ်လိုက်သည်။

'ရည်'

'ရှင်'

'ကိုသခ် မင်းကိုတစ်ခုတော့မေးချင်တယ်'

'မေးလေ'

'မင်းမှာချစ်သူများရှိလား'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'မင်းမှာချစ်သူတွေ ဘာတွေရှိနေလားလို့ သိချင်တယ်'

'မရှိပါဘူးကိုသစ် ရည်က အရမ်းချေးများတာပါ၊ ရည့်ချစ်သူ ကစ်တွေသတ်မှတ်ထားလို့၊ ကိုက်ညီမယ့်သူကိုမတွေ့သေးတာ'

'စုထိပဲလား'

'ဟင့်အင်း'

'တွေ့နေပြီလား'

'အင်း'

'ဘယ်သူလဲ'

ကိုသစ် ဝဲလေဟုပြောဖို့ကြံစည်ပြီးမှ ရည့်နှုတ်ခမ်းလေးကစေ့ ပိတ်သွားသည်။ မိန်းကလေးကစရမှာလား၊ အဲဒီလိုတော့ ရည်မလုပ်ချင်ဘူး။မာနကြီးတဲ့ရည်က ဒီလောက်ပြောရင်ပဲ ကိုသစ်သဘောပေါက်သင့် သည်။

'ဘယ်သူလဲ ရည်ပြောလေ၊ မင်းစံထားတဲ့ယောက်ျားကတွေ့ ပြီဆို ကမ္ဘာလား'

'မဟုတ်တာ ဒီကောင်က ရည် လုံးဝအထင်မကြီးတာ မိဘ ချမ်းသာတာပဲရှိတာလေ၊ ကိုယ်ပိုင်အရည်အချင်းမှ မရှိတာ'

ကိုယ်ကရောဟုမေးချင်သည်။ ရည်ကလည်းသူ့ကိုရည်ညွှန်း





နေမှန်းသူသိနေ၏။ ဒါပေမဲ့ပွင့်လင်းဖို့ဝန်လေးနေသေးသည်။ လွှန်း ကြောင့်လား။

ရည့်လက်လေးကိုဆွဲပြီး ညချမ်းလေးမှာမဆုံးနိုင်သော လမ်း သို့ လျှောက်ချင်နေမိ၏။ ခက်နေတာကသူ့မှာသတ္တိမရှိ ရည့်လို ကောင်မလေးတစ်ယောက်နှင့်လက်ထပ်နိုင်ပါ့မလားပဲ တွေဝေနေ မိနေသည်။

'ကိုသစ်ရော လက်ထပ်မယ့်သူ ရည်ရွယ်ထားပြီးသားရှိလား ဆင်'

'ရှိတယ်လေ'

'ဘယ်သူလဲ… မမလွှန်းလား၊ အင်းလေ… မမလွှန်းကပဲ ကိုသစ်နဲ့အသင့်တော်ဆုံးပါပဲ'

သူမပြောရတာအားတွေပင်မရှိလေသံကတိုးတိုးလျှလျှ ကိုသစ် ပြုံးရယ်နေသည်။ ရည်က ဒီလောက်အထိကြေကြေကွဲကွဲပြောနေတာ ချယ်စရာလား… ၊ကိုသစ် ရည်မှန်းထားတဲ့သူက မမလွှန်း ပဲဖြစ်မှာပါ သူဆောက်ပြီးမကြားချင်၍ ပြန်တော့မည်ဟုပြောလိုက်သည်။

'ရည်'

'ရှင်'

'ကိုယ်ချစ်ရတဲ့သူက ဘယ်သူလည်းဆိုတာ သိချင်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… မသိချင်ပါဘူး၊ ပြန်တော့မယ်နော်'

'နားထောင်ပါဦး'

'မမလွန်း မဟုတ်လား… '

'မဟုတ်ဘူး'

'ရှင်'

'ကိုယ် ချစ်ရတဲ့မိန်းကလေးကရှိတယ် ရည့် ကိုပြောပြရမလား… '

'ဘယ်သူလဲ ဟင်'

'မင်းပဲ'

'ရှင်'

ညကအလွန်အမင်းတိတ်ဆိတ်ငြိမ်သက်သွားသည်။သူမကြားလိုက်ရတာ ဟုတ်မှဟုတ်ပါ့မလားလို့ သံသယဖြစ်နေ၏။ ကိုသစ်ကသူမလက်လေးကို ဆုပ်ကိုင်လိုက်သည်။

'ရည့်ကို ကိုယ်ချစ်တယ်၊ မင်းလက်ခံပေးမယ် မဟုတ်လားရည်… '

'ဟို…ဟိုလေ အဲဒါ သေချာလို့လား…ရည်နားကြားလွဲတာတော့မဟုတ်ပါဘူးနော်၊ဒါမှမဟုတ် အိမ်မက်လားနိုးသွားရင်ပျောက်သွားမှာလားဟင်'





'ရည်… ရယ်'

သူစိတ်တွေမထိန်းချုပ်နိုင်စွာဖြင့် ရည့် ခန္ဓာကိုယ်လေးအားသူ့ရင်ခွင်ထဲမှာပွေ့ဖက်ထားလိုက်သည်။ မသိတော့ဘူးကွာ ရည့်ကိုချစ်တယ်၊ အသိတွေကင်းမဲ့ပြီး ရည့် နှုတ်ခမ်းလေးကိုနမ်းမိ၏။ ပြီးတော့လက်လေးကိုဆွဲပြီး လမ်းအရှည်ကြီးလျှောက်သည်။

□



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

အိမ်မက်တွေမဟုတ်ပါဘူး၊ ကိုသန်းနဲ့ရည်ကအပြင်မှာတကယ် ပဲချစ်သူတွေဖြစ်သွားကြတာပါ။ ညကသူမကိုနမ်း၍ နှုတ်ခမ်း နာကျင်နေသေးသည်။

သူမကယောင်ကတမ်းနှင့်အိပ်မက်ဟုပဲထင် နေ၏။ ကိုသ က သူမကိုချစ်သည်တဲ့ ပျော်လိုက်တာ ဒေါ်လေးညိုဆီ သူမချစ် အား မကြာခင်ခေါ်ပြနိုင်တော့မည်။

လောလောဆယ်တော့ သူမ မရေမရာဖြစ်နေဆဲပါပဲ။ ဆရာ အရူးထသွားတာလား တစ်ည လုံးသူမအိပ်မပျော်ခဲ့ စိတ်တွေချောက် နေဆဲပင် နေမြင့်မှအိပ်ပျော်သွားပြီး ကမ္ဘာ့အသံကြောင့် လန့်နိုးသွ သည်။

'ရည် ချစ်လေး··· မနိုးသေးဘူးလား ··· ထတော့ သွန်းရွှေရည်'





တဒုန်းဒုန်းထုနေ၍သူမအိပ်ယာကနေ ထလိုက်သည်။ ကမ္ဘာ အထဲဝင်လာမှာပါ တကယ်ပါပဲ သူမတံခါးဖွင့်လိုက်သည်။

'ဘယ်လိုဖြစ်နေတာလဲ ကမ္ဘာရာ ကောင်းကောင်းမအိပ်ရသေး ဘူး၊ စောစောစီးစီးဘာလာလုပ်တာလဲ'

'ဘာစောတာလဲ··· ချစ်ရ နာရီလည်းကြည့်ဦး၊ကိုးနာရီထိုးနေ ပြီ'

ဟုတ်သားပဲ ရည်အိပ်လိုက်တာ ဒီနေ့သင်တန်းလည်းမရှိတော့ အေးအေးဆေးဆေးအိပ်နေမိသည်။ တစ်ညလုံးလည်း ဆရာ့အကြောင်း တွေးပြီးအိပ်မပျော်ပေ၊ ကမ္ဘာက မျက်နှာသစ်ဖို့ပြင်ဆင်ပေးနေသည်။

'ချစ် သွားတိုက်ဖို့သွားတိုက်ဆေးထည့်ပေးမယ်၊မျက်နှာသုတ် ပဝါလေး အဆင်သင့်ပြင်ပေးမယ်'

'အံ့ရှး'

'ချစ်အတွက်ဆို ကိုယ် ဘာပဲလုပ်ပေးရ၊ လုပ်ပေးရလေချစ် ဆန္ဒက ကိုယ့်ဆန္ဒပဲ'

'ကမ္ဘာနော် နင်နဲ့ငါနဲ့ ဘာမှမဆိုင်ဘူး ဘာချစ်လဲ အဲဒီလိုပိုင်စိုး ပိုင်နင်းလုပ်တတ်လို့ ရည် ကအမြင်ကတ်တာ'

'ဘာဖြစ်လဲ ရည်က ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးကိုယ် ခေါ်ချင်သလိုခေါ်မှာပဲ၊ ကိုယ်တို့က မကြာခင်လက်ထပ်ရတော့ မယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'အဓိပ္ပါယ်မရှိလိုက်တာ ဘယ်သူကလက်ထပ်မယ်လို့ပြော ဝေးသေးတယ် နင့်ကိုငါမချစ်ဘူး'

ကမ္ဘာ့ကိုအရောတဝင်မနေချင်တော့၍ ခပ်ပြတ်ပြတ်ပဲပြော လိုက်သည်။ ရည့်မှာ ချစ်သူရှိနေပါပြီ။ ကမ္ဘာ့လိုအရူးကောင်ကိုမချ ပါဘူး။ မိဘချမ်းသာတာ အထင်ကြီးစရာမှမရှိတာ။ ရည် အမြတ် စံထားခဲ့တဲ့အရည်အချင်းတွေက ဆရာသခ် ထံမှာပဲရှိနေသည်။

'မျက်နှာသစ်ကွာ ကိုယ်သစ်ပေးရမလား'

'တော်ပါပြီ နင်နော် မိန်းကလေးတစ်ယောက်ကိုအနိုင်မကျင့် နင့်ကိုမိတ်ဆွေတစ်ယောက်အဖြစ်ပဲခင်တာနော် နင်တို့ပေးထားတဲ့ပစ္စည် တွေကိုလည်း ပြန်ပေးထားချင်တယ်၊ ငါမစဉ်းစားသေးဘူးနော်'

'ချစ်ကလဲကွာ ဘာတွေပြောနေတာလဲ ကိုယ့်ဘက်ကတော မင်းက ကိုယ့်ဇနီးလောင်းပဲ ဘယ်တော့မှမပျက်ဘူး'

'ဒုက္ခပါပဲ'

'ချစ် မျက်နှာသစ်၊ အဝတ်အစားလဲပြီးရင် ကိုယ်တို့အပြင် ထွက်မယ် မနက်စာစားမယ်'

'မလိုက်ဘူး'

'ကိုယ်က ပွဲခေါ်မှာနော်၊ အေးအေးဆေးဆေးလိုက်လာရင် ဘာပြဿနာမှမရှိဘူး ရည်၊ ကိုယ်ကလူဆိုးပဲ မမလေးကိုကားတင်ပြေ မှာ'





'ကမ္ဘာနော် ပြောရင်ကဲမလာနဲ့ အဲ့ဒီအမူအကျင့်တွေကိုမကြိုက် ဘာ၊ ဖယ် ကိုယ့်ဟာကိုယ်မျက်နှာသစ်မယ်'

'ဒီလိုလိမ္မာမှပေါ့'

ကမ္ဘာ လူဆိုးကောင်။ သူမမျက်နှာသစ်ဖို့အနားကနေ လိုအပ် ဘာတွေလိုက်လုပ်ပေးနေသည်ပြောလည်းမရ၊ စိတ်ညစ်တယ်။ဒီနေ့ ခါလေးညှိုလည်းမရှိဘူး။ ဈေးသွားနေသည်တဲ့။ ကမ္ဘာ လုပ်ပေးနေ ဘာတွေကို ရည် စိတ်ညစ်နေသည်။

'နင်က မိန်းကလေးတိုင်း ဒီလိုပဲလုပ်ပေးနေကျမဟုတ်လား ကွာ၊ ငါကတော့ခံစားမယ်မထင်နဲ့ နင့်အကြောင်းတွေကိုမကြားချင်မှ ဆုံးပဲ'

'အဲ့ဒါတွေက ရည်နဲ့မတွေ့ခင်ကတွေပါ အခုကိုယ်ပြောင်းလဲ ပြီပဲ ချစ်ကိုချစ်လို့ပါ'

'သွားစမ်းပါ'

ကမ္ဘာနဲ့နှစ်ယောက်တည်းဖြစ်နေ၍ ရည် ကြောက်သည်။ ကောင် ကနိုင်ထက်စီးနင်းကောင်ပဲ ရည့်ကိုတစ်ခုခုလုပ်လို့ကတော့ သပဲ။ သူမ သတိထားနေရသည်။

'ချစ် အဝတ်အစားလှလှပပလဲနော် ပြီးရင်အပြင်ထွက်ကြမယ်၊ တီညိုက တံခါးသော့ခတ်ထားခဲ့တဲ့၊ သော့ယူသွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးညိုကလည်း ကမ္ဘာမှ ကမ္ဘာ၊ သူမခက်နေသည် ချစ်သူကိုသခ် နှင့်လက်ထပ်ဖို့အထိမသွေးနွေးရသေး၍ပွင့်ပွင့်လင်းလင်း မပြောရဲသေးပေ။ ကမ္ဘာနှင့်အပြင်တွဲသွားတွဲလာလုပ်ရမှာ ရည် ကြောက်သည်။

ထို့ကြောင့်ပင် ကမ္ဘာကိုအိမ်ထဲမှာပဲနေကြဖို့ စည်းရုံးကြရမည် ဖြစ်၏။ မုန့်ကျွေးသစ်အဝတ်အစားလဲပြီး ကမ္ဘာ ကိုအိမ်ထဲမှာပဲတစ်ခုခု လုပ်စားကြဖို့ပြောရသည်။

'ကမ္ဘာ တို့နှစ်ယောက် အိမ်မှာပဲ ခေါက်ဆွဲပြုတ်စားကြမယ် လေ… နော်… ရည် ပြုတ်ပေးမယ်၊ ကမ္ဘာအရမ်းကြိုက်သွားစေရမယ် သိလား'

'အင်း ကောင်းသားပဲချစ် ကိုယ်ကချစ်ပြုတ်ပေးတဲ့ ခေါက်ဆွဲ ပြုတ်ပဲစားချင်တာ'

'ကမ္ဘာနော်…အဲဒီလို ချစ်…ချစ်နဲ့မခေါ်စမ်းပါနဲ့ မုန်းတယ်၊ ရည်က မိတ်ဆွေအဆင့်ပဲ ဆက်ဆံချင်တာပါ'

'ချစ်'

'ခေါ်ပြန်ပြီလား… အဲဒီလိုခေါ်နေရင်ငါနင့်နဲ့မပတ်သက်တော့ ဘူးနော်'

'Sorryပဲ ရည်… ကဲပါ မခေါ်တော့ဘူး၊ ခေါက်ဆွဲပြုတ်ပေး တော့'





'နင်နဲ့ငါ ချစ်သူတွေ မဟုတ်ဘူးနော်· မိတ်ဆွေတွေပဲ·မှတ် ား…'

ရည်က ပြောပြီးမီးဖိုခန်းထဲဝင်သွားသည်။ ကမ္ဘာလည်းနောက် လိုက်သွား၏။ ရည် အပူလောင်မှာတွေ ဘာတွေစိတ်ပူလာသည်။ ဘွာကိုယ်တိုင်သူ့ကိုယ်သူနားမလည်နိုင်အောင်ဖြစ်နေရသည်။ ရည်နှင့် ဲ့မှ မိန်းကလေးတစ်ယောက်ကို တန်ဖိုးထားရမှန်းသိနေသည်။

ဘယ်လိုမိန်းကလေးမျိုးရဲ့လွှမ်းမိုးမှုကိုမှမခံခဲ့တဲ့သူက ရည့် ာိန့်ကို နာခံနေခဲ့၏။ ဖေဖေ့လုပ်ငန်းတွေကိုပင်သူလေ့လာသင်ယူ သည်။

'သား… ရည်ကိုချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်။ သားဘဝမှာ ည် ကအရေးပါနေလို့ မေမေကြိုးစားပေးပါ။ ရည့် ကိုလက်ထပ်ချင် ယ်'

မေမေ့ဆီမှာပင် ကမ္ဘာ အနူးအညွတ်တောင်းဆိုခဲ့သည်။ သူပြု နေပြီပဲ။ ဒါပေမဲ့ ရည်က အထင်သေးနေဆဲပင်၊သူ့လိုသူဌေးသားကို အရေးမလုပ်တဲ့ ကောင်မလေးကိုမှ သူအရူးအမူးချစ်နေမိ၏။

မင်းကို မထိရက်မတို့ရက်အောင်ပါပဲ ရည်ရယ် ချစ်တယ် ိုယ်အရမ်းမြတ်နိုးနေတယ်။ မင်းအတွက်ဆိုဘာပဲလုပ်ပေးရလုပ်ပေးရ ပ်ပေးချင်ပါတယ်။ သူ ရည့်ကိုကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကမ္ဘာ'

'ဟင်'

'ဘာကြည့်နေတာလဲ ဒီမှာခေါက်ဆွဲပြုတ် ရပြီ'

'ရည် မသယ်လာနဲ့နော် ကိုယ်သယ်ပေးမယ်၊ အပူလောင် သွားမှာစိုးလို့ပါ'

'အပိုတွေ'

'တကယ်ပါကွာ ကိုယ် အခုစိတ်တွေပူနေတယ်၊ ရည့် ကိုအပူ လောင်သွားမှာလေ'

'ရပါတယ် အပိုတွေလုပ်ပြမနေနဲ့ ငါကတခြားကောင်မလေး တွေလို အသည်းမနုဘူးနော်'

သူမ ခေါက်ဆွဲပြုတ်ပန်းကန်တွေ သယ်ဖို့လုပ်တော့ ကမ္ဘာ အပြေးအလွှား လာသယ်သည်။ အလကားပါ ကမ္ဘာ့ လိုကောင်မျိုး မိန်းမကျွမ်းကြေပြီးသားပဲ၊ ရည် ကတော့ ချစ်သူကိုသစ် ကလွဲပြီးတခြား ယောက်ျားတွေကိုချစ်နိုင်မှာမဟုတ်တော့။

ညကရင်ခုန်သံတွေခုထိမြန်နေဆဲပင် အနမ်းလေးကိုအမှတ်ရ တိုင်း ပြုံးမိနေသည်။

'ရည်'

'ဟင်'





'ဘာတွေ သဘောကျပြီးပြုံးနေတာလဲ'

'အို… မဟုတ်ပါဘူး သင်တန်းကအကြောင်းတွေးမိလို့ပါ'

'ကိုယ့် အကြောင်းများတွေးပြီး ပြုံးနေတာလားလို့'

'နင့်အကြောင်းတွေးရင် ဒေါသဖြစ်လွန်းလို့ မုန်းပစ်ချင်တယ်။ ငါကအနိုင်ကျင့်တဲ့ယောက်ျားတွေကို အမုန်းဆုံးပဲ'

'နောက်ဆို ရည့် ကိုအနိုင်မကျင့်တော့ပါဘူးကွာ နော် ရည် ပြုတ်ပေးတဲ့ ခေါက်ဆွဲပြုတ်လေးက အရမ်းစားကောင်းတယ် ကိုယ် အမြဲတမ်းစားခွင့်ရရင် အရမ်းကောင်းမှာပဲ'

'မိတ်ဆွေအနေနဲ့တော့ စားခွင့်ရှိပါတယ်'

ကမ္ဘာအတွက်တော့သူမ နားနားကျင်ကျင်လေးဖြစ်သွားရသည်။ တတ်နိုင်ဘူးလေ။ သူမနှင့်ကိုသစ်တို့က ချစ်သူတွေဖြစ်သွားကြပြီပဲ၊ အရမ်းချစ်ကြတယ်။

ကိုသစ်က သူ့ဂုဏ်သိက္ခာတွေအပြန်းအပဲ့ခံပြီးချစ်တာ တော်ရုံ အချစ်နဲ့ ရည့်ကိုချစ်တာမဟုတ်၊ ကိုသစ် အချစ်တွေကိုပဲ အထင်ကြီး လေးစား တန်ဖိုးထားမိသည်။

'ရည်'

'ပြော'

'မင်း ကိုယ့်ကိုလက်ထပ်နိုင်တဲ့ စံတွေရှိလာဖို့ ကိုယ်ဘာတွေ ပြုပြင်ရမလဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



ရည် အထင်ကြီးလေးစားတဲ့ ယောကျ်ားက နင်ဘယ်တော့မှ ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး ကမ္ဘာရယ်၊ ငါက ကိုသခ်ီနဲ့ပဲလက်ထပ်မှာ ကိုသခ်ီ မှာသတ္တိတွေရှိနေပါစေလို့ပဲဆုတောင်းနေတယ်။ ကိုသခ်ီ အချစ်တွေကိုပဲ ငါယုံကြည်တယ်။

ဒေါ်လေးညို ရောက်လာသည်။

'ရည်လေးနဲ့ကမ္ဘာ အပြင်ထွက်သွားပြီထင်တာ၊ ခုထိရှိနေသေးတာကိုး'

'ဟုတ်တယ် အန်တီညို ရည်က ခေါက်ဆွဲပြုတ်ကျွေးနေလို့လေ'

တူမချောအကြောင်း ဒေါ်ညိုညိုသိသည်။ကမ္ဘာလေး နဲ့အပြင်ထွက်ရမှာကြောက်လို့ အိမ်မှာပဲခေါက်ဆွဲပြုတ်ကျွေးနေတာပါ။ ရင်တော့ အလေးသား ကမ္ဘာလေးကိုသနားတယ် မ ကလည်းကမ္ဘာ့ကိုအပ်နေသည်။

'ညို့တူမလေးကို အရမ်းချစ်နေတယ်၊ သားပြုပြင်လာတယ် ညိုကြိုးစားပေးပါလား'

မိမိကလည်း တူမလေးကို ဘဝတစ်သက်တာ အရေးဖြစ်နေ၍ မချစ်မနှစ်သက်တဲ့သူကိုတော့ လက်မထပ်စေလိုပေ။မ ကိုမယုတ်မလျှော့ ပြောထားသည်။





တူမလေးအတွက် မိမိဘဝကိုပင်ပေးဆပ်လာခဲ့တာပါ တူမလေးချစ်သူကိုတော့ လေ့လာကြည့်ရမယ်၊ သင့်တော်မယ်ဆိုရင် မိမိမိတ်ဆွေပျက်ချင်ပျက်ရပါစေလေ။ တူမလေးအားဘဝတစ်သက်တာသုံး ပျော်ရွှင်ချမ်းမြေ့စေချင်တာပါ။

မိမိဟင်းချက်ဖို့ပြင်တော့ တူမလေး ရည်က မကူညီစဖူးဝင်ကူညီနေသည်။

'ကမ္ဘာ ပြန်တော့လေ··· ဒီနေ့ ရည် အိမ်မှာပဲနားချင်တာ ဒေါ်လေးညို ကိုလည်းဝိုင်းကူရဦးမယ်'

'ကိုယ်လည်း ကူညီမယ်လေ ဒီမှာပဲထမင်းစားမယ် နော် အန်တီညို'

'ရပါတယ်ကွယ် ကမ္ဘာလေး စားမယ်ဆိုရင် အန်တီညိုက အကောင်းဆုံးချက်ကျွေးရမယ်လေ'

'ကြားလား ရည် အန်တီညိုကထောက်ခံနေတယ်၊ ကိုယ်မပြန်ဘူး'

'နင်အလုပ်တွေကိုလျှော့လာနေတယ်ဆို ငါတွေ့တာတော့အပြင်မှာချည်းပဲ၊ လိမ္မာချင်ယောင်ဆောင်နေတာပဲ မဟုတ်လား'

ကမ္ဘာ လူရှုပ်ကိုအမြန်ပြန်စေချင်၍ပြောပစ်လိုက်သည်။ ဒေါ်လေးညို ကအားနာစွာဖြင့် မျက်နှာရိပ်မျက်နှာကဲပြနေ၏။ ရည်က



www.burmeseclassic.com

www.burmeseclassic.com



တော့အားမနာနိုင်ပါဘူး၊ ကမ္ဘာ နှင့်တရင်းတနှီးမနေချင်ပါဘူး ဒီကောင် ကတွယ်ကပ်နေတာပဲ စိတ်ရှုပ်တယ်။

သူမစကားကိုတော့နာခံသည်။ ကမ္ဘာ ပြန်သွား၏။ ဒေါ်လေး ညိုက အားနာစရာကြီး ရည်လေးရယ် မိတ်ဆွေတွေပဲ ဟုပြောသည်။

'သူက ကားအကောင်းစားကြီးနဲ့လာနေတာ ပတ်ဝန်းကျင်မှာ မြင်လို့မကောင်းဘူး ဒေါ်လေးညို ဒါ့ကြောင့်မောင်းထုတ်ပစ်တာ။ အားနာစရာမလိုပါဘူး ရည် မှလက်မထပ်နိုင်တာပဲ'

ဒေါ်ညိုကတော့ တူမချောစကားကိုတုန့်ပြန်ပြောမနေချင်တော့ ကမ္ဘာလည်းပြန်ရော မိမိအားမကျည်တော့ပဲ သူမအခန်းထဲဝင် သွားသည်။

❐



## (၁၃)

'သခ်'

'ပြောလေလွှန်း'

'ညက တစ်ညလုံး ရှင်ဘာဖြစ်လို့ ဖုန်းပိတ်ထားရတာလဲ'

'ကိုယ့် အလုပ်ကိစ္စတွေအတွက်ပါ လွှန်း၊ တခြားဖုန်းတွေ ပြောချင်လို့'

'ရှင် ဘာတွေလုပ်နေတာလဲ၊ အမြဲတမ်း ကျွန်မ ကိုတိုင်ပင် ပြောလေပြောပါ ရှင်ဘာတွေလုပ်နေလဲ သခ် မရိုးသားတော့ဘူးထင် တယ်'

လွှန်းကိုသူ့မှာချစ်သူရှိနေပြီဆိုတာ ပြောဖို့ဝန်လေးသည်။ပတ် ဝန်းကျင်မှာဂုဏ်သိက္ခာညှိုးမှိန်မှာကြောက်နေမိ၏။

ရည့်ကိုတော့ချစ်သူ အဖြစ်ပေါ်ပေါ်ထင်ထင်တွဲဖို့ သတ္တိမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ရည့်ကိုချစ်သည်ဟုပြော ထားပြီးပြီချစ်သူတွေဖြစ်ခဲ့ကြ၏။ သူအိမ်မက်နေသည်ဟုပင်ထင်သည်။

'သခ် တစ်ခုခုတော့ ပြောင်းလဲနေပြီထင်တယ်၊ ကြည့်ရတာ တစ်မျိုးပဲ မျက်နှာကမရှင်းဘူးနော်'

လွှမ်း အကြည့်တွေကစူးရှလွန်းနေသည်။ သူကပဲဟန်မဆောင်တတ်တာလား၊ ရည့် ကိုချစ်၏၊ သူလက်ထပ်ဖို့တော့တွန့်ဆုတ်နေသည်ပင်၊လွှမ်း ကိုတော့ချစ်၍မရသူမကိုလက်ထပ်ဖို့ခုထိရည်ရွယ်ထားသည်။

'ဒီညတော့ လွှမ်းနဲ့ ဘုရားလိုက်ခဲ့ရမယ်နော်'

'အင်း'

'ရှင် အသက်မပါသလိုပဲ သခ်'

သခ် ပြောင်းလဲနေတာကတော့အမှန်ပဲ၊မျက်နှာကအစပဲ လွှမ်းစိတ်ထဲမှာမသက်သာ။ သခ်နဲ့ဟိုဟာမလေး သွန်းရွှေရည် တို့ညိစွန်းနေပြီလား၊ လွှမ်း အကဲခတ်နေသည်။

'ကျွန်မတို့နှစ်ယောက် အခုတစ်လော်စိမ်းနေသလိုပဲ'

'မစိမ်းပါဘူး လွှမ်း၊ ကိုယ်အလုပ်တစ်ခုလုပ်နေတယ်'

'ဘာလုပ်နေတာလဲ ကျွန်မကိုပြောပြဖို့တောင်ဝန်လေးနေတာ ဘာသဘောလဲ'





'ကိုယ် နေလည်းမကောင်းဘူး လွှမ်း'

'ဟင် ဘာဖြစ်တာလဲ… သခ် ဘာရောဂါများ ဖြစ်နေတာလဲ ကျွန်မ စိတ်ပူလိုက်တာ'

လွှမ်းက သူ့ကိုဂရုတစိုက်နှင့်ပြာယာခတ်အောင် ပြုစုပေးနေသည်။

'ကိုယ် စီးပွားရေးလုပ်ငန်းတစ်ခုလုပ်နေတယ်၊ လွှမ်း ကိုအသိပေးဖို့လိုသေးလို့ပါ'

'သခ်ရယ်… လွှမ်းကတော့ သခ်ကိုခင်မင်တာ၊ သံယောဇဉ်ရှိတာပါ'

လွှမ်းရယ် ကိုယ်ရွေးချယ်တာမှားပြီထင်တယ်၊ နှလုံးသားနဲ့ရွေးချယ်လိုက်တယ်။ ကိုယ့် နှလုံးသားထဲမှာချစ်နေမိတာက ရည်လေးပဲ-သခ် အတွေးတွေထဲမှာ မှားယွင်းမှုအတွက်ကြောက်ရွံ့နေသည်။

'လွှမ်း'

'ပြော'

'ကိုယ်လေ'

'အင်း … ပြောလေသခ် ရှင်ဘာတွေဖြစ်နေတာလဲ၊ သခ် တစ်ခုခုဖြစ်နေတယ်မဟုတ်လား ဟင်'

ကိုယ်တို့ လက်ထပ်ကြရအောင်ဟုပြောချင်ပေမဲ့ နှလုံးသားက သတ်မခံပေ၊ ရည့် ကိုချစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သခ်ိ... ပြောလေ၊ ရှင်မပြောရင် လွှန်း ပြောရမလား'

'ဘာမှမဟုတ်တော့ပါဘူး လွှန်းရယ် ပြန်ကြရအောင်'

'မပြန်ဘူး'

'ဟင်'

'လွှန်းတို့လက်ထပ်ကြရအောင်ပါ သခ်ိ'

'ဘာပြောတယ်'

သူပြောချင်နေတဲ့စကားတွေကို လွှန်း ကပြောလိုက်၍ သခ်ိ အထိတ်တလန့်ဖြစ်သွားရသည်။

'သခ်ိရော ဂုဏ်သိက္ခာတွေကြောင့် လွှန်း ကိုမပြော[...] မဟုတ်လား'

'လွှန်း'

'ပြော'

'အဲ့ဒီကိစ္စ... ကိုယ်တို့ စဉ်းစားကြရအောင်'

'ဘာဖြစ်လို့လဲ သခ်ိ နှစ်ယောက်စလုံးကအသက်အရွယ်[...] ပညာရော စုံနေကြပြီလေ သခ်ိ ကန့်ကွက်မဲ့သူလည်းမရှိဘူးမဟုတ်[...] သခ်ိ ဘာကြောင့်တွေဝေနေရတာလဲ ပြောစမ်းပါဦး'

'မဟုတ်သေးဘူး လွှန်း ကိုယ့်မှာလွှန်းကိုပြောပြလို့မဖြစ်[...] တဲ့အကြောင်းအရာတစ်ခုရှိနေတယ်'





'ဘာလဲ'

'လောလောဆယ်တော့ပြောလို့မဖြစ်သေးဘူး ကိုယ်ရွေးချယ်[...]ာက လွှန်း ပါပဲ'

'ဒါနဲ့များ သခ်ိရယ် ဘာအကြောင်းလဲပြောပါ သခ်ိနဲ့လွှန်းက [...]ိုင်ပင်ဖော်တိုင်ပင်ဖက်ဆွေးနွေးနေကြပဲဟာ'

'ဘုရားကိုမသွားတော့ဘူး၊ ကိုယ့် စိတ်တွေနည်းနည်းလေး [...]နေတယ်'

'သခ်ိ'

'ဟင်'

'ရှင် ဘာတွေဖြစ်နေလဲပြောစမ်းပါ လွှန်း စိတ်ပူတယ်၊ ရှင့်မှာ [...]သူများရှိနေပြီလား'

ဟိုကောင်မလေး ရည်နှင့်ပြဿနာဖြစ်ပြီးကတည်းက သခ်ိ [...] ဖြစ်နေသည်။ ဟုတ်များဟုတ်နေလား သွန်းရွှေရည်က [...]ာလှပတဲ့ကောင်မလေး၊ မိန်းကလေးချင်းတောင်စိတ်ဝင်စားဖို့ [...]င်းတယ်။

သခ်ိက လူရိုးမိန်းကလေးတွေနှင့်ကင်းရှင်းသူ လွှန်း စိတ်ပူ[...]ည်။

'ဟို ကောင်မလေး သွန်းရွှေရည်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…လွှမ်း ဘာတွေပြောနေတာလဲ မဟုတ်တာတွေ ကိုယ့် အခေါင့်နဲ့ကွာ'

ခက်တယ် ရည်လေးရယ်ကိုယ်သတ္တိကြောင်နေတယ်။မင်းက ကိုယ့် ဘဝထဲကိုခွဲခေါ်ဖို့ မတင့်တယ်တဲ့မိန်းကလေးလို့ ကိုယ်ထင်ခဲ့ တယ် ကိုယ်မပြတ်သားရဲဘူး။

လွှမ်းကိုပင် မကြည့်ရဲတော့မျက်နှာတွေ ပူနေသည်။ လွှမ်း နှင့်ဘုရားလည်းမသွားချင် ရည် ရှိနေမလားပဲ ကိုယ့်ကိုအထင်လွဲသွား မှာလည်းစိုးရိမ်တယ်။ ကိုယ်ချစ်တာ ရည်လေးကိုပါ လွှမ်းက အတင်း အကြပ်ဘုရားသို့ခေါ်နေသည်။

'ကဲပါ ဘုရားပဲသွားကြမယ်၊ သခ်စိတ်တွေအေးချမ်းအောင် ပါ။ မနေ့ညက သခ်ပဲ လိုက်ပို့ပေးမယ်ဆို ဘာဖြစ်နေတာလဲ သခ်သွား ကြမယ်။ ရှင်ပြောင်းလဲနေတာတော့ အမှန်ပဲ'

'မဟုတ်ပါဘူး လွှမ်း ကိုယ့်မှာ တခြားကိစ္စပါ'

'ဘာပဲဖြစ်နေဖြစ်နေ ဘုရားသွားမယ်သွားနေကျလေ လာ'

လွှမ်းက သူ့လက်ကိုဆွဲပြီး ကားပေါ်တက်စေသည်။သူငြင်း မရတော့ ရည်လေးက နေ့တိုင်းတော့ရောက်လာမှာ မဟုတ်ပါဘူး သူ့စိတ်ကိုတင်းပစ်လိုက်သည် တွေ့တော့လည်းပြီးသွားတာပဲ ရည်လေး နဲ့ရှေ့ဆက်လို့ မဖြစ်ပါဘူး။ ပတ်ဝန်းကျင်မှာဂုဏ်သိက္ခာမဲ့စရာတွေဖြစ်





ယ် သူ့ဘဝတစ်လျှောက်လုံး ဂုဏ်သိက္ခာအတွက်ပဲ ရှင်သန်ရပ်တည်ခဲ့ သည်။

'သခ်နော် တွေဝေမနေနဲ့ ဂုဏ်သိက္ခာကိုလည်းထည့်တွက်ရ ယ်၊အရမ်းတည်ကြည်ပြီး စည်းကမ်းကြီးခဲ့တာရှင့်နာမည်ဂုဏ်သတင်း ပဲလေ'

'သွားမယ် လွှမ်း'

ကိုယ်ဆက်နားမထောင်ချင်တော့ဘူး၊ ရည်လေးကိုစွန့်လွှတ်ဖို့ ဆိုတာ ကိုယ်အနာကျင်ဆုံးပဲ။

ရည်လေး ရှိမနေပါစေနဲ့ ကိုယ်ဆုတောင်းနေတယ် ကိုယ် တွေဝေမနေသင့်ပါဘူး။

ဘုရားရောက်တဲ့အထိ သူ့စိတ်တွေ လှုပ်ရှားနေသည်။

'တို့နှစ်ယောက် အမြဲတမ်းပဲ ကြည်ကြည်နူးနူးဘုရားတက်နေ ခဲ့လ သခ် အခုတော့ရှင့်မျက်ဝန်းတွေမငြိမ်ဘူး။ တစ်ယောက်ယောက် ကိုရှာနေသလိုပဲ'

'လွှမ်းက ကိုယ့်ကိုအသေးစိတ်လေ့လာနေတာပဲမဟုတ်ပါဘူး တခြားပါ'

သူတို့သွားတာကဗုဒ္ဓဟူးနေ့ပဲ ရည်က သောကြာ မရှိနိုင်ပါ ဘူး သူ ဗုဒ္ဓဟူးထောင့်မှာပဲထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အရင်ဆုံး သောကြာထောင့်ကိုသွားကြမလား သခ်၊ ရှင် ...
ယောကျ်ားလေးဆိုတော့ ဦးစားပေးလေ'

'ကိုယ်မသွားပါဘူး လွှန်းပဲ ရှိခိုးပါ ဗုဒ္ဓဟူးထောင့်မှာပဲ ...
မယ်'

'သခ် ဘာဖြစ်နေတာလဲ'

'မဟုတ်ပါဘူး ကိုယ် ထိုင်ချင်တယ် လမ်းလျှောက်ရ ...
ညောင်းနေသလိုပဲ လွှန်းရာ'

'ဟုတ်လား... ပြီးရောလေ သခ်ထိုင်ဦးနော် လွှန်းပုတီး ...
မယ်၊ ပြီးမှဘုရားတစ်ပတ်ပတ်ကြရအောင်'

'အင်း'

လွှန်းက ပုတီးစိပ်နေသည်။ သူကတော့ဘုရားမှာအာရုံ ...
ရည်လေး ရောက်မလာပါစေနဲ့ဟုပဲဆုတောင်းနေရသည်။ ဘုရားတ ...
ပတ်ပတ်ရဦးမယ် လွှန်း ကိုဘယ်လိုပြောရမလဲ လွှန်း နှင့်နှစ်ယောက် ...
ရှိနေတာ ရည်လေး ကိုမတွေ့စေချင်ပေ။ အထင်လွဲမှာစိုးမိသည်။

'သခ်'

'ဟင်'

'ဘာဖြစ်လို့ ဒီလောက်လန့်သွားရတာလဲ၊လွှန်း ပုတီးစိပ်လို့ ...
ပြီလေ'





'မြန်လိုက်တာ... လွှန်း ကိုယ့်ကိုအားနာလို့လား စိပ်ပါ'

'သခ် ကတော့လေ၊ ရှင့် စိတ်တွေဘယ်ရောက်နေတာလဲ
... နှန်း ပုတီးစိပ်တာ အရင်ကလိုပဲလေ ကြာပါတယ်... ထ'

'ဟင်'

'ဘုရားတစ်ပတ်ပတ်မယ်လေ'

'လွှန်း'

'ဘာလဲ သခ်'

'ဘုရားမပတ်တော့ပါဘူး၊ ပြန်ကြရအောင် ကိုယ်နေမကောင်း
... ဘူး'

'ဟုတ်လို့လား'

'အင်း'

'ပြစမ်း'

လွှန်း စိတ်ထဲမှာ သခ် ကိုမယုံတော့၊ သခ် တစ်ခုခုတော့
ဖြစ်နေပါပြီ။ ဟိုကောင်မလေးကြောင့်ပဲဖြစ်မယ် သခ် ပြောင်းလဲနေပြီ၊
... နှန်းကတော့ သခ် အားဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ပါဘူး...
... နှန်းရွှေရည် ညည်းကဘာကောင်မလဲ ရမလား... သခ်က ဒီ
... ကောင်မလေးအားချစ်သူအဖြစ်တရားဝင်ထုတ်ဖော်မပြရဲဘူးဆိုတာ လွှန်း
... သိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ထပါ… ရှင့်စိတ်တွေရှုပ်ထွေးနေလို့ပဲဖြစ်မယ်၊ ကိုယ်မှာ တာအကောင်းကြီးပဲ… ထ'

'လွှမ်း'

'ထပါ'

မတတ်နိုင်တော့ ငြင်း၍မဖြစ်သဖြင့် သူထလိုက်ခဲ့ရသည်။ သောကြာထောင့်မှာ ရည် ရှိမနေပေ။ စိတ်ထဲမှာ ပေါ့ပါးသွားရသည်။

'သခ်က အရမ်းတည်ကြည်ခန့်ညားတာပဲ ရှင့်ကရုဏာသီ ကြီးမားတဲ့ယောကျ်ားပါ အရေးကြီးတာက စဉ်းစားဆင်ခြင်တဲ့တာရာ ရမယ်သိလား သခ်'

လွှမ်းကိုကြည့်ရတာသူ့ကိုမသက်ာပုံပင်မနက်ဖြန် သွမ်းရွှေရည် သင်တန်းလာမယ်။ ကိုယ်… တွေ့ချင်တယ် ကိုယ့်နှလုံးသားထဲမှာ သွမ်းရွှေရည်လေး ပဲရှိနေတာပါကွာ။ ဒါပေမဲ့ မင်းလေးကိုတော့ကိုယ် ပေါ်ပေါ်ထင်ထင်မတွဲရဲဘူး။

သူမှားတယ် ချစ်စကားတွေမပြောသင့်ဘူး၊ ရည်လေး ငယ်ရွယ်တဲ့သူ။ မှားတယ် လွှမ်းပြောသလိုပဲ သူကဆင်ခြင်ရ ဘုရားပေါ်ကနေဆင်းမှ သခ် စိတ်သက်သာရာရသည်။

'သခ်'

'ဟင်'





'လွှမ်းတို့ လက်ထပ်ကြမယ်၊ သခ် လက်ခံမယ်မဟုတ် လား…သခ်လည်းအဲဒီစကားကိုပြောချင်နေတာလွှမ်းသိပါတယ်၊လွှမ်းတို့ ရှင်လင်းကြရအောင်ပါနော်'

သခ်ငြင်းဆန်ဖို့လည်း တွန့်ဆုတ်နေသည်။ ဘယ်လိုလုပ်ရမ လဲ သူရွေးချယ်သင့်တာကလွှမ်းခင်ခင်ပါ သူ့ဆုံးဖြတ်ချက်ပဲ။ လွှမ်းနှင့် ဆင်းခွဲပြီး သူ့စိတ်တွေလေးလံနေသည်။

□



www.burmeseclassic.com

(၁၄)

'ရည်'

'ဘာလဲ ကမ္ဘာ နင်ဘာလာလုပ်တာလဲ၊ငါသင်တန်းသွားရ မယ်'

'ကိုယ်လိုက်ပို့မယ်'

'မပို့နဲ့လိုက်မရှုပ်စမ်းပါနဲ့ ကမ္ဘာ နင်နဲ့ငါရိုးရိုးမိတ်ဆွေအဆင့် နော် တော်ကြာပတ်ဝန်းကျင်ကတစ်မျိုး ထင်နေဦးမယ်'

'ထင်ထင်ဟာ နင်နဲ့ငါက လက်ထပ်ကြတော့မှာလေ၊ နင်ပြော လေ တစ်နေ့ကျရင်နင့်ကိုအရယူမယ်'

'သေလိုက်'

'ရည် ရယ်ဘာဖြစ်လို့ကိုယ့်ကိုဆန့်ကျင်နေတာလဲဒေါ်လေးဦး ကိုစိတ်သောကရောက်အောင်မလုပ်ပါနဲ့ ရည်ရာ၊ဒေါ်လေးက ကိုယ့်ရဲ့ သဘောတူတာပါ'





'နင့်ကို ငါစဉ်းစားရဦးမယ်၊ ဒါက ငါ့ဘဝတစ်သက်တာလုံး ကိစ္စလေ အချစ်မရှိပဲ လက်မထပ်နိုင်ဘူး'

'ကိုယ့်ကိုမချစ်တာ အရက်သောက်လို့လား'

'အင်း'

'ကောင်မလေးတွေနဲ့တော့ ကိုယ်မရှုပ်ဘူးနော်'

'ရှုပ်တယ်'

'သတင်းမှားပါ'

'နင့်သတင်းတွေက မကြားချင်မှအဆုံးပဲ'

'အဲဒါတွေက ရည်နဲ့မတွေ့ခင်ကလေ၊ တကယ်ပါကွာ ရည်နဲ့ တွေ့ပြီးမှကိုယ်အများကြီးပြုပြင်နေပါတယ်။ ဖေဖေ့လုပ်ငန်းမှာလည်း ဆိုယ်ဝင်နေပြီ'

'စောင့်ကြည့်ရဦးမယ်နော်၊ ငါ့နဲ့ဘဝတစ်လျှောက်လုံးလက်တွဲ ဆာ်က ငါချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်ကိုပဲရွေးချယ်မှာ'

'မရဘူး'

'ငါ စံထားတဲ့ အရည်အချင်းတွေတစ်ခုမှ နင့် ဆီမှာရှိမနေဘူး ကမ္ဘာ'

ရည် ခပ်ပြတ်ပြတ်ပဲ ပြောလိုက်သည်။ သူမ မှာချစ်သူရှိနေပြီ ဆိုသခ်ပဲ ရည့်ကိုချစ်သည်တဲ့၊ ရည်ကလည်း ခေါင်းညိတ်ပြီးအဖြေပေး ပြီးပြီ။ ကမ္ဘာ့ကိုခွာရမယ် တောက်တဲ့လိုကပ်နေတဲ့ကောင်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာနှင့် ပတ်သက်တဲ့ပစ္စည်းတွေ၊ အသုံးအဆောင်တွေလည်း ဒေါ်လေးညိုကပြန် အပ်ပေးခဲ့၏။ တူမလေးဆန္ဒပါပဲတဲ့ ကမ္ဘာ့ကို ပြတ်ပြတ်သားသားပဲ ငြင်းဆန်ပစ်ရမယ်။ မျက်နှာကိုတင်းထားသည်။

'ကမ္ဘာနော် နှင့်ကိုငါဘယ်တော့မှ ဖျော်လင့်ချက် မပေးနိုင်ဘူး နှင့်ရဲ့ ချမ်းသာမှုတွေကိုလဲမမက်ဘူး၊ငါက ကိုယ်ပိုင်အစွမ်းအစရှိတဲ့လူကို ပဲရွေးမှာ'

'နှင့်ဟာနှင်ရွေးချင်ရွေး ၊မရွေးချင်နေပါ ငါကတော့နှင့်ဆီလာ နေမှာပဲ ကမ္ဘာက ရွေးချယ်ပြီးပြီ'

'သေလိုက်'

'ရည်ရယ် မရက်စက်ပါနဲ့နော် ကိုယ့်နှလုံးသားတွေထဲမှာရည် မှရည်ဖြစ်နေတယ်၊ ကိုယ်ပြုပြင်နေပါပြီ။ ရည် ငြင်းရင် ကိုယ်အရင်က အတိုင်းလူဆိုးပြန်ဖြစ်သွားမယ်'

'ဖြစ်ဖြစ်လေ ရည်နဲ့ဘာဆိုင်လို့လဲ အဲ့ဒီလိုမိန်းမတစ်ယောက် အတွက်အကြောင်းပြပြီး ပျက်စီးတာအမုန်းဆုံးပဲ'

'ရည်'

'ကမ္ဘာနော်'

ကမ္ဘာ အသည်းယားလာပြီး၊ ရည့် လက်မောင်းလေးကို ဆုပ်ကိုင်လိုက်သဖြင့် ရည်အထိတ်တလန့်ဖယ်ရှားပစ်သည်။တခြား





ကောင်မလေး တွေနှင့်လုံးဝဆန့်ကျင်ပြီး သူ့ကိုငြင်းနေတာကိုပင် သူ တန်ဖိုးထားနေမိသည်။

'ရည့်ကိုချစ်တယ်၊ကိုယ်ဘယ်တော့မှ မစွန့်လွှတ်ဘူး။ ရည့် ဘက်က ကိုယ့်ကိုဥပေက္ခာပြုခဲ့ရင်တောင်ကိုယ်ကတော့ချစ်နေမှာပဲကွာ'

'လွှတ်'

'ချစ်တယ်'

'နှင့်ကို မချစ်ဘူး၊ အထင်သေးပြီးစော်ကားဖို့ မစဉ်းစားနဲ့ ကမ္ဘာ လွှတ်'

သူ လွှတ်ပေးလိုက်သည်။ရည် မကြိုက်တာဘာတစ်ခုမှမလုပ် ချင်တော့လို့ပါ၊ရည့် မျက်နှာတင်းတင်းလေးကြောင့် စိတ်ဆိုးမှာကြောက် သာလို့လည်း သူ့ရဲ့ အကြမ်းဖက်ချင်တဲ့စိတ်တွေကို ကမ္ဘာ့ ထိန်းချုပ်ပစ် လိုက်သည်။

'ကိုယ်လိုက်ပို့မယ်'

'မပို့နဲ့ ငါလွတ်လွတ်လပ်လပ်နေချင်တယ်'

'ဒါဆိုလည်း ကောင်းပါပြီ သခင်မလေးရယ် နေတော်မူပါ၊ ကိုယ့်ကိုမမုန်းလိုက်ပါနဲ့ သွားပြီနော်'

ကမ္ဘာ ပြန်ထွက်သွားတော့လည်း ရည် စိတ်မကောင်းဖြစ် သည်။ သူမအပေါ်မှာတော့ အလေးအနက်ထားလွန်းတဲ့ ကောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမကချစ်သူအဖြစ်မရွေးချယ်နိုင်ပါဘူး… ကိုသခ်ရှိနေသည်။

'ရည်လေး'

'ဟင်… ဒေါ်လေးညို'

'ကမ္ဘာလေး ကိုသနားတယ်၊ဘာပဲဖြစ်ဖြစ် ရည်လေး ကိုချစ်တယ် ဂရုစိုက်တယ် မ ကသူ့သားအရှိုးပြောင်းလာပါပြီတဲ့…'

'ဒေါ်လေးညို ရည့်မှာ ချစ်သူရှိနေပြီ၊ ကိုသခ် ကလွဲပြီးရည် ဘယ်သူနဲ့မှလက်မထပ်နိုင်လို့ပါနော်'

'အဲ့ဒီ မောင်သခ်ကရောတူမလေးကိုချစ်ရဲ့လား… ခေါ်လာ လေ၊ ဒေါ်လေးတွေ့မယ် သမီးကိစ္စ အမြန်ဖြတ်ပစ်ချင်တယ်'

'ခေါ်လာခဲ့ပါ့မယ် ဒေါ်လေးညို ကိုသခ်ကရည့်ကို အရမ်းချစ် တာပါ။မမလွှန်း လိုမိန်းကလေးတစ်ယောက်ကိုတောင်ငြင်းပစ်လိုက် တာလေ'

'ဟုတ်ရဲ့လားကွယ်… ဒေါ်လေးစိတ်ပူလိုက်တာတူမလေး လူသိထင်ရှားလက်ထင်ယူရဲ့ပါ့မလားလို့'

'ယူရဲပါတယ် ဆရာသခ်ကပြတ်သားတယ်၊စည်းစနစ်ရှိတယ် ပေါ့ပျက်ပျက်မလုပ်တတ်ပါဘူး'

'သတ္တိရှိဖို့လိုတာပါ'





'သတ္တိ'

'အင်း'

ကိုသခ်မှာ သတ္တိရှိပါ့မလား၊ ရည် တစ်ကြိမ်တစ်ခါမှမတွေး ခဲ့ ဟုတ်တယ် ဒေါ်လေးညိုပြောသလိုပဲသတ္တိရှိဖို့တော့လိုအပ်တယ်။

ရည့်ဆီဖုန်းလည်းမဆက်ဘူး။ သင်တန်းမှာတွေ့ရမှာပါ ရည့် ကိုကောင်မလေးမျိုးကိုလူသိရှင်ကြားတွဲရဲ့ပါ့မလား။ ရည် အယုံလွယ် ခဲ့သွားသည်၊ စိတ်ပူလိုက်တာ။

ဒေါ်လေးညိုပြောမှ ကိုသခ်မှာ သတ္တိရှိပါ့မလား။ သူမအခု မှစိတ်ပူလာပြီး သင်တန်းကိုထွက်လာခဲ့သည်။

'ဟဲ့… သွန်းရွှေရည် နင့်ကိုသင်တန်းကထုတ်ပြီးပြီလေ'

'ဆရာက လာတက်ဆိုလို့ပါ… '

'နင် အရှက်မရှိဘူးလား၊ စည်းကမ်းပျက်တဲ့ကျောင်းသူကို လက်ခံရင် သင်တန်းနာမည်ပျက်မယ်… '

သွန်းရွှေရည် စောစောစီးစီးရောက်လာ၍ လွှန်း အမြင်ကတ် သည်။ ဘာလာလုပ်တာလဲ သခ်ကလည်း စည်းကမ်းပျက်မလေးကို အဖြစ်လို့များလက်ခံချင်တာလဲ၊ သခ်မပြတ်သားတော့ဘူး…လွှန်း စိတ်မှာကြေြာတင်းထားသည်။

'နင် အစောကြီးဘာလာလုပ်တာလဲ၊ အခုမှစည်းကမ်းရှိပြ ချင်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ဆရာကလာလို့ပြောလို့ပါ'

'နှင့်ကြောင့် သခ် တော့သိက္ခာကျတော့မယ်၊ နာမည်ပျက်ပြီ။ အမြဲတမ်းတည်ကြည်ခန့်ညားတဲ့သူ နာမည်တစ်လုံးနဲ့နေတာ။ နင်ရော အနေအထိုင်ဆင်ခြင်'

'ကျွန်မ ဘာလုပ်လို့လဲ'

'နင့်ဟာနင် သိမှာပေါ့'

မမလွန်းရော ဒီနေ့အစောကြီးရောက်နေသည်။ လာပြီးချောင်းတာများလားပဲ။ကိုသခ်ရော စောစောရောက်သင့်ပါတယ်၊ရည် စိတ်ညစ်နေသည်။ဆရာသခ်မှာရောသတ္တိရှိပါ့မလား…ရည် ကတော့စိတ်ဖောပြီးအစောကြီးရောက်လာသည်။

မျက်နှာတော့ အပ္ပသားပဲ။ သင်တန်းသို့ သင်တန်းသားတွေ တဖွဲဖွဲရောက်လာပြီး ရည့်ကိုအထူးအဆန်း ကြည့်နေသည်။ ရှုတ် လိုက်တာမလာမိရင်အကောင်းသားပဲ ဆရာရော သူမငိုပစ်ချင်လာသည်။

'ဟော့… မင်းကို ဘယ်သူကလက်ခံတာလဲ၊ ဆရာက စည်းကမ်းဖောက်ဖျက်ရင် လက်မခံဘူး နင်အရှက်ပိုရလိမ့်မယ်'

သူမဘေးမှာထိုင်တတ်တဲ့ သူသူမေကပြောသည်။ သူမဘာမှ မတုံ့ပြန်ပါ။ ဆရာသခ်ကလူသိရှင်ကြားတောင်းပန်မည်ဟုပြောထားသည်။ ဆရာက သင်တန်းချိန်အတိအကျမှရောက်လာမယ်ထင်တယ်။





မမလွန်းကတော့မကျေမနပ်နှင့်မျက်စောင်းထိုးပြီး သူမတာဝန်ယူရတဲ့အခန်းသို့ ထွက်သွားသည်။

သင်တန်းချိန်အတိအကျတွင် ဆရာသခ် ဝင်လာ၏။အားလုံး နှုတ်ဆက်ကြသည်။

'မင်္ဂလာပါဆရာ'

'ထိုင်ကြပါ မင်္ဂလာပါ'

သူမရင်တွေတထိတ်ထိတ်ခုန်နေသည် သတိလစ်ချင်လာ၏။ ဆရာက သူမဘက်သို့မကြည့် တောင်းပန်မယ်ဆို၊လူသိရှင်ကြား ဆရာ မှားပါလို့ပြောမယ်ဆိုလို့ ကျွန်မရောက်လာခဲ့တာပါ။အခုတော့ ဆရာ သခ်က စာပဲဆက်သင်နေသည်။

ဆရာ ဘာမှမပြောပေ၊မျက်နှာကြီးကရဲလို့ မနေ့ညက ဆရာနဲ့ ကျွန်မ ချစ်သူတွေဖြစ်ခဲ့ကြတယ်လေ။ ချစ်သူအဖြစ် အမှတ်တရ အနမ်း လေးတောင် ဆရာက ကျွန်မကိုနမ်းခဲ့တာပဲ။ ဆရာ့မှာ သတ္တိမရှိတာပဲ၊ ပိုင်ဆိုင်ရဲတာ ကျွန်မက ဘာလဲဘယ်လောက်အထိ အောက်တန်းကျ လို့လဲဟင်။ ရည် ထပြောချင်သည်။

'ဆရာနဲ့ စကားတွေအများကြီးပြောပစ်ချင်တယ်… ကျွန်မကို ဘာလုပ်မလို့လား၊ ဆရာ့ကို ကျွန်မအရမ်းချစ်နေမိပြီနော်'

သူမ စိတ်တွေယောက်ယက်ခတ်ကာ အသားတွေတဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်တုန့်ရှိချင်လာသည်။ ဒါပေမဲ့ ဆရာ့ဂုဏ်သိက္ခာအတွက် သူမငြိမ် သက်နေရ၏။ လူတွေရှိနေလို့လေ ဆရာ ကိုသူမမျက်လုံးချင်းဆုံအောင် ကြည့်ပေမဲ့ ဆရာက တစ်စက်လေးပင် မကြည့် အရမ်းတည်ကြည် ညားလွန်းတဲ့ ဆရာတစ်ယောက်ရဲ့အိုက်တင်က အပြည့်ပဲ၊ သင်တန်း ပြီးချိန်နီးတော့ အခန်းဝတွင်မမလွန်းက စောစီးစွာစောင့်နေသည်။

'ဟဲ့'

'ဟင်'

'ဆရာက မင်းကိုဘာမှမပြောဘူးနော် လက်ခံသားပဲ၊ ဟို မမလွန်း အဖြစ်သဲသဲပဲဟယ်'

သင်တန်းပြီးတော့ ဆရာသခ်က ခပ်သွက်သွက်ပဲအပြင်ထွက် သွားပြီး မမလွန်းကားပေါ်တက်သည်။ ဘာသဘောလဲ။ ကျွန်မ အရူးလုပ်တာလား၊ ဆရာပဲ ချစ်တယ်ဆို ဘာသဘောလဲ သူမထွက်လာခဲ့သည်။

'စည်းကမ်းပျက်တဲ့သင်တန်းသူကိုလက်ခံတာ ဆရာ အတွက် ပထမဆုံးပဲ ရည်။ ထူးဆန်းတယ်။ သူကလေမောင်းထုတ် မယ်ထင်ထားတာ နင့်ကိုလက်ခံလို့ဝမ်းသာပါတယ်ဟယ်။ ဗိုက် ပေးပြီး မတက်နိုင်ဘူးမဟုတ်လား'

အရေးထဲ သူသူမေက တစ်မျိုးပဲ။





'ဟဲ့… ရည် နင့်စိန်လက်စွပ်ရော…'

'ဒုက္ခပါပဲ စပ်စုလိုက်တာ မသိဘူး'

'နင်ကလည်းဟယ် သိချင်လို့မေးတာပါ၊နင့်စိန်လက်စွပ်လေး က အရမ်းလှတယ်၊ တန်ဘိုးလည်းကြီးမယ်'

'အဲ့ဒါ အတု… အတုကြီး သိပြီလား'

'ဟုတ်လား သူလည်း အပါတယ်၊ ထင်တော့ထင်သားပဲ အစ်တော့တတ်နိုင်မှာမဟုတ်ပါဘူးလို့'

သူမဘာမှဆက်မပြောတော့ပဲ ထွက်လာခဲ့သည်။

□



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ကိုသခ်ဆီ ရည် ဖုန်းဆက်တော့ဖုန်းက မမလွန်း ကိုင်သည်။ ကိုသခ်နှင့်မမလွန်း အတူတူရှိနေသည့်သဘောလား၊ ဘာကြောင့်လဲ

ဆရာက ရည့်ကိုတဒင်္ဂလေးပဲချစ်တာလား။ ရည် ရူးသွပ်တော့မယ် ထင်တယ်။ သူမစိတ်တွေချောက်ချားနေ၏။ ဒေါ်လေးညိုကို ဘယ်လိုရင်ဆိုင်ရမလဲ။ ဆရာ သတ္တိမရှိတာလား။

ရည် ဖုန်းထပ်ဆက်တိုင်း မမလွန်းပဲကိုင်နေ၏။ ဆရာက တမင် ရည် ဆက်သွယ်မှာစိုး၍ မမလွန်း ကိုပဲဖုန်းပေးထားတာလား သူမစိတ်ကောက်ပစ်လိုက်သည်။

'ကျွန်မရူးတော့မယ် ကမ္ဘာရေ ရည်တော့ ဝဋ်လည်ပြီ ထင်တယ်'

ကမ္ဘာ့ ကိုသတိရလိုက်တာ ဘာပဲပြောပြော ကမ္ဘာ ကရည့်ကို





နေတဲ့လူ ဆရာသခ်ကို ကတိတည်မည့်ယောကျ်ားတစ်ယောက်ဟု င်ထားကောမှားပြီးထင်တယ်။ သူမညနေစောင်းတော့ဘုရားမှာထိုင်ဖြစ် ည်။

'ကိုသခ် ရောက်လာမှာပါ ၊ ရည့်ကို လာတွေ့မှာပါ'

သောကြာထောင့်မှာ ရည် ထိုင်သည် ကိုသခ် ကိုမျှော်နေခဲ့၏။ နာရီအထိရောက်မလာပေ။

ရက်စက်လိုက်တာ ကိုသခ်ရယ် ရည်လေ ဒေါ်လေးညိုနဲ့ င် အတိုက်အခံလုပ်ပြီး ကိုသခ်ကိုချစ်ခဲ့ရတာပါ။ရင်တွေပူနေ ည်။ အချိန်တွေတဖြည်းဖြည်းကြာလာသော်လည်း ကိုသခ် ရောက် ာပေ။

သူမဆက်မနေသင့်တော့၍ ဘုရားပေါ်မှပြန်ဆင်းလာခဲ့သည်။

'ရည်လေး'

'ဟင်'

ရည် ကားငှားမည်လုပ်တော့… ကိုသခ် ရောက်လာသည်။ တရက်သူမပျော်သွားပြီး ဒေါသတွေပျောက်ကုန်၏။ ရည် အလွန် င်းတွေ့ချင်နေတဲ့ချစ်သူပါ ကားလေးကိုမှီကာရပ်နေသည်။

'ကားပေါ်တက်လေ ရည် ကိုယ်တို့အေးအေးဆေးဆေးစကား ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရှိတော့ဘူး ဒေါ်လေးညိုက ရည့်ကိုအချိန်မတော်အပြ
ထွက်တာမျိုးမကြိုက်ဘူး။ ဒီအချိန်ကြီးမှ ကိုသစ် ဘာဖြစ်လို့ရောက်လာ
တာလဲ သူမနှုတ်ခမ်းလေး စူထော်သွားသည်။

'တက်လေ ရည်'

'ရည် ပြန်တော့မယ်'

'ကိုယ့်ကို စိတ်ဆိုးနေတာလား'

ရည့် ကိုမတွေ့တော့ဟုဆုံးဖြတ်ထားပေမဲ့ သခ်စိတ်မနိုင်
ချင်နေသည်။ ထို့ကြောင့်ပင် လှန်းပြန်သွားတဲ့အချိန်ကျမှ ထွက်လာ
ပါ။သူချစ်တာကရည်လေးပါ ရည်လေးက ပြန်မယ်လုပ်နေသဖြင့်သူ
သူမလက်ကလေးကိုဆွဲယူပြီး ကားပေါ်တက်စေသည်။

'ကျွန်မ အရမ်းနောက်ကျလို့မဖြစ်ဘူးသရာပြီးတော့နောက်
သွားရင်လည်း ကျွန်မ ပြန်မှာမဟုတ်ဘူး'

သူ ဘာမှပြောမနေတော့ပဲ ကားကိုမောင်းလာခဲ့သည်။ လူ
တဲ့နေရာတွင်ရပ်လိုက်၏။ ရည့် မျက်နှာလေးကစောစောကလော
ဒေါသရိပ်တွေ လွှမ်းမနေတော့ ငြိမ်သက်နေသည်။

'ရည်လေး ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ်သတ္တိမရှိ
ပါပတ်ဝန်းကျင်ကိုကိုယ်ရင်မဆိုင်ရဲသေးတာပါ'

'ကျွန်မကို အရူးလုပ်တာလား... ဟင် သင်တန်းမှာအရ
အရှက်ရခဲ့တယ်၊ ကိုသစ်ကြောင့် ကျွန်မလာခဲ့တာပါ'

'ရည်လေး ခံစားချက်တွေကို ကိုယ်နားလည်ပါတယ်၊ ကိုယ်
တောင်းပန်ပါတယ် ရည်လေးရယ်နော် ကိုယ်ချစ်တာ ရည်လေးပါယုံပါ
ကိုယ့်ကိုအချိန်နည်းနည်းပေးပါ'

'ကိုသစ် သတ္တိမရှိတာမဟုတ်လား၊ ရည့်လိုကောင်မလေးမျိုးနဲ့
ပေါ်တင်တင်မတွဲရဲခဲ့တာပါ'

'ကိုယ်ဝန်ခံပါတယ် ရည် တောင်းပန်ပါတယ်၊ အချိန်လေး
ပါ ကိုယ်တောင်းဆိုတာပါ'

'ကိုသစ်မှာသတ္တိမရှိရင် ကျွန်မကို မေ့ပစ်လိုက်ပါတော့၊
စရာမရှိပါဘူး ကိုသစ်'

'ရည်'

'ကျွန်မပြန်တော့မယ်'

ရည်ငိုချင်နေသည်။ကိုသစ်ကိုရည်ဘယ်လောက်ချစ်လဲဆိုတာ
ရည်အသိဆုံးပင် ရည် သေပစ်ချင်နေတာသိရဲ့လား။ သူမ ကိုပွေ့ဖက်ပြီး
ချော့တော့သူမပျော့သွားမိရ၏။ ကိုသစ်နဲ့လည်းရည်လေး မခွဲနိုင်ပါဘူး။
ရည်လေးစံထားရတဲ့ယောကျ်ားတစ်ယောက်ပါနော် သူမ စိတ်ဆိုးတာ
တွေ ဒေါသဖြစ်တာတွေ ပျောက်ဆုံးသွားရသည်။

'ကိုကို့ ကိုရည်ချစ်တယ် မခွဲနိုင်လောက်အောင်ပါပဲ။ ရည်
သွားမတတ်ပဲကိုကိုရယ်'



www.burmeseclassic.com

www.burmeseclassic.com



ရည် မထင်မှတ်ပဲ ကိုကိုဟုခေါ်မိသွားသည်။ နှလုံးသားထဲမှ အလွန်အမင်းချစ်ရလို့ပါ။ ကိုကိုကလည်း သူမအား ချစ်မြတ်နိုးကြောင်း တတွတ်တွတ်ပြောနေခဲ့၏။

ယုံကြည်ပါတယ် ကိုကိုရယ်။ တည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ကတိပဲ ရည်လည်းကိုကို့ကို နားလည်မှု အပြည့်အဝပေးပါတယ် အရမ်းချစ်လို့ပါ။ သူမနှင့် ကိုကို အချိန်ကြာကြာနေမိသွားသည်။

'ကိုယ်တို့ပြန်ကြရအောင် နော် ကိုယ်လိုက်ပို့ပေးမယ်'

'ကိုကို'

'ပြော'

'ဒေါ်လေးညီနဲ့ တွေ့လိုက်ပါလား'

'ခဏလောက်စောင့်ပေးပါဦး ရည်လေးရယ် မတွေ့ချင်သေးဘူး'

'ကိုကိုသတ္တိမရှိပြန်ဘူးလား'

'ကိုကို့ ကိုအချိန်ပေးပါ ကိုကိုလည်း ရည်လေးနဲ့မခွဲနိုင်ပါဘူး။ အရမ်းချစ်လို့ဖွင့်ပြောခဲ့တာပါကွာ၊ ကိုကိုဟာဘယ်လိုလူမျိုးလည်းဆိုတာ ရည်လေး သိပါတယ်လေ'

'ကိုကို့ ကိုရည်လေးနားလည်ပါတယ်၊ ကိုကို့ကိုအခက်တွေ့အောင် ရည်လေးမလုပ်ပါဘူး'





'ရည်လေးရယ်'

ကိုကို့အား ရည်လေးနားလည်ပေးချင်သည်၊ ဖြစ်နိုင်လျှင်ကိုကိုထားရာမှာနေ စေရာကိုသွားချင်ပါတယ်။ သူမချစ်သူကို ချစ်သည်။

'ရည်လေး သင်တန်းကို မလာနဲ့တော့နော်'

'ဟင်... ဘာဖြစ်လို့လဲ ကိုကို'

'ပတ်ဝန်းကျင်မှာ ရှောင်နေတာကောင်းမယ် ထင်တယ်'

'အင်း... ကိုကို့သဘောပဲနော် ရည်လေးကြောင့် ကိုကို့စိတ်တွေ အနှောက်အယှက်မဖြစ်စေရပါဘူး'

သခ် နှလုံးသားတွေ နာကျင်သွားရသည်။ ရည်လေး ကိုသူချစ် မိနေ၏။ တကယ်တော့ ရည်လေးနှင့်မတွေ့ဖို့ဆုံးဖြတ်ထားပြီးသားပါ။

ဒါပေမဲ့ သူတွေ့ချင်လာ၍ လာခဲ့ခြင်းပင် လက်မထပ်နိုင်ပဲ မိန်းကလေးတစ်ယောက်ကို မချစ်သင့်ကြောင်းသခ်သိသည်။ ခက်နေတာကရည်လေး ကိုမစွန့်လွှတ်နိုင်တာပဲ သူပြန်လာခဲ့သည်။

တစ်ညလုံး အိပ်၍မပျော်ပေ ရည်လေးကိုမစွန့်လွှတ်သင့်ဘူးလား၊ စွန့်လွှတ်သင့်လားဆိုတာ တွေဝေနေဆဲပင် သခ် မိန်းကလေးတစ်ယောက်နှင့်ချစ်သူတွေ အတိအလင်းမဖြစ်ဘူးခဲ့ ရည်လေးကချစ်ဦးသူ ဟန်ဆောင်နေရတာကို မုန်းတီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်လေးနှင့်လက်ထပ်ပြီး သူ့ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်ပစ်ချင်လာ၏။ သတ္တိမရှိ သူလက်ထပ်ဖို့ရည်ရွယ်ထားတာက ရည်လေးလို လူ့လောကကြီးအကြောင်းဘာမှမသိသေးတဲ့ ကောင်မလေးမဟုတ်ပါဘူး။ လွန်းပဲ သူလက်ထပ်ရမှာက လွန်းခင်ခင်။ မနက်မိုးလင်းတော့ လွန်းက သူ့ကိုလာနှိုးသည်။

'သခ် ဘယ်အချိန်ရှိနေပြီလည်း သင်တန်းသွားရမယ်လေ'

'ဟင်'

လွန်း လာနှိုးမှနာရီကိုကြည့်မိတော့အချိန်ကနီးကပ်နေပြီ သူ ကပျာကယာထသည်။

'သခ် ဘာတွေဖြစ်နေတာလဲ၊ အကျင့်တွေတောင်ပျက်နေပြီပဲ'

'Sorry ပဲကွာ၊ ကိုယ်ညကအိပ်မပျော်ဘူး၊ အိပ်မက်ဆိုးတွေမက်နေတယ်'

'သခ် ဘာတွေဖြစ်နေတာလဲကွာ၊ မျက်နှာလည်းညှိုးနေတယ် အပူသောကတွေရှိနေပုံပဲ'

'မရှိပါဘူး လွန်းရာ၊ ဖယ်ပါ ကိုယ်မျက်နှာသစ်တော့မယ်'

'အခင်းသင့်ပြင်ပေးထားပါတယ်ရှင် ရေချိုးခန်းထဲပဲ ကြွပါ'

သခ် ကိုမသက်ဘူး တစ်ခုခုတော့ဖြစ်နေပြီ။ သေချာတယ်။ ဟိုကောင်မလေးကြောင့်လား··· သခ် ရေချိုးခန်းဝင်သွားသည်နှင့်သခ်





ခုတင်နှင့် စာကြည့်စားပွဲမှာ ရှာကြည့်မိ၏။ ဘာမှမတွေ့ရဘူး လွန်းတစ်ခန်းလုံးအနံ့ရှာသည်။

တွေ့ပြီ··· ချိတ်မှာချိတ်ထားတဲ့အင်္ကျီပဲ၊ စပို့ရှပ်ကြယ်သီးမှာ ဆံပင်တွေ။ကြည့်စမ်း ဒီအင်္ကျီကမနေ့ညကဝတ်ထားတာပါ သခ် ဘာတွေရှုပ်နေလဲ။ ဆံပင်တွေက ရင်ဘတ်တည့်တည့်မှာပါ မရိုးသားတော့ဘူး။ သခ် ကောင်မလေးတစ်ယောက်ယောက်နဲ့ရှုပ်နေတာပဲဖြစ်နိုင်သည်။

'လွန်း ဘာတွေလုပ်နေတာလဲ'

'ဟို··· ဟို သခ် အခန်းကိုရှင်းပေးနေတာလေ'

သခ် ကိုဘာမှမပြောဘဲ တိတ်တဆိတ်စုံစမ်းဖို့ပဲဆုံးဖြတ်ထားသည်။ သခ်ရယ် ဘယ်မိန်းမရဲ့ညှတ်ကွင်းထဲ ရှင်သက်ဆင်းမိနေပြီလဲဟင်၊ မိန်းကလေးတွေနှင့်အကင်းရှင်းဆုံးနေတာ လွန်း အသိဆုံးပဲ သူမ စိတ်ကပူနေရသည်။

'လွန်း ပြီးပြီလေ၊ ဘာတွေစဉ်းစားနေတာလဲ'

'သခ်'

'ပြော'

'လွန်းတို့ လက်ထပ်ကြရအောင်နော် အသက်အရွယ်အရသည်း လက်ထပ်သင့်နေပြီလေ'



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦးကွာ လွှမ်းကလည်း ဘဝတစ်သက်တာအရေးပါ'

'အဲ့ဒါကြောင့်ပြောတာပေါ့ သန်း တော်ကြာဆက်စလူးမလေးတွေနဲ့တွေ့ပြီး ရှင့်ဘဝတစ်လျှောက်လုံး အပူမီးတွေတောက်လောင်နေလိမ့်မယ် သတိထား'

'သွားကြစို့ လွှမ်း'

'သန်း'

'ဟင်'

'အင်္ကျီကြယ်သီးတွေကလွဲနေပါလား၊ ရှင်ဘာတွေဖြစ်နေတာလဲ။ ဒီလောက်သေသပ်ပြီးတိကျတဲ့သူက'

'ဟုတ်သားပဲ'

လွှမ်းပြောမှ သူအင်္ကျီကြယ်သီးတစ်ထားတာ လွဲနေမှန်းသိသည်။ ဒုက္ခပါပဲ သူ့စိတ်တွေကမလုံတာ လွှမ်း ကိုရင်ဆိုင်ဖို့ခက်နေ၍ အလွဲလွဲအမှားမှားတွေဖြစ်နေသည်။

'သန်း တော့မဟုတ်တော့ဘူးကွာ လွဲစရာလား၊ ရှင်ဘယ်တုန်းကမသေမသပ်နေခဲ့ဘူးလို့လဲ'

လွှမ်းက သူ့အင်္ကျီကြယ်သီးကိုပြန်တပ်ပေးနေသည်။ လွှမ်း အသက်အရွယ် ပညာအရည်အချင်းကသူ့အတွက် အတင့်တယ်ဆုံးပါပဲ၊ လွှမ်းကိုပြတ်ပြတ်သားသားငြင်းပယ်ဖို့လည်းခက်သည်။





ရည်လေး နှင့်လက်ထပ်ဖို့ဆိုတာသူ့အတွက်အရှက်ရစရာဟုပင် ထင်နေ၏။လွှမ်းက သူ့ကိုခပ်စူးစူးလေးကြည့်သည်။

'ဘယ်လိုလဲ သန်း ရှင့်ဘက်ကမဖြစ်နိုင်တာလား'

'မဟုတ်ပါဘူးကွာ၊ ကိုယ့်ကအချိန်လေးပဲစောင့်စေချင်တာပါ'

'ဘာအချိန်လဲ လွှမ်း တို့ကအိမ်ထောင်ပြုရမယ့် အရွယ်တွေပဲလေ ပညာရော အလုပ်အကိုင်ရော ဘာလိုသေးလဲ'

'ဟုတ်ပါတယ် လွှမ်း ဒါပေမဲ့…'

'သန်းမှာ ချစ်သူရှိနေပြီလား ဟင်'

'မရှိပါဘူး လွှမ်း'

'တကယ်နော်'

'တကယ်မရှိပါဘူး၊ ကိုယ့်ဘဝမှာ လွှမ်း တစ်ယောက်ကိုပဲ အနီးကပ်နေခဲ့တာပါ မရှိပါဘူး'

သူတကယ်ပဲဝန်မခံရဲသေးပေ သတ္တိမရှိတာပါ။ ရည် လို့သာ ပြောလိုက်ရင် လွှမ်း ကဟားတိုက်ရယ်မှာ သူက ဂုဏ်သိက္ခာကိုတန်ဖိုးထားသူမဖြစ်သေးပါဘူး၊ သူစဉ်းစားဦးမယ်။

အချစ်ဆိုတဲ့အချက်တစ်ခုတည်းနဲ့တော့ ဘဝကို မဆုံးဖြတ်နိုင်ပေ။ သူ့ခန္ဓာကိုယ်မှာ ဇောချွေးတွေပင် ပြန်လာသည်။

'လွှမ်းကိုရော လက်ထပ်ဖို့ သန်း လက်မခံနိုင်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး… လွှမ်းရာ ကိုယ်ရွေးချယ်ရမှာက လွှမ်းပါ ဒါပေမဲ့'

'ဒါဆိုလည်း လွှမ်း စီစဉ်တော့မယ်။ တစ်လအတွင်း လူကြီးစုံရာနဲ့ ရေစပ်မယ် နောက်မှလက်ထပ်ဖို့ စီစဉ်မယ်လေ'

လွှမ်းက သခ်အဖြေကိုမစောင့်တော့ပဲထွက်သွားသည်။ သူဘယ်လိုဆက်လုပ်ရမလဲ။ရည်လေး ကိုစွန့်လွှတ်လိုက်တာအကောင်းဆုံးပါပဲလေ၊သူ့ရဲ့ပွဲတက်စနီးက လွှမ်းပဲဖြစ်သင့်ပါတယ်။ သခ် တွေဝေနေသည်။

□



## (၁၆)

'ရည်လေး… ညကဘာဖြစ်လို့ဒီလောက်အထိနောက်ကျရတာလဲ၊ ဒေါ်လေးညို ညကမဆူချင်တော့လို့ ချစ်သူနဲ့ချိန်းတွေ့နေတာလား… '

'ဟုတ်ကဲ့ပါ ဒေါ်လေး ကိုကိုနဲ့ပါ'

'ကိုကို'

'အင်း…အဟဲ ကိုကိုနဲ့တွေ့နေတာပါ၊ရည်လေးတို့လက်ထပ်ဖို့ကိစ္စတွေတိုင်ပင်နေကြလို့ပါ'

'ဒါဆိုလည်းခေါ်လာခဲ့လေ ဒေါ်လေးဘယ်လောက်အထိတူမလေးအတွက်စိတ်ပူရလည်းဆိုတာ သိတယ်နော်'

'သိပါတယ်ကိုကိုက ရည်လေးကိုလက်ထပ်မှာပါ ဒေါ်လေးနဲ့တွေ့ဖို့အချိန်နည်းနည်းပေးပါတဲ့'

'ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို့မှာအသိုင်းအဝန်းတွေ ရှိသေးတယ်လေ'

'ရည်လေးပြောတော့ မိဘတွေမရှိဘူးဆို'

'မရှိပါဘူး… ဒါပေမဲ့ ကိုကိုက ဆရာလေရုတ်တရက်ကြီးဆို တော့ ရည်လေးလည်း အတင်းအကြပ်မတောင်းဆိုချင်ပါဘူး'

'ညည်းကို ဒေါ်လေး တစ်လပဲအချိန်ပေးထားတာနော်၊ လက်မထပ်သေးရင်တောင် လူကြီးမိဘကို လူချင်းတွေ့ဆုံသင့်တယ် လေ'

ဒေါ်ညိုကတော့ စိတ်ပူမိသည်။ တူမချစ်သူက တည်တည် ခန့်ခန့်ဂုဏ်သိက္ခာနှင့်နေထိုင်သူဖြစ်ပါ့မလား။မိမိတူမကလူ့လောကကြီး အကြောင်းဘာမှသိတာမဟုတ်ဘူး ကလေးဆန်သည်။ တူမလေးချစ်သူ အချိန်ဆွဲနေတာ ရိုးသားပါ့မလား။

ဒေါ်ညိုညို စုံစမ်းရမယ်။ တူမလေးအနာဂတ် မလှမပ ဖြစ်သွားမှာ အကြောက်ဆုံးပင် စိတ်မအေးပါဘူး။

ကမ္ဘာလေးကတော့ ရည်လေးကိုချစ်လွန်းသည်။ အခုဆို စီးပွားရေး လုပ်ငန်းခွင်တောင်ဝင်နေပြီ ရည်လေးကြောင့်ခက်ပါတယ် လေ။ ညက ဘယ်မှာနေကြလဲ၊ တော်တော်ညဥ့်နက်သည်။

'ဒေါ်လေးညိုကလည်း ရည်လေးကို ဘာဖြစ်လို့မယုံသင်္ကာ ဖြစ်နေရတာလဲ ရည်လေးကတော့ ကိုကို့ အချစ်တွေကိုယုံတယ်'





'ရည်လေး'

'ဟင်'

'ပေါ့ပေါ့ဆဆမလုပ်နဲ့နော် ဒေါ်လေးညိုက လူကြီးဆိုတော့ သိနေတယ် စိတ်ပူရတယ်'

'ဟား… ဟား… ဟား…'

'ဟဲ့'

'ဒေါ်လေးညိုက ရည့်ကို ဘယ်တုန်းကများ စိတ်မပူခဲ့လို့လဲ၊ စိတ်ပူတာတော့ ပူတာပေါ့လေ အရက်သမားလူ့ပေါ်ကြောနဲ့ကျမှ စိတ်အေးတယ် ထင်ရလား'

'ဟဲ့… ကမ္ဘာလေးကမိဘတွေအလိုလိုက်ထားလို့ပါအေ၊ သူမလေးကိုအရမ်းချစ်တာပါ ပျာယာခတ်အောင်ဂရုစိုက်တာပဲ…'

'အလကားပါ ဒီလိုလူမျိုးကအကျင့်စရိုက်ကိုပြင်တယ်ဆိုတာ လိမ်ညာဟန်ဆောင်နေတာ လက်ထပ်ပြီးရင်ကြည့်'

'အင်းလေ… ညည်းကမှမချစ်တာပဲ သခ်ီဆိုတဲ့ညည်းချစ်သူ သူရော ညည်းကိုပေါ်ပေါ်ထင်ထင်လက်ထပ်ရဲမလား စောင့်ကြည့်ပါ ပြီး ဒါပဲနော် နောက်ဆိုညတွေအပြင်မထွက်ရဘူး သူတွေ့ချင်ရင်အိမ်ကို ထားခဲ့ ဒေါ်လေးညို သဘောတူလက်ခံမယ်လို့ ပြောထားပြီးပြီပဲ'

'အင်းပါ'

www.burmeseclassic.com



'ညည်း… သင်တန်းသွားမယ်မဟုတ်လား'

'အင်း'

'ပြင်တော့လေ ညည်းပညာရေးလည်းအထိခိုက်မခံနိုင်ဘူး ညည်းအနာဂတ်မှာလည်း အကောင်းဆုံးတွေပဲ ဖြစ်နေစေချင်တယ်'

'သိပါတယ် ဒေါ်လေးရဲ့ ရည်လေးအတွက်ဘယ်လော အထိအနစ်နာခံပြီးကျွေးမွေးစောင့်ရှောက်လာခဲ့လဲဆိုတာ ရည်လေ မမိုက်မဲပါဘူး'

'ပြီးတာပါပဲလေ'

ရည်လေးသင်တန်းမတက်တော့တာ ဒေါ်လေးညိုမသိ တူမအတွက်ပူပင်တတ်လွန်း၍ ရည်မပြောပြတာပါ။ အပြင်တော့ထွက် မယ် ဘယ်ကိုသွားရမလဲနော်။

သူမဘယ်သွားရမှန်းမသိဖြစ်နေစဉ်မှာပင် ကမ္ဘာ ရောက်လ ၏။ စားစရာတွေ အသုံးအဆောင်တွေတစ်ပွေ့တစ်ပိုက်နှင့်ဖြစ်သည်

'ကမ္ဘာလေး ဘာတွေလဲကွယ် ပစ္စည်းတွေတစ်ပွေ့တစ်ပို နဲ့ပါလား'

'ရည်လေးအတွက်ရော၊ အန်တီညိုအတွက်ရောပဲလေ။ က ဒေါ်လေးညိုလာပါဦးတဲ့'

'အေး… ဒေါ်လေးလည်းလာမလို့ပဲ၊ မင်းသူငယ်ချင်





သင်တန်းသွားတော့မလို့လေ အတော်ပဲ ဒေါ်လေးညိုလိုက်ခဲ့မယ်။ ည်လေးသွားတော့လေ'

'ကမ္ဘာ့ကိုလိုက်ပို့နိုင်းမလို့ ဒေါ်လေးညို'

တူမစကားကြောင့် ဒေါ်ညိုညို အံ့သြသွားရသည်။ ဒီကောင်မ လေး ကမ္ဘာနှင့်အပြင်ထွက်ရမှာသေမလောက်ကြောက်သူပင်။ လက် ဆောင်ပစ္စည်းတွေယူလာ၍ အားနာတာပဲဖြစ်မည်။

'ဒါဆိုလည်း ဒေါ်လေးညို တစ်ယောက်တည်းပဲသွားမယ်၊ ည်လေး ကိုပဲလိုက်ပို့ပေးပါကွယ်'

'ဟုတ်ကဲ့ စိတ်ချပါ ဒေါ်လေးညိုရယ် ကမ္ဘာတို့ကဒီအခွင့် ရေးကိုစောင့်နေတာပါ'

ရည်က အကြံနှင့် ကမ္ဘာ ကိုခေါ်ပြီးအချိန်ဖြုန်းမည်။ ပြီးတော့ င်တန်းကိုသွားမယ် ကိုကို့ကိုတွေ့ချင်လို့အဝေးကပဲဖြစ်ဖြစ် မြင်တွေ့ သည်။ မမလွန်းနဲ့ရောဘယ်လိုအခြေအနေလဲ ကိုကိုသတ္တိရှိပြုံမလား၊ တို့အတွက် ရည်အမြဲတမ်းပူပင်သောကရောက်နေရသည်။

'ကမ္ဘာ'

'ပြော'

'ငါမနက်စာဘာမှမစားရသေးဘူး၊ အရင်ဆုံးတစ်ခုခုသွားစား အောင်'



www.burmeseclassic.com

www.burmeseclassic.com



'ရည် သင်တန်းသွားရမယ်ဆို'

'မသွားပါဘူး ဗျင်းလို့'

'ရည်ကလည်းကွာ'

'ဘာလဲ ကမ္ဘာက ရည်နဲ့အပြင်မသွားချင်ဘူးလား'

'မဟုတ်ပါဘူးကွာ… ရည် သွားမယ်ဆိုရင် ကိုယ်ကအချိန်ပျော်ရွှင်တက်ကြွပြီးလိုက်ပို့ပေးချင်တာပါ'

'ပြီးရော… '

'ကိုယ် အကောင်းဆုံးစားသောက်ဆိုင်ကိုခေါ်သွားမယ်'

'Ok'

တကယ်တော့ ကိုကိုစာသင်နေတဲ့အချိန်တွေကို စိတ်ထဲ ရင်တွေခုန်နေရလွန်းလို့ ကမ္ဘာ နဲ့အချိန်တွေဖြုန်းပစ်နေတာပါ ကိုကိုရေ ရည်လေအရမ်းသောကတွေများနေရတယ် ကိုကို့ကိုအချိန်ဘယ်လောက် အထိပေးရမှာလဲဟင်။ ဒေါ်လေးကတွေ့ချင်နေပြီ။ ကိုကိုသတ္တိရှိ တော့။ ကမ္ဘာက နာမည်အကြီးဆုံးစားသောက်ဆိုင်ကိုခေါ်လာသည်

'ကမ္ဘာ'

'ဟာ… သူငယ်ချင်း… ကျော်ကျော်'

'သူက'

'ငါနဲ့လက်ထပ်မယ့် ကောင်မလေးလေ သွန်းရွှေရည်တဲ့'





'အရမ်းချောတယ်ကွာ လိုက်တယ်'

သေနာကောင်ကမ္ဘာ ပြောလို့လည်းမရ၊ သူခေါ်လာတဲ့နေရာ ဘ သူ့အသိုင်းအဝိုင်းတွေရှိတဲ့နေရာပဲ။ တွေ့တဲ့သူတိုင်းကို သူနှင့် လက်ထပ်မယ့်ကောင်မလေးဟု မိတ်ဆက်ပေးနေသည်။

'ကမ္ဘာ နင်ဘာတွေလုပ်နေတာလဲ။ ငါကနင့်ကိုလက်ထပ် ချင်မှလက်ထပ်မှာနော်'

'ကိုယ့်ဘက်ကသတ်မှတ်ထားတာလေ… ဘာဖြစ်လဲ'

'အဲ့ဒါကြောင့် စိတ်ညစ်တာသိလား နင်နဲ့လိုက်မလာချင်တာ'

'ရည် ဘာပဲပြောပြော ကိုယ့်အသိုင်းအဝန်းတော်တော်များများ ကတော့ သိသွားကြပြီနော်၊ကိုယ်နဲ့ရည်လက်ထပ်ဖြစ်မှာပါ အဲ့ဒါကိုယ့် ဆုံးဖြတ်ချက်ပဲ'

ကမ္ဘာက သူမအားဂရုစိုက်လွန်းသည်။ ကိုကို သာဆို ဘယ်လောက်ကောင်းမလဲ။ ညလူခြေတိတ်ဆိတ်တဲ့အချိန်မှ သူမကို လာတွေ့ရဲတဲ့ချစ်သူ။ ကမ္ဘာ ကျွေးတဲ့အကောင်းဆုံးတွေက ရည့်ခံတွင်း ထဲမှာခါးသက်နေသည်။

စားသောက်ပြီးသူမနာရီကြည့်လိုက်တော့ ကိုကို သင်တန်း ပြီးခါနီးနေပြီဖြစ်သည်။

'ကမ္ဘာ သွားကြစို့သင်တန်းကိုသွားရအောင်သူငယ်ချင်းတစ် ယောက်ဆီကစာအုပ်ငှားမလို့'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီဗျာ… ရည့်သဘော ဆန္ဒအတိုင်းပါပဲ။ နောက်တော်ပါးမှာ အမြဲတမ်းခစားလျှက်ပါ'

'ကောင်စုတ်နော် အူမြူးမနေနဲ့ နင့်ကိုချစ်လည်း မချစ်ဘူး… လက်ထပ်ဖို့လည်း စိတ်မကူးဘူး… အပြတ်ပြောထားပြီးသားနော်'

'ချစ်ရယ် အဲ့ဒီလောက်ကြီး ပြတ်ပြတ်သားသားတော့ မဆုံးဖြတ်လိုက်ပါနဲ့ သနားညှာတာပါဦး… '

'အဲဒီလို ပေါ့ပျက်ပျက်နောက်နောက်ပြောင်ပြောင်ကို မကြိုက်တာပဲ သင်တန်းလွှတ်တော့မယ် သွားမယ်'

'ကောင်းပါပြီ ခင်ဗျာ'

'မုန်းလိုက်တာ'

ကိုကို့ ကိုတွေ့ရမယ်ဆိုတော့ သူမ စိတ်တွေမြူးကြွနေသည်။ ရင်တွေအရမ်းခုန်နေ၏။ ကိုကိုရယ် တကယ်ပဲစိတ်ပူတယ်သိလား။ ကမ္ဘာ လိုကိုကိုမှာရည်လေးကို ချစ်သူအဖြစ်အသိအမှတ်ပြုရရင် အရမ်း ကောင်းမှာပဲနော်။ သူမတွေးနေတာက ကိုကို့အကြောင်းတွေပဲ။

သင်တန်းရောက်တော့ ခပ်လှမ်းလှမ်းမှာ ကားကိုရပ်ခိုင်းသည်။

'ဒီကပဲကြည့်နေမယ် သူငယ်ချင်းလာမှဲ့လမ်းလေ'

'ချစ်သဘောပဲ'





'လာပြန်ပြီ'

ကမ္ဘာက ပြောင်စပ်စပ်အကျင့်တွေ ပျောက်ကိုမပျောက်ဘူး။ သူမအကြည့်တွေက သင်တန်းဆီပဲရောက်နေသည်။

'ဟင်'

'ဘာဖြစ်တာလဲ ရည်'

'ဟို… ဘာမှမဟုတ်ပါဘူး၊ သူငယ်ချင်းကို မတွေ့လို့'

ကိုကိုနဲ့မမလွန်း တွဲပြီးထွက်လာတာတွေ့လိုက်ရသည်။ ကြည့်ပါဦးမမလွန်းက ကိုကိုနဲ့ပူးကပ်နေလိုက်တာ ကိုကိုကလည်းရယ်မောလို့ မမလွန်းကျတော့ ကိုကိုတွဲရတယ်နော်။ အင်းလေ… ပညာတတ်၊ ရုပ်ချော ဂုဏ်သိက္ခာတွေနှင့်ပြည့်စုံနေတဲ့မိန်းမပဲ ငိုချင်တယ်။ ခပ်လှမ်း လှမ်းမှာ သူသူ့ကိုတွေ့လိုက်သည်။

'ခဏနေဦးနော် ကမ္ဘာ၊ ဟိုမှာသူငယ်ချင်းတစ်ယောက်လာနေလို့'

သူသူ့ ဆီရောက်တော့သတင်းကစုံနေသည်။

'နင်ဘာဖြစ်လို့ သင်တန်းမတက်တာလဲ၊ သတင်းတွေက အရမ်းကောင်းနေတယ်။ ဆရာသိန်နဲ့မမလွန်းတို့က စေ့စပ်တော့မယ်တဲ့'

'ဟင်'

'မမလွန်း ကပြောတာတဲ့ ဟိုဘက်ခန်းကကောင်မလေးတွေ ပြောနေကြတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟုတ်လား'

'နင်ရော ဘာဖြစ်လို့မလာတာလဲ ဆရာက လက်ခံနေပြီပဲ'

'မတက်တော့ပါဘူး၊ စိတ်မဝင်စားလို့ အခုလာတာ သူသူ့ ဆီကစာအုပ်ငှားမလို့လေ၊ဘာတွေသင်လဲလို့ ရည် သင်တန်းတက်ချင်ရာ မျက်နှာပူလို့'

သူသူ့ ဆီကစာအုပ်လာငှားတာ သင်တန်းကို လာကြည့်ဖို့ အကြောင်းရှာတာပါ။ နောက်နေ့ကျတော့ စာအုပ်ပြန်ပို့ရမယ်လေ အကြောင်းရှာတာပါ။

သူသူကစာအုပ်ငှားပြီး ဆရာသခ်နှင့်မမလွှန်းတို့ လိုက်ဖတ် တဲ့အကြောင်း ရွှေနဲ့မြ၊ နေနဲ့လတဲ့ပြောပြီးထွက်သွားသည်။

'ရည်လေး'

'ဟင်'

'ဘာရပ်လုပ်နေတာလဲ၊ သူငယ်ချင်း ထွက်သွားပြီလေ ပြန်ကြမယ်'

'အင်း'

'ရည်လေးဘာဖြစ်လို့လဲ မျက်နှာလေးညှိုးသွားသလိုပဲ'

'ဘာမှမဖြစ်ပါဘူး။ သူသူက သင်တန်းအတင်းတက်ခိုင်း နေလို့လေ'





'ရည်တက်လေ'

'ပျင်းတယ်'

သူမ ရင်ထဲမှာ နာကျင်တဲ့ဝေဒနာတွေ ပြင်းပြစွာခံစားနေရ သည်။ ကိုကိုတကယ်ပဲ မမလွှန်းနဲ့ လက်ထပ်တော့မှာလား၊ ဈေးစပ်ကြ ဆယ်တဲ့ မမလွှန်း ကိုယ်တိုင်ပြောနေတော့လည်း ဖြစ်နိုင်သည်။

ကိုကိုနဲ့တွေ့ရမယ် မဖြစ်ဘူး ပြတ်ပြတ်သားသားမေးရ မှာလည်း ရည် ကြောက်သည်၊ ကိုကို့ကို မစွန့်လွှတ်နိုင်လို့ပါ။

သူမစိတ်တွေထိန်းချုပ်လို့မရအောင် ပင်လှုပ်ရှားနေသည်။

▢



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ကိုကိုက ရည့်ကိုမြင်မှာပါ။ မြင်အောင်လည်း ရည် တ[illegible] တကာ ရှေ့ကိုထွက်ပြီး သူသူနဲ့စကားသွားပြောတာပါ။ ကိုကိုမကြ[illegible] ့ပေမဲ့မြင်မှာပဲမသိချင်ယောင်ဆောင်ပစ်တာ ရည်ပဲကိုကို့ကိုမှားလည်[illegible] မယ်ဆို ရည် ဘာဖြစ်နေရတာလဲ ကြည့်လေ မျက်ရည်တွေတော[illegible] ဝဲချင်နေသည်။

'ရည်လေး'

'ဟင်'

'ဘာဖြစ်သွားရတာလဲကွာ… သူငယ်ချင်းကဘာပြောလို[illegible] လို့လဲ စာအုပ်ငှားရတာအောက်ကျလား'

'ရည် ပြန်တော့မယ်'

'ပြန်ပို့ပေးမယ်လေ'





ကမ္ဘာက ပြောင်စပ်စပ်လုပ်တတ်ပေမဲ့ ရည့် ကိုတော့ရှုနိုက်သည်။ ရည် လုပ်ချင်တာတွေအားလုံးလုပ်ပေးခဲ့၏။

နင်ကကြင်နာတတ်တယ်၊ ငါ့ကိုလူသိထင်ရှားတွဲရဲတဲ့သတ္တိရှိတယ်။

ရည်က ဘာဖြစ်နေလို့လဲ။ အောက်တန်းအရမ်းကျနေလို့လား၊ စုတ်ပြတ်သတ်ပြီး ကိုကို့အတွက် ဂုဏ်သိက္ခာတွေအရမ်းကျနေလို့လား။

ကမ္ဘာကအိမ်ပြန်ပို့ပေးပေမဲ့ ရည်ကတော့ ကိုကိုနှင့်တွေ့ချင်နေသည်။ အိမ်ရောက်တော့ ဒေါ်လေးညို မရှိပေ။ ကမ္ဘာတို့အိမ်သွားနေတာပဲ ဖြစ်မည်။ ကမ္ဘာက စပ်ဖြဲဖြဲနှင့် နှစ်ယောက်တည်းပဲရှိတာနော် လို့ပြောသည်။

'ပြန်တော့'

'ခဏလေးတော့ထိုင်ခွင့်ပြုပါဦး ရည်လေးရယ်၊ ကမ္ဘာ ဆိုတဲ့ကောင်ကိုအနိုင်ကျင့်လို့ရတာ နင်တစ်ယောက်တည်းရှိတာနော်'

'ပြန်တော့ဟာ တို့နှစ်ယောက်ထဲမနေသင့်ဘူး ထင်တယ်ကမ္ဘာ'

ကမ္ဘာကတော့ ရည်လေးကိုခပ်စူးစူးလေးကြည့်မိသည်။ မင်းဘာဖြစ်လို့ မာနတွေပြနေရတာလဲ ရည်လေး၊ ကမ္ဘာ ဆိုတဲ့ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားတဲ့ မိန်းကလေးက မင်းတစ်ယောက်တည်းပဲ ရှိသေးတယ်။ မင်းမှာ ချစ်သူရှိနေလို့လား။

ရည့်ရဲ့ လုပနုဖတ်ချောမောတဲ့မျက်နှာလေးက ညှို့ယူနိုင်စွမ်းက အပြည့်ပဲ၊ ကမ္ဘာ့လိုကောင်တောင်ရင်ထဲမှာ ငြိသွားသည်။

'ပြန်တော့လေ ကမ္ဘာ၊ ဒေါ်လေးညှိုရှိတဲ့အချိန်ပဲနေသင့်တယ် ပတ်ဝန်းကျင်ကရှိသေးတယ် ဟဲ့'

'ဘာပတ်ဝန်းကျင်လဲ… ကိုယ်က ရည့်ကို လူသိရှင်ကြား လက်ထပ်မှာပဲဟာ'

'ပြန်ပါတော့ဟာ… ကံကြမ္မာက အရာရာပြောလို့မဖြစ်သေးဘူး၊ လက်ထပ်ဖြစ်ချင်လည်းဖြစ်မယ် ပျက်ချင်လည်းပျက်မယ် ငါက မိန်းကလေးပါ နာမည်အပျက်မခံနိုင်ဘူး'

ကိုကို သိသွားမှာ ရည်ကြောက်၍တုန်လှုပ်နေမိသည်။ပတ်ဝန်းကျင်ကပြောကြမှာပါ ကိုကို့အတွက်ဂုဏ်သိက္ခာပဲတန်ဖိုးထားတတ်သူ ရည် ဆင်ခြင်ရမယ်။

ကမ္ဘာ့ကိုအတင်းပြန်ခိုင်းတော့ပြန်သွားသည်။

'လှဆိုးကောင် ငါလက်ထပ်မှာ နင်ဘယ်တော့မှ မဖြစ်နိုင်ဘူး သိလား'

သူမ စိတ်တွေနာကျင်စူးရှနေဆဲပင် ဖြစ်သည်။ ကိုကို့နဲ့ဆက်





သွယ်ရမယ်။ ရည့်ကို ဘယ်လိုသဘောထားနေတာလည်း ကိုကိုရယ်၊ မီးတောက်နေတဲ့နှလုံးသားတွေရဲ့ဆန္ဒအရ ကိုကို့သိဖုန်းဆက်ဖို့ထလိုက်ပေမဲ့ကိုကိုက အချိန်ပေးပါလို့ တောင်းဆိုထား၍ ရည်ပြန်ထိုင်လိုက်သည်။

'ကျွန်မကို နားမလည်တဲ့ ကောင်မလေးတစ်ယောက်အဖြစ် မသတ်မှတ်ပါနဲ့ ကိုကိုရယ်၊ အရမ်းချစ်လို့ပါနော်'

ရည်တစ်ယောက်ထဲနေရတာရှုးသွပ်ချင်သည်၊ကမ္ဘာ နင့်အတူနေလို့လည်းမဖြစ်ပါဘူး။ ဒီကောင့်ကို ရည်မမချစ်တာ ညနေအထိစောင့်နေရတာစိတ်တွေမောနေ၏။ ကမ္ဘာ ဆီကဖုန်းလေးယူထားခဲ့ရင် ကိုကိုနဲ့ဆက်သွယ်လို့လွယ်ကူမှာပဲ မဖြစ်သေးပါဘူး ကမ္ဘာနဲ့ အရာရာကင်းရှင်းရှင်းနေတာအကောင်းဆုံးပဲ သူမစိတ်ကိုငြိမ်သက်အောင်ထိန်းနေရသည်။

'သွန်းရွှေရည်ရေ ဖုန်းလာနေတယ်'

မျက်နှာချင်းဆိုင်မှာနေတဲ့ဖုန်းအိမ်က ရည့်ကိုလာခေါ်သည်။ ထိုကိုဖြစ်နိုင်တယ်ရည်ဒီဖုန်းနံပါတ်ကိုပေးခဲ့တာပဲ သူမရှင်လန်းတက်ကြွစွာပြေးလာခဲ့သည်။

'သွန်းရွှေရည်ရယ် မြန်းမြန်းလာပါဟဲ့'

'ဒေါ်ကြွယ် ဘယ်သူလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သိမလဲဟယ် ယောကျ်ားသံပဲ'

ကိုကိုပါပဲ၊ ဒေါ်ကြွယ်ကအလိုက်သိစွာဖြင့် အထဲကိုဝင်သွားသည်။ စီးပွားရေးလုပ်တော့လည်းအလိုက်သိ၏။ သူမရင်ခုန်ထိတ်လန့်စွာဖုန်းကို ကိုင်လိုက်သည်။

'ဟဲလို'

'ရည်လေး'

'နင်'

ကမ္ဘာ့ အသံကြီးပေါ်လာ၍ ရည် ဒေါသတွေပေါက်ကွဲလွင့်ထွက်ချင်သွားသည်။ကောင်စုတ် အရေးထဲများ သူ့အသံကြီးကိုကြားချင်ဆုံးဖြစ်သွား၏။ သူများအိမ်မှာဖြစ်နေလို့ စိတ်ကိုထိန်းချုပ်လိုက်ရသည်။

'ဘာလဲ ကမ္ဘာ ပြော'

'ရည်လေး ကိုစိတ်ပူလို့ ဒေါ်လေးညို ဆီကဖုန်းနံပါတ်တောင်းပြီးဆက်တာ'

'ဘာစိတ်ပူစရာရှိလို့လဲ ဟဲ့၊ဒေါ်လေးညို တောင်စိတ်မပူတာအပိုတွေ'

'ကိုယ်သိတယ်၊ ကိုယ့်စိတ်ကထင့်နေသလိုပဲ ရည့်ကို စိတ်မချဘူး'





'တော်ပြီ ဘာမှစိတ်ပူစရာမရှိဘူး၊ဘာမှန်းလည်းမသိဘူးဟာအလုပ်ရှုပ်လိုက်တာ'

'ရည်လေး တကယ်ပဲဘာမှမဖြစ်ပါဘူးနော်'

'မဖြစ်ဘူး… ဒီဖုန်းကိုခဏခဏမဆက်နဲ့နော် ကမ္ဘာ အားနာလို့'

'ဒေါ်လေးညို ပြန်လာတော့မယ်၊ ကိုယ် အမြန်ပြန်ခိုင်းလိုက်တယ်လေ'

'တော်ပြီဟာ တကယ်ရှုပ်တယ်၊ နောက်မဆက်နဲ့'

သူမ စိတ်တွေမောဟိုက်နွမ်းနယ်သွားသည် ကိုကိုထင်တာ။ အလကားကောင်… လူဆိုးစိတ်ပျက်တယ်။ဖုန်းအိမ်ကိုပိုက်ဆံပေးတော့ အားနဲ့လာနေတဲ့ကောင်လေးလားတဲ့ သူငယ်ချင်းပါဟုပြောပြီးပြန်လာခဲ့သည်။

'ကမ္ဘာကောင်စုတ် တော်တော်အဖြစ်သဲတယ်၊ ကိုကိုသာဖြစ်လိုက်ချင်တော့တယ်'

သူမနှုတ်ခမ်းလေးကနေ ပွစိပွစိပြောပြီးပြန်လာခဲ့သည်။ အိမ်ရောက်တော့ ဒေါ်လေးညိုရောက်နေ၏။ ကမ္ဘာ့ကြောင့် အရေးတကြီးပြန်လာရတာတဲ့။

ရည့်မျက်နှာလေးညှိုးညှိုးနွမ်းနွမ်းလေး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရည်လေး'

'ရှင်'

'မောင်ကမ္ဘာက ပြောတော့ ရည်လေး သင်တန်းကပြန်လာပြီး မျက်နှာလေးညှိုးသွားတယ်တဲ့၊ သမီးလေး ကိုကိုနဲ့တွေ့လား'

ဒေါ်လေးညိုကိုအမှန်အတိုင်းဖွင့်ပြောလို့မဖြစ်သေးပါဘူး။ ကိုကိုကမရေမရာ ဘာမှမဖြစ်ပါဘူးဟုပဲပြောလိုက်သည်။

'ရည်လေး… မောင်သစ်ကသတ္တိမရှိဘူးထင်တယ်။ အရမ်း လိုက်လျှောတာမျိုးတွေမလုပ်နဲ့နော်။ ဒေါ်လေးညိုသိပါတယ် ငယ်ရာက ကြီးလာတာပါကွယ်'

တူမလေးကိုကိုကသင်တန်းမှာအဖက်မလုပ်၍ပဲ ဖြစ်နိုင်သည်။ ဒေါ်ညိုစိတ်ပူတယ် လွှတ်ထားလို့တော့မဖြစ်ပါဘူး၊ ယန်းကောင်းအညွန့် ကျိုးမခံနိုင်။

ညဘက်တွေ ရည်လေးကို အပြင်ထွက်ခွင့်ပြုလို့ မဖြစ် တော့။

အမြဲတမ်းပျော်ပျော်နေတဲ့ကောင်မလေး မျက်ဝန်းလေးတွေ ထဲမှာ မျက်ရည်တွေပြည့်နေသည်။

'ဒေါ်လေးကိုပြောပြစမ်းပါ ပွင့်ပွင့်လင်းလင်းပြောပါ၊ဒေါ်လေး ကို ရည်လေး သူငယ်ချင်းလိုပဲသဘောထား'





'ရည်လေး ဘာမှမဖြစ်ပါဘူး ကိုကို့ ကိုနားလည်ပါတယ်။ အချိန်ပေးဖို့ပြောထားတယ်လေ'

'တူမလေးကို ဒေါ်လေးညို ဂရုတစိုက်စောင့်ရှောက်ရတော့ မယ်၊ ငယ်ငယ်လေးထဲကထိန်းသိမ်းလာခဲ့တာ မှည့်တစ်ပေါက်တောင် စွန်းထေးခဲ့ပါဘူး'

'ဒီည သမီးဘုရားကိုသွားရမယ် ကိုကိုနဲ့တွေ့နေကျလေ၊ရည် နဲ့ ကိုကိုကမွေးနေ့တူကြတာပဲ'

'ဒေါ်လေးလိုက်ခဲ့မယ် အဝေးကစောင့်နေမှာပါ'

'ရပါတယ် ဒေါ်လေးရယ်၊ကိုယ့်ဘဝအခြေအနေကို ရည်လေး နားလည်ပါတယ်။ အသိတရားကင်းမဲ့တဲ့အလုပ်မျိုးတွေ ရည်လေး မလုပ်ပါဘူး'

တူမလေးကို ဘယ်တုန်းကမှ မချုပ်ချယ်ခဲ့ ယုံကြည်စွာ လွှတ်လပ်ခွင့်ပေးထားခဲ့သည်။ ကြည့်စမ်းပါဦး မျက်နှာလေးညှိုးနေ တယ်။

သစ်ဆိုတာဘယ်လိုလူမျိုးလဲ သမီးလေးကိုပေါ်ပေါ်ထင်ထင် တွေ့ရဲရအောင် သူကဘယ်လောက်များကြီးကျယ်ခမ်းနားနေလို့လဲ အဓိပ္ပါယ်မရှိလိုက်တာ၊ တူမလေးက သံယောဇဉ်တွယ်တာလွန်းနေပြီး ချစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်နုနယ်တဲ့နှလုံးသားကို ဘာဖြစ်လို့ ဒဏ်ရာဒဏ်ချက်တွေ ပေးချင်ရတာလဲ၊ နိုးကြောင်နိုးဝှက်လုပ်လို့ကတော့ ရမယ်မထင်နဲ့နော်။

ဒေါ်ညိုညို စိတ်ထဲကနေကြိမ်းဝါးနေမိသည်။

'ကိုကိုနဲ့တွေ့ရမယ် ရည်လေး ပြတ်ပြတ်သားသားမေးရမယ်၊ ဒေါ်လေးညိုစိတ်မပူပါနဲ့ ရည်လေးမမိုက်မဲပါဘူး'

'ရည်လေးရယ်'

ဒေါ်လေးညိုက ကြင်ကြင်နာနာ ပွေ့ဖက်လိုက်သဖြင့်သူမ ကြေကွဲဝမ်းနည်းစွာ တသိမ့်သိမ့်ရှိုက်ငိုမိသွားသည်။

'ရည်လေး ဘာဖြစ်တာလဲ တစ်ခါမှ တူမလေး ဒီလိုကြေကွဲဝမ်းနည်းတာမျိုးတွေ မဖြစ်ဘူးပါဘူး။ ပြောစမ်းပါ မောင်သစ်က တူမလေးကို ငြင်းပယ်လိုက်ပြီလား'

'အဟင့်… ဟင့်… အဟင့်…'

'ရည်လေး'

'ရည်လေး အရမ်းဝမ်းနည်းတယ် ကိုကို့ ကိုမခွဲနိုင်ဘူးထင်တယ် ကိုကိုသာပစ်သွားရင် ရည်လေး ရူးသွားနိုင်တယ်'

'ဟင်'

ဒေါ်လေးညိုကိုရည်ပွင့်ပွင့်လေးပဲပြောပြချင်သည်.. ဒေါ်လေး





ရည်က တစ်ခါတစ်ရံသူငယ်ချင်းတွေလိုဆက်ဆံတတ်ကြသည်။ရည် မခံစားနိုင်တော့ဘူး၊ ဒေါ်လေး ရင်ခွင်ထဲမှာတိုးဝင်ဖက်တွယ်ထားမိသည်။

'တူမလေး ကိုကို့ ကိုပွင့်ပွင့်လင်းလင်းပြတ်ပြတ်သားသားမေးပါ။ ဒေါ်လေး ဆီခေါ်လာခဲ့လူတွေကိုအလွယ်တကူမယုံစမ်းပါနဲ့အထင်လည်းမကြီးနဲ့ ဒေါ်လေးညိုကတော့ အိမ်ထောင်ရေးမှာကိုယ့်ကိုချစ်နေတဲ့ ယောကျ်ားတစ်ယောက်ကိုပဲရွေးချယ်သင့်တယ် ထင်ပါတယ်'

'ရည်လေး ကိုကို့ ကိုချစ်တယ်၊ မခွဲနိုင်လောက်အောင်ပါပဲ ဘယ်လိုလုပ်ရမလဲဟင် ဒေါ်လေး'

'ဒီလောက်ကြီးလည်းမခံစားနဲ့လေ နစ်နာဆုံးရှုံးရမှာက တူမလေးပဲ'

ကမ္ဘာရေ နင့်ဝဋ်တွေလည်နေပြီထင်တယ်။ကိုကိုဘာလုပ် ချင်လဲ ဘာဖြစ်ချင်လဲ ကိုကို့ဆန္ဒတွေကိုပဲ ရည် ဖြည့်ဆည်းပေးချင်တယ်။ ကိုကို့ ကိုနားအလည်ဆုံး မိန်းကလေးဖြစ်ချင်တာပါ၊ ညနေရော ကိုကို လာမှာလား။

သောကြာနေ့တိုင်း ကိုကိုဘုရားတက်ပေမဲ့ မမလွန်းကပါ သည်။ နောက်ကျမှပဲ ကိုကိုရောက်လာမှာပါ။ ရည်စောင့်နေချင်၏။ ကိုကို့နဲ့တွေ့ကိုတွေ့မှဖြစ်မှာပါမေးရမယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေဘယ်လောက်အထိ ပေးရမှာလည်းလို့၊ ကျွန်မ အရမ်းစိတ်မောနေရတယ်။

နှလုံးခုန်သံတွေအဆက် မပြတ်ပဲ ခေါ်လေးညှိုကတော့သစ္စ ရှိဖို့၊ရင်ဆိုင်ဖို့၊ အရှုံးမပေးဖို့ အားပေးနှစ်သိမ့်နေသည်။

❐



(၁၈)

'ကိုယ် ဘုရားကိုမသွားတော့ဘူး လွှမ်း အိမ်မှာပဲနေမယ်'

'သခ်နော်…အဲ့ဒါမဖျက်ကောင်းဘူး၊ ဘုရားသွားနေကျပဲဟာ ပေါ့'

'ဒီညကိုယ်စိတ်မပါလို့ပါ လွှမ်း မသွားတော့ဘူး ကိုယ်နဲ့လွှမ်း နှစ်ခုသွားစားကြမလား'

သခ် ဘုရားသွားရင် သွမ်းရွှေရည် ရှိနေမှာပဲစောင့်နေမှာပါ။ လိုက်လို့မဖြစ်ပါဘူး။ မနက်က သင်တန်းကိုရည်လေးလာသည်။ တွေ့လျှက်မသိချင်ယောင်ဆောင်ကာ ဥပေက္ခာပြုလိုက်၏။

လွှမ်းရှိနေသည်။ ပြီးတော့သင်တန်းသားတွေရှေ့မှာပါ ရွှေရည်ကို သူ သနားနေ၏။ မင်းခံစားရမှာပါကွာ ကိုကိုသတ္တိ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ကိုယ်ဘယ်လိုပဲ သတ္တိတွေမွေးပါစေမရဘူး ရည်။ကိုယ် ပတ်ဝန်းကျင်မှာ မင်းနဲ့မတွဲရဲဘူး၊ ဝိုင်းပြီးဝေဖန်ကဲ့ရဲ့ကြလိမ့်မယ် ကလေးကိုမှ ကိုယ်ချစ်မိနေတယ်။

ကိုယ့်မိုက်မဲမှုပဲ လွှန်းကိုလည်းပြတ်ပြတ်သားသား မငြင်းနိုင် ဘူး။ကိုယ့် အတွက်ဂုဏ်သိက္ခာမြင့်စေမယ့် မိန်းမတစ်ယောက်ဖြစ် လို့ပါ။ ရည်လေး ကိုစွန့်ပစ်ဖို့ပဲသူအကြိမ်ကြိမ်စဉ်းစားနေသည်။

'သခ်'

'ဟင်'

'လာ'

'ဘယ်လဲ လွှန်း'

'ဘုရားလေ မတက်လို့မဖြစ်ဘူး... သခ်ရဲ့တိကျမှုတွေ စည်းစနစ်တွေ၊အလှေအကျင့်ကောင်းတွေကို အလေးမထားချင်တာလား ဟင်'

သခ် ရင်မဆိုင်ရဲဆုံးက လွှန်းပဲ၊ နေ့စဉ်ပို့ကိစ္စတွေစီစဉ်နေတာ ပင်မတားမိ။ သူလက်ထပ်သင့်တာက လွှန်းဆိုတာ သူ့အသိဉာဏ် လွှမ်းမိုးနေသည်။ ရည်လေး ရောက်နေမှာသေချာတယ် သူ့ကိုတွေ့ချင် နေမှာပါ။

အမှန်အတိုင်းဝန်ခံရရင်တော့ ကိုကိုချစ်တာရည်လေးပဲ ကိုယ်





တွေ့လွှတ်နိုင်ဘူး အတိအလင်းလက်ထပ်ဖို့လည်းသတ္တိမရှိပေ။ လွှန်းက အတင်းအကြပ်ပင် ဘုရားကိုခေါ်သည်။

'အကျင့်ကောင်းတွေကထိန်းသိမ်းထားရမယ်လေ သခ်၊ ဂုဏ် သိက္ခာကလည်း လူတစ်ယောက်ရဲ့တန်ဖိုးပဲ လူ့လောကကြီးကရောက်ခဲ့ တယ်လေ။နာမည်ပျက်တွေနဲ့ အရှက်သိက္ခာကင်းမဲ့စေမဲ့ အပြုအမူတွေ ကိုလည်း အတတ်နိုင်ဆုံးရှောင်ရှားပစ်ရမယ်။ သခ်ကလူကြီးလူကောင်း အရှက်ကြီးတဲ့လူပဲ'

သူ့စိတ်တွေပူလောင်ရှုပ်ထွေးနောက်ကျိနေသည်။ ရည်လေးကို သနားတယ်အပြစ်ကင်းတဲ့မိန်းကလေးပဲ၊သူ့ဘက်ကထိန်းသိမ်းသင့်တာ ပါ။ ကိုကို့အမှားပါ။

သူ့နှလုံးသားတွေရူးနင့်နေ၏။

သောကြာထောင့်ကို ရောက်မှာ အကြောက်ဆုံးပင် လွှန်းက သူ့လက်မောင်းကို ချိတ်တော့ မဖယ်ရှားရဲ လက်ထပ်ဖို့အထိရည်ရွယ် ထားသူဖြစ်နေသည်။

'သခ် ဘာဖြစ်နေတာလဲ တွန့်ဆုတ်တွန့်ဆုတ်နဲ့ အရင်ကနဲ့ မတူဘူးနော် သောကြာထောင့်မှာ သရဲမရှိနေလို့လား'

'လွှန်း'

လွှန်း ရိပ်မိနေတာလား ပညာတတ်၊ အကင်းပါးတဲ့ လွှန်းက



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်ဆိုင်ဖြတ်သန်းနေရတဲ့ အခက်အခဲကို သိနေသလိုပင် မျက်နှာ
အပူငွေ့တွေ ဖြတ်သန်းသွားသည်။

မဖြစ်ဘူး။ သူ ထိန်းချုပ်ပစ်ရမယ်။ ပညာဒါနမှာစာသင်
တဲ့ ဆရာနဲ့တပည့်မ ဆက်ပြီးပင်မတွေးရဲသူမိုက်မဲစွာ သွန်းရွှေရည်
ချစ်မိနေ၏။ သင်တန်းမှာစည်းကမ်းပျက်တဲ့ ကောင်မလေး
တုန်လှုပ်နေတဲ့စိတ်တွေကို အလျှင်အမြန်ထိန်းချုပ်လိုက်သည်။

'သခ် ဘုရားရှိခိုးပုတီးစိတ် ရှင့်ခန္ဓာကိုယ်ထဲမှာသရဲမပူး
နေပြီထင်တယ်'

'တော်ပါတော့ လွန်းရာ'

'ဟင်း… ဟင်း… ဟင်း… နောက်တာနော်'

သောကြာထောင့်က ဇရပ်ကို မသိမသာကြည့်မိတော့ အ
ရောင်ဝတ်စုံလေးနှင့်ကောင်မလေး ရှည် ဖြတ်ကနဲရှောင်ထွက်သွ
သည်။

သူ့အသည်းနှလုံးတွေ တစစီဆုတ်ချေခံလိုက်ရသလို
မင်းရှောင် ထွက်ပေးသွားတာပဲ။လွန်း မတွေ့လိုက်။သခ် ယောင်ချာ
နှင့်ထိုင်ချမိသည်။

'နေဦးလေ သခ်၊ ဘုရားကို ရှင်ကိုယ်တိုင်ဆီမီးထွန်း အ
တိုင် ပူဇော်လေ၊ ဒါကလုပ်နေကျအကျင့်ကောင်းတစ်ခုပဲဟာ'





လွန်း ကျေနပ်အောင် သူလုပ်ပေးနေရသည်။ ရှည်လေး ဘုရားခြေရင်းအမှောင်ထဲမှာသူ့ကိုစောင့်နေမှာသေချာနေ၏တွေ့ချင်သည်။ ဘုရားစာတွေရွတ်တော့ အမှားမှားအယွင်းယွင်းဖောချွေးတွေပြန်ချင်လာသည်။

'ဒီညတော့ အေးအေးဆေးဆေးထိုင်ကြမယ်နော်သခ်'

'ကောင်းသားပဲ'

ကိုကို့ရင်တွေပူလောင်နေတယ် ရှည်လေးပြန်မှာမဟုတ်ပါဘူး၊ ကိုကို့ကိုထိုင်စောင့်နေမှာပါ။မိန်းကလေးတစ်ယောက်ထဲစိတ်ပူလာရ၏ ဒါပေမဲ့သခ်ခန္ဓာကိုယ်ကမရွေ့ လွန်းကျေနပ်အောင်တရားထိုင်နေရသည်။

'သခ် စိတ်တွေလှုပ်ရှားနေတာ လွန်း သိပါတယ်နော်၊ ငြိမ်အောင်တရားမှတ် သခ်က လူကြီးတစ်ယောက် လွန်းနဲ့ နေ့စဉ်ဖို့ စီစဉ်ထားတယ်၊ သခ် အတွက်ရှုပတဲ့အနှောင့်အယှက်လေ'

ရှည်လေး ပြန်သွားပါစေ၊ သခ်ကတော့ ရှည်လေးထံရောက် လာနိုင်တော့မှာမဟုတ်ပါဘူး။ လွန်း ကိုတယ်လိုပြောရမလဲ သူလိမ်ညာ စကားတွေမပြောတတ် ကိုယ်ကျင့်သိက္ခာကိုရှေ့တန်းတင်သူ။မထူးတော့ ပါဘူး။ရှည်လေးကိုဥပေက္ခာပြုလိုက်တာကသူအလုပ်သင့်ဆုံးပဲ မျက်လုံး တွေကိုမှိတ်ထားသည်။

ကိုကို့ကို တွေ့လိုက်ရသည်နှင့် တဆတ်ဆတ်တုန်ရိုကာ



www.burmeseclassic.com

www.burmeseclassic.com



မမလွန်းက ကိုကို့ လက်ကို ချိတ်တွဲထားတာမြင်ရတဲ့အချိန်မှာတွင် ရည်လေး စိတ်တွေခြောက်ခြားတုန်ရီလာကာ လှစ်ခနဲထွက်ပြေးလာခဲ့သည်။ ရင်မဆိုင်ရဲလို့ပါ။

သူသုပြောတဲ့သတင်းကအမှန်ပဲပေါ့နော် ကိုကို… ဆရာသမီးက ဆရာမလွန်းနဲ့ လက်ထပ်တော့မယ်ဆိုတာလေ ရည် အမှောင်ထု ထဲပြေးဝင်လာခဲ့သည်။

'ရက်စက်လိုက်တာ ကိုကိုရယ်၊ ရည် ဘယ်လိုနားလည်ပေး ရမှာလည်း။ အချိန်ပေးပါဆိုတာလည်း ကိုကိုတောင်းဆိုခဲ့တာပါ'

ကိုကိုရောက်လာမလားဆိုပြီး ရည်စောင့်နေသည်။ မနေ့ညက နောက်ကျမှရောက်လာတာပါ မမလွန်းကိုမလွန်ဆန်နိုင်လို့မဟုတ်လား ကိုကို ရည်လေးကိုချစ်နေတာပါ၊ ရည်လေးယုံတယ်။ အမှောင်ထုမှာ ရည်လေးထိုင်နေမိသည်။

မျက်ရည်တွေကထိန်းသိမ်းနိုင်စွမ်းမရှိပဲ ပါးပေါ် တလိမ့်လိမ့် ကျလာနေ၏။ ကိုကိုရောက်လာမှာပါ ရည်လေးစောင့်နေမယ်။ ကိုကို့ အချစ်တွေကတိတွေကို ရည်လေးယုံကြည်တယ်။ သူမစောင့်နေကျ နေရာလေးမှာ ထိုင်စောင့်နေမိသည်။

'ဟော့… ပြွတ်…ပြွတ်၊ ကောင်မလေးရမလား…'

ကားတစ်စီးက သူမရှေ့တည့်တည့်လာရပ်ပြီး ခေါ်နေသည်။





သူမကြည့်လိုက်တော့ ကားအကောင်းစားကြီးနှင့်ယောက်ျားသုံးယောက် သူမအားလိုက်ခဲ့ဖို့ခေါ်၏။

ဘုရားရေ…သူမကိုဘယ်လိုအဆင့်အတန်းက ထင်သွား လည်း မသိဘူး။ရည် ဘာလုပ်ရမှန်းပင်မသိ ကြောက်စိတ်တွေ တိုးဝင် လာသည်။

'ကောင်မလေး အရမ်းလှတယ်၊ မင်းလိုချင်တာတွေ အားလုံး ပေးပါ့မယ် လာပါ'

'ကောင်မလေးကလှလိုက်တာ သန့်သန့်လေးပဲ၊ ကားပေါ် တက်လေ ကလေး'

'ရှင်…ရှင်တို့ ဘာတွေလဲ၊ကျွန်မ အဲဒီလိုမဟုတ်ဘူးနော်၊ ဒီမှာ ကျွန်မချစ်သူကိုစောင့်နေတာပါ'

'အိုက်တင်ခံမနေစမ်းပါနဲ့ ကောင်မလေးရယ် ဈေးကောင်း ကောင်းရစေရပါ့မယ်'

ယောက်ျားသုံးယောက်က ဆင်းလာပြီး၊ ရည့် အားဆွဲတော့ တော် အနီးကပ်လာကြသည်။ ရည် အော်လိုက်ရမလား အမှောင်ထဲမှာ [illegible]နီးကလေးတစ်ယောက်ထဲ ထိုင်နေတာ ရည့်အမှားပဲ။

သူမစောင့်နေတဲ့ ချစ်သူကရောက်မလာပေ၊ သူတို့ကမယုံပေ ရည့်ကိုအိုက်တင်ခံနေသည်ဟုထင်ကာ အတင့်ရဲလာကြသည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



'မင်းက အရမ်းလှတယ်၊ ဆွဲဆောင်မှုအပြည့်ရှိတယ် ... ချစ်တယ် မင်းဘာလိုချင်လည်း ရစေမယ်လာပါ'

'ရှင်တို့ ထွက်သွားနော် ကျွန်မအော်လိုက်မယ်၊ ရှင်တို့ ထင်သလို ကျွန်မက မကောင်းတဲ့မိန်းကလေးမဟုတ်ပါဘူး၊ တကယ် ... ကျွန်မချစ်သူကိုစောင့်နေတာပါ'

'မင်းချစ်သူက ဘယ်မှာလဲ အမှောင်ထဲမှာတစ်ယောက်ထဲထိုင် ... နေတာကိုက မင်း ဘယ်လိုအတန်းအစားလည်းဆိုတာ တို့ သိတယ် ... လာပါ ကားပေါ်တက်စမ်းပါ'

'ရှင်... ရှင်တို့'

ရည့် အနားကို တဖြည်းဖြည်းတိုးကပ်လာပြီး လက်ကိုဆွဲခေါ် ... ကြတော့သည်။ ရည်မအော်ရဲ...ပတ်ဝန်းကျင်က ရည့်ကိုလူကောင်းဟု ... ထင်ကြမှာမဟုတ်၊ လက်ကို အတင်းရုန်းဖယ်ရင်းထွက်ပြေးလာခဲ့ ... သည်။

'တီ...တီ'

'တီ...တီ'

သူမနောက်မှ ကားဟွန်းတီးသံကြားလေ ပြေးလေပဲ။ သူမ ... နောက်မှကားကရှေ့မှပိတ်ရပ်လိုက်တော့မှ သူမအပြေးရပ်သွားကာ ... ကားပေါ်မှဆင်းလာသူကို ရင်ဆိုင်ဖို့မော့ကြည့်လိုက်သည်။





'ရည်လေး...မင်းဘာဖြစ်လာတာလဲ၊ တစ်ယောက်ထဲဘာလို့ ပြေးနေရတာလည်း မင်းဒီကိုဘာဖြစ်လို့ရောက်နေရတာလဲ'

'ဟင်... ကမ္ဘာ'

မမျှော်လင့်ပဲ ကမ္ဘာကိုတွေ့လိုက်ရသဖြင့် ရည် ဝမ်းသာအားရ နှင့်ပြေးဖက်ထားမိသည်။

'ရည် ဘာဖြစ်လာတာလဲ၊ ဟိုမှာကားတစ်စီး မင်းကိုလှမ်း ပြီးခေါ်နေတာလား...'

'အင်း'

'ဖြစ်မှဖြစ်ရလေ ရည်ရယ်၊ ဒီမှာ ဘာလာလုပ်တာလဲ'

'ရည် ဘုရားကိုလာတာပါ၊ ဘတ်စ်ကားဂိတ်ကိုသွားနေ တာပါ'

'ရည်ရယ် တစ်ယောက်တည်းကွာ ကိုယ်ဒါကြောင့် စိတ်ပူရတာ၊ မျက်ရည်တွေရော...သွေးတွေရော ကြောက်နေလား'

'အရမ်းကြောက်တာပဲ ကမ္ဘာရယ်၊ ရည် သေမတတ်ပဲ ကမ္ဘာ ရောက်လာလို့ပေါ့'

'ပြန်ကြရအောင်'

'ကမ္ဘာ ဒီမှာခဏနေချင်သေးတယ်'

'ဘာဖြစ်လို့လည်း ရည်'



www.burmeseclassic.com

www.burmeseclassic.com



'ထိုင်နေချင်လို့'

ကိုကို ရောက်လာမလားဆိုတာကို ရည်စောင့်ကြည့်နေချင်သေးသည်။ ရည့် ကိုချစ်တယ်ဆို ကိုကို ဘယ်နည်းနဲ့မဆိုရောက်လာမှာပါ။ စောင့်ကြည့်ချင်တယ် ကမ္ဘာကထိုင်နေပေးသည်။

ရည် အဓိပ္ပါယ်မရှိတဲ့အလုပ်တွေကိုလုပ်နေမိပြီလား ဒါက မိန်းကလေးတစ်ယောက် နေရမည့်အချိန်လည်းမဟုတ်။ နင်ရူးနေလားသွန်းရွှေရည်၊ ကမ္ဘာ့ကိုရော အားနာသင့်တယ်။ ကမ္ဘာက ဘာမှမသိဘဲထိုင်နေသည်။

'ကိုယ် ဒီဘက်ကိုအလုပ်ကိစ္စတစ်ခုနဲ့ ရောက်လာပေလို့ပေါ့ရည်၊ မင်း ဘာတွေလုပ်နေလဲ မင်းကို ကြည့်ရတာစိတ်တွေမူမှန်သလိုပဲ...'

'ဘာမှမမေးပါနဲ့ ကမ္ဘာရယ်၊ ရည့် အနားမှာပဲနေပေးစမ်းပါ၊ နောက်ထပ် တစ်နာရီလောက်ထပ်ပြီးထိုင်နေချင်သေးတယ်'

'ထိုင်ပါ မင်းဆန္ဒက ကိုယ့်ဆန္ဒပဲ၊ ဖြစ်စေချင်တာသာပြော'

ကမ္ဘာ့နေရာမှာကိုကိုသာဆိုရင်ဘယ်လောက်ကောင်းလိုက်မလဲ ရည် အရမ်းပျော်ရွှင်မိမှာပဲ။ ခုတော့ရည် ငိုချင်သည်။

စောစောက ဘယ်လောက်ကြောက်ရွံ့တုန်လှုပ်ခဲ့ရလဲ။ ကြည့်စမ်း။ ရည်မျှော်လင့်နေသေးတယ်၊ ကိုကိုရောက်လာမှာပါ ရည့်ကို





နှစ်သိမ့်ပေးမှာပါ။ ကိုကို့ ကိုအချိန်ပေးပါတဲ့ ကိုကိုလာခဲ့ပါ။ ကျွန်မကိုတစ်ခုခုတော့ ပြတ်ပြတ်သားသားပြောပြပါ။

သူမဘာယ်လိုပဲ စောင့်မျှော်နေပါစေ ကိုကိုကရောက်မလာခဲ့။ ကမ္ဘာကလည်း အူကြောင်ကြောင်နှင့် ထိုင်ပေးနေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

သခ်စိတ်တွေရည်လေးစောင့်နေမယ်ဆိုတာသိနေသဖြင့် လွှမ်းကိုထားခဲ့ကာသွားချင်သည်။ လွှမ်းက အလစ်မပေး အချိန်ကြာသွား၏။ လွှမ်း ပြန်သွားမှ ရည်လေး ရှိနေမယ့်နေရာကိုသွားတော့ စောစောကပဲ ဒီနေရာမှာထိုင်နေတဲ့ ကောင်မလေးတစ်ယောက် ကောင်လေးတစ်ယောက်ရဲ့ကားနှင့်ပါသွားပြီတဲ့။

ဘယ်ကောင်လေးလဲ ကမ္ဘာလား။ အဲဒီ ကောင်မလေးက သူ့ချစ်သူကို စောင့်နေတာတဲ့။ ခင်ဗျားလားတဲ့၊ ကျုပ်တို့က ညှို့ငုတ်မလေး ထင်လို့တဲ့ လိုက်တော့ ပြေးထွက်သွားတယ်တဲ့။ ကောင်လေးကားနဲ့ လမ်းမှာတိုးသွားတာတဲ့။

'ခင်ဗျား တော်တော်ရက်စက်တဲ့လူပဲ၊ ကောင်မလေး ထိုင်နေ





တာအကြာကြီးပဲ၊ကျုပ်တို့တောင် လိုက်နောက်ယှက်ပြီးမှစိတ်မကောင်းဖြစ်သွားရတယ်'

'ကျွန်တော်နောက်ကျသွားတယ်၊ ကျွန်တော်ဘယ်လိုလုပ်ရမလဲ'

'လိုက်ပြီးတောင်းပန်သင့်တယ်၊ကောင်မလေးအရမ်းသနားစရာကောင်းတယ်ဗျာ။ကောင်လေးက သူ့ရည်းစားမဟုတ်ဘူး ဒီကိုသာရင်းဆုံကြတာ ထင်တယ်'

ကမ္ဘာပဲဖြစ်မှာပါ တကယ်တော့မင်းရွေးချယ်သင့်တာကကိုကိုမဟုတ်ဘူး ကမ္ဘာပဲ။ သခ်က သတ္တိမရှိသူ။ ရည်လေး ဘယ်လောက်ထိ နာကျင်ကြေကွဲနေမလဲ။

သူနှင့် လွှမ်းကိုတွေ့တော့ လှစ်ခနဲပြေးထွက်သွားသည်။ မင်းရှောင်ထွက်သွားတာပါ မင်းကကိုကို့အပေါ် နားလည်မှုပေးတယ်၊ အသုံးမကျတာက ကိုကိုပဲ… ရည်လေးကိုရက်စက်ခဲ့တယ်၊ ဥပေက္ခာပြုခဲ့တယ်။

ကိုကို့ကိုမုန်းသင့်ပါတယ် မေ့ပစ်လိုက်ပါတော့ ရည်လေးရယ်။

သခ်စိတ်ထိခိုက်နေသည်။

'အရမ်းချစ်စရာကောင်းတဲ့ကောင်မလေး ငါသနားတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ရည်လေး ဘယ်လိုအခြေအနေမျိုးတွေနဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့ ရလဲကိုကို့အမှားတွေပါ။ ရည်လေးကိုစွန့်လွှတ်လိုက်ဖို့ပဲဆုံးဖြတ်သည်။

'ကိုကိုချစ်တာ ရည်လေးပါ၊ကိုကို့နှလုံးသားတွေထဲမှာလည်း ရည်လေးပဲရှိတာပါ။ ကိုကိုသစ္စာမရှိတာပါ'

သူပြန်ရောက်လာတဲ့အထိ ဆုံးဖြတ်ချက်ကမပြတ်သားသေး ပေ။ ရည်လေးကိုမစွန့်လွှတ်နိုင် ဒါပေမဲ့ လွန်းကသူနှင့်စေ့စပ်ဖို့စီစဉ်နေ သည်။

သခ်ကလည်းမငြင်းမိ လွန်းနဲ့ လက်ထပ်သင့်တယ်ဆိုသည့် အတွေးနှင့်အသိတရားတွေက သူ့နှလုံးသားကို လွှမ်းမိုးထားသည်။ ရည်လေးကိုပဲစွန့်လွှတ်သင့်ပါတယ်။

ကိုကို့ကိုခွင့်လွှတ်ပါ ရည်လေး။

နောက်နေ့ကျတော့ လွန်းက သခ်နှင့်စေ့စပ်ဖို့ ဟိုတယ်ပင် ငှားထားကြောင်းပြောသည်။ သခ် ငြင်းပစ်လိုသည်။ အသိတရားတွေက တားနေ၏။

လွန်းက အားလုံးနီးပါးပင် စီစဉ်ထားသည်။

'စေ့စပ်ပြီးတာနဲ့လက်ထပ်ပွဲကျင်းပမယ်၊ ဒီနေ့ဖိတ်စာတွေသွား ရိုက်ရမယ် သခ်၊ ရှင်လည်းလိုက်ရမယ်နော်'

သခ် တွေဝေနေဆဲပင် လွန်းကိုငြင်းပစ်ချင်သည်။ ရည်လေး





ကိုတွေသင့်တယ် လူကြီးလူကောင်းပီသစွာရှင်းပြသင့်တယ်။ အခုတော့ သတိမတည်တဲ့ မတရားပြုကျင့်သူအဖြစ် သူ့ကိုယ်သူမကျေမနပ်ဖြစ် နေသည်။

'သခ်'

'ဟင်'

'ဘာတွေငိုင်နေတာလဲကွာ သခ် မျက်ဝန်းတွေချောင်ကျနေ သလိုပဲ၊ ညဘက်တွေအိပ်ပျော်ရဲ့လား'

'လွန်း'

'ပြောလေ'

'ကိုယ်တို့နှစ်ယောက်လက်ထပ်ပွဲက အရမ်းကြီးမမြန်လွန်းဘူး လား'

'သခ်ရယ် တို့နှစ်ယောက်ရဲ့အသက်အရွယ်တွေကိုလည်း ကြည့်ဦးလေ နောက်ကျနေတာသိလား'

သခ်တစ်ခုခုဖြစ်နေတာတော့ လွန်းသိနေသည်။ သွန်းရွှေရည် ကြောင့်ပဲ ကောင်မလေးသင်တန်းကိုလာတယ်၊ သခ် လည်းမျက်နှာ ညှိုနေတယ်။

ညကလည်း ဘုရားမှာကောင်မလေးရှိနေတာ သိနေ၏။ သွန်းရွှေရည် ညည်းဘာဖြစ်လောက်တော့ ကျုပ်ကိုလာပတ်လို့ရမလား



www.burmeseclassic.com

www.burmeseclassic.com



သခ်ဲက ငါ့အတွက်ပဲလေ။ နင့်ကိုဘယ်တော့မှလက်မထပ်စေရဘူး လွန်း ဒေါသဖြစ်နေသည်။

'ဘာမှစဉ်းစားစရာမလိုဘူး သခ်ဲ၊ လက်ထပ်ပွဲအထိ လွန်း အားလုံးစီစဉ်ထားပြီးပြီ ရှင်ဘာတွေဝေနေတာလဲ ရှင့်ဂုဏ်သိက္ခာ မြောင်းထဲရောက်ချင်နေလို့လား… ဟင်'

'ကိုယ်'

'တော်ပြီလာ ဖိတ်စာသွားအပ်မယ်၊သခ်ဲရယ် အရှုမထချင်ဘ ပါနဲ့ ရှင့်ရင်ထဲမှာ ဘာတွေဗလောင်ဆူနေလည်းဆိုတာ လွန်းသိတယ် အဲ့ဒါကြောင့် ဒုက္ခမရောက်အောင် စီစဉ်စရာရှိတာတွေအမြန်ဆုံးစီစဉ်ရ တာလေ'

လွန်းကသူ့လက်ကိုဆွဲပြီး ဖိတ်စာရိုက်ဖို့ခေါ်သွားသည်။သူ အရုပ်ပဲ အသက်မဲ့နေသလိုပင် ဖိတ်စာကို လွန်းကပဲရွေးချယ်ခဲ့ ပြီးတော့ အသိသက်သေအဖြစ် လက်မှတ်ထိုးပေးမယ့် သူ ဆရာကြီးဆီသွားသည်။

'မင်းတို့ လက်ထပ်ကြတော့မှာလား… အရမ်းကောင်းတာ ကွာ၊ နေနဲ့လ ရွှေနဲ့မြပဲ၊ ပြော… ဆရာကဘာအကူအညီပေးရမလဲ'

'အသိသက်သေအဖြစ်လက်မှတ်ထိုးပေးပါ ဆရာ'

'လုပ်ပေးရမှာပေါ့ကွယ်… ဆရာ့ရဲ့တပည့်အရင်းတွေ





နှစ်ယောက်စလုံးကြိုးစားကြတယ် တော်ကြတယ်၊ လိမ္မာကြတယ် လူ့လောကကြီးထဲဂုဏ်သိက္ခာကြီးမားစွာရပ်တည်နိုင်ကြပြီးဆရာ့ကိုလည်း ချက်နှာပွင့်စေတယ်လေ၊ ဂုဏ်ယူပါတယ်ကွယ်'

နောက်ဆုံးတော့ သခ်ဲ လက်မြှောက်အရှုံးပေးလိုက်ရသည်။ သူ တန်ဖိုးထားထိန်းသိမ်းခဲ့တဲ့နာမည်ဂုဏ်သတင်းနဲ့တင့်တယ်မှုတွေက လွန်းကိုလက်ထပ်မှရနိုင်တာလေ။ဆရာက ဝမ်းသာပီတိတွေနဲ့ ပြုံးနေ တယ်။

တကယ်လို့သာ သွန်းရွှေရည်ကိုသာ သူလက်ထပ်မယ့် နေ့ကလေး အဖြစ်ခေါ်လာခဲ့ရင် ဆရာဒေါသတကြီးနဲ့ ကန့်ကွက်မှာပါ။ သူ့ကို ကျေးမွေးစောင့်ရှောက်ခဲ့တဲ့ဆရာကပြောထားပြီးသားပဲ။

မင်း လက်ထပ်ရမှာက လွန်းခင်ခင်ပဲတဲ့၊ သခ်ဲဘဝကို အလွန်အမင်း တင့်တယ်မြင့်မား တိုးတက်စေချင်သူပါ။

'သခ်ဲကဆရာ့စကားကိုနားထောင်သားပဲ၊ ဝမ်းသာတယ်ကွာ အရမ်းပီတိဖြစ်ရတယ်။ ဒီလိုအခြေအနေလေးရောက်မယ့်နေ့ကိုဆရာ အမြဲတမ်းစောင့်နေတာ'

ပွဲက ပြီးဆုံးသွားသည်။ သခ်ဲငြင်းပယ်တာတွေ၊ လက်မခံချင် နေတာတွေပျောက်ဆုံးသွားသည်။ သွန်းရွှေရည်လေး ကိုတော့ သူ ကောင်းပန်ချင်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း မင်းအနားမှာ ကမ္ဘာရှိပါတယ်။ သူ့ရွေးသား ပဲလေ။ မင်းဘဝကိုမြင့်မားစေမှာပါ ရည်လေးကို သတိရသည်။

'သခ်ီ'

'ဟင်'

'ဆရာ့ကိုကန်တော့ရအောင်'

'အင်း'

လွှမ်းနှင့်သူကြမ်းပြင်မှာဆင်းထိုင်ပြီး ဆရာ့ကိုကန်တော့ကြသည်။

'ဆရာ့ တပည့်တွေ စီးပွားဥစ္စာတွေ တိုးပွားချမ်းသာပြီး သားကောင်းသမီးကောင်းတွေ ထွန်းကားကြပါစေ။ အိုအောင်မင်း အောင်ပေါင်းသင်းကြပါစေ ပျော်ရွှင်ကြပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါရစေဆရာ'

လွှမ်း အသံပဲထွက်လာပြီး သူ့အသံကတိုးလျနေသည် သူတို့နှစ်ယောက်အား ဇနီးမောင်နှံအဖြစ် ဆရာက စတင်အသိအမှတ်ပြုလိုက်ပြီဖြစ်သည်။

'လက်မှတ်ရေးထိုးပွဲမှာလည်း ဆရာပဲအသိသက်သေလက်မှတ်ထိုးပေးပါဦးနော်၊ မင်္ဂလာဧည့်ခံပွဲမှာလည်း ဆရာပဲအဓိကပါ'

'အေးကွယ် ဆရာလုပ်ပေးပါ့မယ် သခ်ီကဆရာ့သားပါပဲလေ လွှမ်းနဲ့ဆို ဆရာစိတ်အေးရပြီပေါ့'





ဆရာရော လွှမ်းရောကြည်ကြည်နူးနူးရယ်မောနေပေမဲ့ သူကတော့အသိကင်းမဲ့နေသည်။

သူ့ရင်တွေမီးတောက်နေ၏ သတ္တိမရှိဘူး ဆရာက သူ့ကိုပဲ အဓိကဆုံးမစကားပြောသည်။

'မင်း သင်တန်းမှာကောင်မလေးတစ်ယောက်နဲ့ပြဿနာတက်တယ်ဆို မင်းမှန်တယ်သခ်ီ၊ စည်းကမ်းပျက်တဲ့ သင်တန်းသူကိုပြတ်ပြတ်သားသားဆက်ဆံရမယ်။ မင်းဆုံးဖြတ်ချက်မှန်တယ်'

လွှမ်း ပြောပြထား၍ ဆရာသိနေတာပဲဖြစ်မည်။ သခ်ီမိဘမဲ့ဘဝဆင်းရဲဒုက္ခရောက်ခဲ့စဉ်က ဆရာကပဲခေါ်ယူကျွေးမွေးပညာတွေသင်ပေးခဲ့သည်။ ပြီးတော့လည်းဂုဏ်သိက္ခာရှိရှိနေထိုင်တတ်အောင်လေ့ကျင့်ပေးခဲ့၏။

ဆရာ လေ့ကျင့်မပေးလိုက်တာက သူ့နှလုံးသားကိုပဲ ကြာလေးတွေနှင့်ကင်းရှင်းအောင်နေစေတာပါ။ သူနှင့်အနီးကပ်နေဝေ့ဝါ လွှမ်းပဲလေ အချစ်တွေကြောင့် သခ်ီ ခံစားနေရသည်။

'လွှမ်း တို့ကိုခွင့်ပြုပါဦး ဆရာ'

'အေး... အေး ပြန်ကြတော့ ဆရာ့တပည့်နှစ်ယောက်လုံးကို ဆရာယုံကြည်စိတ်ချထားပြီးသားပါကွယ်'

ဆရာက သူ့မျက်ဝန်းတွေကိုစူးစိုက်ကြည့်သည်။မတွေ့ခင်နဲ့



www.burmeseclassic.com

တဲ့ လုပ်သင့်တာပဲရွေးချယ်လုပ်ပါတဲ့။ လက်ထပ်ပြီးဂုဏ်သရေရှိတဲ့ မိသားစုလေးကိုတည်ထောင်ပါတဲ့။ ဆရာဆီကပြန်လာတော့သူစိတ်ထဲ ကိုလျှော့ပစ်လိုက်သည်။

'သခ်'

'ဟင်'

'ရှင်အသိတွေကင်းမဲ့ပြီး တောင့်တောင့်ကြီး ဖြစ်နေတယ် ဘာပဲဖြစ်ဖြစ်ရှင်သိထားဖို့ လွှမ်းတို့လက်ထပ်ပွဲကိုပဲ စိတ်အာရုံနှစ်ထား ဖို့ပဲ'

'လွှမ်း ဘာတွေလဲကွာ၊ကိုယ့်ကိုအဲဒီလောက်အထိ မီအား စမ်းပါနဲ့ ၊ကိုယ့်စိတ်တွေကိုလွှတ်ပေးထားစမ်းပါ။ ကိုယ်ကအစုမ် လက်မထပ်ရသေးဘူးလေ'

'ရှင့်ကိုစိတ်မချဘူး၊ အရူးမျက်လုံးတွေ ဘာတွေဆွေးနေ လဲ'

'တော်ပြီကွာ… မင်းလုပ်ချင်တာလုပ်ပါ ကိုယ်လည် တယ်…'

သခ် ပြောင်းလဲမှုတွေအတွက် လွှမ်းမသိချင်ယောင်ဆောင် ကာလက်ထပ်ပွဲအတွက်ပဲစီစဉ်မည်။သခ် ဘယ်တုန်းကလွှမ်းကို မျက် ထားတင်းတင်းနဲ့ပြောဘူးလဲ။





ဟိုဟာမလေးကြောင့်ပါ။ ညည်းဘယ် လောက်အထိဖမ်းစား ထားလဲ သခ်ကလူရိုးလူအေး ညည်းကိုစပြီးချစ်တာတော့ မဖြစ်နိုင် ဘူး။

သိမယ် ဒီကိစ္စကိုပြတ်ပြတ်သားသားလုပ်ဆောင်ဖို့စဉ်းစား နေသည်။

'စေ့စပ်ပွဲပြီးတာနဲ့ တစ်ပတ်အတွင်း လက်ထပ်ကြမယ်၊ လက်ထပ်စာချုပ်မှာလက်မှတ်ထိုးမယ် သခ် ကိုစိတ်မချလို့ပါ'

'မင်း စိတ်တိုင်းကျပဲစီစဉ်ပါကွာ ကိုယ်အနားယူတော့မယ် လွှမ်း ပြန်ပါတော့'

'ပြန်မှာပါ… ဘယ်မှမထွက်နဲ့တော့ ဖုန်းဖွင့်ထား လွှမ်း ဖုန်းဆက်နေဖို့ပါ'

လွှမ်းပြန်သွားတော့မှ သခ်ရဲ့မွန်းကြပ်နေတဲ့စိတ်တွေပေါ့ပါး သွားရသည်။

ဘာပဲဖြစ်ဖြစ် ရည်လေးဆီကိုဖုန်းဆက်ရမယ်။ သူမတို့ အိမ်ရှေ့ကဖုန်းနံပါတ်ပေးထားသည် တောင်းပန်ရမယ်။

သူ့ကို မေ့ပစ်လိုက်ဖို့ပြောရမယ် တစ်ကြိမ်လောက်တော့ တွေ့ချင်တယ်။

ရည်လေးကို ကားပေါ်တင်ပြီးအဝေးကိုမောင်းထွက်ပြေးချင်



www.burmeseclassic.com

www.burmeseclassic.com



တယ် အခုလောက်ဆိုရင် ရည်လေး သူ့ကိုမုန်းတီးနာကျည်းနေမလား ပဲ။ ရည်လေးနှင့်တစ်ကြိမ်လောက်တော့ မျက်နှာချင်းဆိုင်တွေ့ချင် သည်။

❐



(၂၀)

'နင် ဘာတွေဖြစ်နေရတာလဲ ရည်လေး…ပြောစမ်း၊ နင့်မှာ ချစ်သူရှိနေလား ဒီနေရာမှာချစ်သူနဲ့ခိုးရာလိုက်ပြေးဖို့ချိန်းထားလို့လား ရည်'

'မသိဘူး ရည့်ကိုဘာမှမမေးပါနဲ့, ကမ္ဘာ မဖြေနိုင်ဘူး… ကမ္ဘာ ပြန်ပါ'

'မင်းကိုစိတ်မချဘူး'

'ရည်ဘာမှမဖြစ်ပါဘူး အိမ်ပြန်ရောက်နေပြီပဲ'

'ဒေါ်လေးကိုနှုတ်ဆက်ဦးမယ်'

'ထားလိုက်ပါ'

'ဒေါ်လေး ကမင်းဘယ်အချိန်ပဲပြန်ပြန် ခွင့်ပြုတာပဲလား'

'ဒေါ်လေးညီက ရည့်ကို အရမ်းချစ်တယ် အလိုလည်းလိုက် တယ် ယုံကြည်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းဘာတွေ လုပ်နေတာလဲ မင်းဒုက္ခရောက်တော့မလို့ ငါသာရောက်မလာရင်'

'ကမ္ဘာ'

'ပြော'

'ရည့်ကို စိတ်ဆိုးသွားပြီလား၊ အထင်သေးသွားပြီလား ဟင်'

'ပိုပြီးစိတ်မချတာ၊ပိုပြီးချစ်တာ မင်းကိုဘယ်လို အကြောင်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး၊ ရည်လေးဘာတွေဖြစ်နေလဲကွာ ပြောပြစမ်းပါ'

'ဟင့်အင်း'

'ချစ်သူရှိနေလား'

'ရှိနေတယ်ဆိုရင်ရော'

'မင်းမှာချစ်သူရှိနေတယ်ဆိုရင်လည်း မင်းကိုလက်ထပ်ယူဖို့ သတ္တိမရှိတဲ့ ဂုဏ်သရေရှိလူကြီးလူကောင်းပဲဖြစ်ရမယ်'

'ဟင်း… ဟင်း… ဟင်း… '

'ရည်'

'ပြန်တော့'

'မင်းကိုစိတ်မချဘူး ရည်၊မင်း ချစ်သူကဘယ်သူလည်း မင်း အရမ်းချစ်လား ကိုယ်သွားတွေ့မယ်'

ကမ္ဘာ နင့်ကိုလူဆိုးလူပေတစ်ယောက်လို့ထင်ထားတာ နင်





အပေါ်ငါဘယ်တော့မှမချစ်ပါဘူး၊ အထင်သေးနေခဲ့တာလေ။ စိတ်ထဲ ချမ်းသာပြီး အစွမ်းအစမရှိတဲ့ယောကျ်ားတစ်ယောက်ကို ငါဘယ်တော့မှ လက်မထပ်ချင်ဘူး။

သင်တန်းမှာကိုသခ်ကိုတွေ့ပြီးထဲက ရည်လက်ထပ်ယူမယ့် ယောကျ်ားကိုစံထားခဲ့တာ။ ဒါပေမဲ့ ရည်ကသူ့အတွက်ဂုဏ်သိက္ခာမဲ့စေတဲ့မိန်းကလေးတစ်ယောက်ဖြစ်နေတယ်လေ။

ကမ္ဘာကမူ စိတ်ထားမြင့်မြတ်တည်ကြည်သေးတယ်။ ကမ္ဘာ မျက်ဝန်းတွေက အကြင်နာတွေ စိုးရိမ်ပူပန်မှုတွေနဲ့ ပြည့်နှက်နေသည်။

'မနက်ဖြန်မှတွေ့မယ်နော် ရည့်ကိုမေ့ပစ်ဖို့ပဲ ကြိုးစားစမ်းပါ'

'ရည်'

'သွားပြီ'

သူမ အိမ်လေးထဲဝင်လာပြီး တံခါးပိတ်ပစ်သည်။ ကမ္ဘာလည်းစိတ်လျှော့ပြီးပြန်သွား၏၊ ဒေါ်လေးညိုက သူမရှေ့မှာလာရပ်သည်။

'ရည်လေး'

'ဟင်… ဒေါ်လေးညို'

'ကမ္ဘာလေး ပြန်သွားပြီလား'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေဖြစ်လာလဲ၊ ဒေါ်လေးညှိုကိုအမှန်အတိုင်း ပြောစမ်း'

တူမလေးချစ်သူနှင့်သွားတွေ့တာ ဒေါ်ညှိုညှိုသိသည်။ မိမိက တူမလေးကိုယုံကြည်မိ၏။ ကိုယ်ကျင့်တရား ထိန်းသိမ်းတတ်သည်။ ဒါပေမဲ့ တူမလေး ပြဿနာတက်လာပုံပင်။ ကမ္ဘာ နှင့်ဘယ်မှာတွေကြတာလဲ ဒေါ်ညှိုညှိုစိတ်ပူသည်။

'မောင်သခ်နဲ့တွေ့ခဲ့လား ဘာတွေဖြစ်ကြလဲ ကမ္ဘာကရော'

'ကိုကိုနဲ့မတွေ့ခဲ့ဘူးဒေါ်လေး'

'ဟင်'

'ကိုကိုမလာဘူး'

'အဖြေကရှင်းနေပြီပဲ၊ တူမလေးကိုလက်မထပ်ရဲတာ၊ သတ္တိမရှိတာပဲ'

'ရည့်ကတော့ ကိုကို့ကိုယုံကြည်နေတုန်းပဲ'

'ဘာ'

'ကိုကိုက ရည့်ကိုချစ်တယ် ဆိုတာလေ'

'အရူးမ'

'ရည် ယုံတယ် ကိုကိုတကယ်ပဲရည့်ကိုချစ်တာပါ၊ ကိုကိုက တည်ကြည်ခန့်ညားတဲ့ယောကျ်ားတစ်ယောက်ပါ ဒေါ်လေးညှိုမစွန့်စားရဲတာပါ'





'မစွန့်စားရဲတာကိုကမှားနေတယ် ရည် သမီးပဲ နောက်ဆုတ်လိုက်ပါ ကမ္ဘာနဲ့လက်ထပ်ဖို့ ဒေါ်လေး ဖွတ်အတင်း မတိုက်တွန်းတော့ပါဘူး'

'ရည်လေးစောင့်ကြည့်ချင်သေးတယ်၊ ကိုကိုကရည်လေးကိုရင်ထဲကချစ်တာပါ၊ ရည်လေးသိနေတယ်'

'ရည်လေး အဓိပ္ပါယ်မရှိတာတွေ ထပ်ပြီးမလုပ်ချင်နဲ့တော့၊ မောင်သခ် ကိုမေ့ပစ်လိုက်ပါတော့ကွယ်'

တူမလေးကိုဒေါ်ညှိုညှိုဆွဲယူပွေ့ဖက်ပြီးပြောမိသည်။ သနားလိုက်တာ။

ဘယ်လိုက်ကြမ္မာတွေလဲ ရည်လေးက ဖြူစင်ပြီး လိမ္မာတဲ့မိန်းကလေးပါ။ ပညာကြိုးစားပြီး ဘဝကိုနားလည်သူ။

မောင်သခ် မင်း ဘာလုပ်တာလဲ။ ငါ့တူမလေးက မင်းကိုမျှော်လင့်ဖြားယောင်းမှာတော့ လုံးဝမဖြစ်နိုင်ဘူး။ ငါ့တူမအကြောင်း ငါအသိဆုံးပဲ။

ဒေါ်ညှိုညှို ဒေါသဖြစ်နေသည်။

'အိပ်တော့ ညည်းလေး ဘာတွေရင်ဆိုင်လာရလဲဆိုတာ ဒေါ်လေး သိတယ်၊ မိန်းကလေးတစ်ယောက်ကိုချိန်းထားပြီးမလာတာ ယောကျ်ားပီသတာမှမဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ကမရှိန်းပါဘူး၊ ရည် ကသွား စောင့်တာပါ၊ မျှော်လင့်တာပါ'

'နားတော့ သမီးသိထားရမှာက မောင်သခ်က သမီးကို ဘယ်တော့မှ တရားဝင်လက်ထပ်မှာမဟုတ်ဘူး'

'ဒေါ်လေး'

'သွား'

ရည် ဘယ်လိုလုပ်ရမလဲ၊ ကိုကိုကတကယ်ပဲရည့်ကိုစွန့်ပစ်သွားပြီလား ဟင်။ကိုကို့မှာဘာဖြစ်လို့ သတင်းတွေရှိမနေရတာလဲ သူမ ငိုမိသည်။ နောက်နေ့အထိ ရည် အိပ်မရ၊ သူမ မျက်ဝန်းတွေထဲမှာ အိပ်စက်ခြင်းတွေမရှိတော့။ ကိုကို နှင့်တွေ့ချင်တဲ့ဆန္ဒတွေပြင်းပြနေသည်။

'ရည်လေး'

'ဟင်... ကမ္ဘာ'

'ထွက်လာခဲ့လေ မနက်စာသွားစားမယ်၊မင်းသင်တန်းကိုသွားရမယ် မဟုတ်လား'

ဒီကောင် အစောကြီးလာနေသည်။ရည် မအိပ်ရသေးဘူး အပြင်လည်းသွားချင်တဲ့ ဆန္ဒမရှိပါဘူး။ အိပ်ယာကနေမထချင်။ ကိုကို့ အကြောင်းတွေပဲတွေးနေချင်သည်။





'မထချင်သေးဘူးဟာ နင်ပြန်ပါ'

'မရဘူး ရည် သင်တန်းသွားရမယ် ထပါ'

'သင်တန်း'

'မင်း စာအုပ်ငှားလာတယ်လေ ပြန်ပေးရမယ် မဟုတ်လား' 'ဟုတ်သားပဲ'

သူမထလိုက်သည် သူ့သူ့စာအုပ်ငှားလာတာပဲ ပြန်ပေးရမယ်။ ကိုကိုနဲ့တွေ့ရမှာ သူ့သူ့ ဆီကသတင်းတွေကိုလည်းမကြားချင်ပေ။ အတင်းအရမ်းပြောတယ်။ ဒါပေမဲ့စာအုပ်တော့ပြန်ပေးရမည်ဖြစ်သည်။ အပြင်ထွက်လိုက်၏။ ရေချိုး အဝတ်အစားလဲသည်။

'ရည် ညကအိပ်ရဲ့လားကွာ၊ မျက်နှာလေး သိသိသာသာ ချောင်ကျသွားတယ်'

'ထားလိုက်ပါ'

ကမ္ဘာ အဲဒီလောက်အထိဂရုစိုက်နေတာကို ရည်အမြင်ကတ်လာသည်။

ကိုကိုကလွဲပြီးရည် ဘယ်သူ့ကိုမှ မချစ်ဘူး။

သူမမှန်ကြည့်လိုက်တော့ တကယ်ပဲမျက်နှာလေးကချောင်ကျနေသည်။ ကျွန်မအိပ်လို့မရဘူးစားလို့လည်းမဝင်ဘူး။ ကိုကို့အကြောင်းတွေပဲတွေးနေလို့လေ။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ကမ္ဘာက စားသောက်ဆိုင်မှာကျွေးသည် စားမရ၊ အစားအစာတစ်ခုကိုမျှချ၍ပင်မရ ကမ္ဘာက စိုးရိမ်တကြီးကြည့်နေ၏။ သူမ အရေးမလုပ်ပဲ သင်တန်းကိုထွက်လာသည်။

'ကမ္ဘာ ခဏလေးကားရပ်ပေးပါ'

'ဘာဖြစ်တာလဲ ရည်'

'ကားရပ်ပေးပါ ခဏလေး… ရပ်ပါ'

ကိုကို တစ်ယောက်တည်းလမ်းလျှောက်လာတာတွေ့၍ ကမ္ဘာ ကားရပ်ပေးတော့ သူမ ဆင်းပြီးအပြေးကလေးသွားသည်။

'ကိုကို'

'ဟင်… ရည်'

'ကိုကိုဘာဖြစ်လို့ ရည်လေးနဲ့လာမတွေ့ရတာလဲဟင်၊ ညက ရည်လေးစောင့်နေတယ် အရမ်းညဥ့်နက်တဲ့အထိပဲ'

'ကိုကိုလာပါတယ်'

'ဟင်'

'ရည်လေး စောင့်နေမယ်ဆိုတာသိလို့လေ ရည်လေးကို ပြဿနာလာရှာတဲ့ကောင်တွေနဲ့တောင် တွေ့တယ်'

'ကိုကိုလာတယ်၊ ရည် ထင်ပါတယ်ကိုကိုရောက်လာမယ်ဆို တာလေ'





ကိုကိုရောက်လာ၍ ရည်ပျော်သွားသည်။တွေ့လား ကိုကို လာပါတယ်လို့ ကိုကို့ကို ရည်ယုံကြည်သည်။

'မင်း ကမ္ဘာနဲ့လာတာလား ရည်'

'အင်း… ဟိုကမ္ဘာနဲ့တော့တစ်မျိုးမထင်နဲ့နော်ကိုကို၊ သူက ညှိရဲ့ အကောင်းဆုံးမိတ်ဆွေသူငယ်ချင်းပါ'

မင်း ဘဝတင့်တယ်ဖို့အတွက် ကမ္ဘာ ကပဲအလိုက်ဖက်ဆုံး အတင့်တယ်ဆုံးယောကျ်ားလေးပါကွာ။ ရည်လေး ကိုသူလည်းတွေ့ ချင်နေသည်။

မဖြစ်နိုင်တဲ့အကြောင်း သူချော့မော့ပြောပြချင်၏။

သူနှင့် လွန်းတို့လက်ထပ်တော့မည် အစီအစဉ်တွေအားလုံး သုပ်ခေါင်ပြီးကြပြီ ရည်လေးကိုလည်း သနားသည်။

'ရည်လေး'

'ရှင်'

'ညကျရင် ဘုရားပေါ်မှာပဲကိုကို့ ကိုစောင့်နေပါ'

'ဟုတ်ကဲ့ပါကိုကို'

'ကိုကို မလာမချင်းတော့မစောင့်နဲ့၊ ညရှစ်နာရီမှမလာရင် ...င်း ပြန်ပါတော့'

'ကိုကို'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုလာမှာပါ ဒါပေမဲ့ အခက်အခဲဆိုတာရှိနေတယ်လေ'

'လာဖြစ်အောင်တော့လာပါ ကိုကို ညည်အရမ်းတွေ့ချင်လို့ပါ ကိုကို့ကိုယုံကြည်ပြီးစောင့်နေပါ့မယ် နော်'

'ကိုကိုသွားပြီ'

ကိုကိုသခ် ရှေ့ဆက်လျှောက်သွားတော့ ညည်တစ်ယောက်တည်း ငေးကြောင်စွာကျန်ရစ်ခဲ့သည်။

'ညည်'

'ဟင်… သူသူ'

'စာအုပ်လာပြန်ပေးတာလား'

'အင်း'

'ညည်နဲ့ဆရာကအဆင်ပြေနေပါလား၊ ဘယ်သင်တန်းသူနဲ့မှစကားမပြောတဲ့ ဆရာသခ်က မင်းနဲ့တော့ပြောသားပဲ'

သူသူ့ကို ဘာမှရှင်းလင်းပြောဆိုမနေတော့ပဲ ညည် ထွက်ခဲ့လိုက်တော့ သူသူကလက်ဆွဲထားပြီး အတင်းကပြောဖြစ်အောင်ပြောသေးသည်။

'ဆရာသခ်နဲ့ဆရာမလွန်းတို့ စေ့စပ်ဖို့ဖိတ်စာတွေတောင် ရိုက်ထားပြီးပြီဟ'

'မဖြစ်နိုင်တာ'





'ဘာလဲ ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ ဟဲ့ အားလုံးစီစဉ်ထားပြီးပြီ၊ လက်ထပ်ပွဲလည်းတစ်လအတွင်းလုပ်မှာ'

'ဆရာသခ်က လက်ခံလို့လား'

'လက်ခံတယ်လေဆရာသခ်ကဂုဏ်အရမ်းမက်တယ်၊ တော်ရုံမိန်းကလေးကိုအထင်မကြီးဘူး။ ဆရာမလွန်း ကိုပဲမိန်းမထင်တာဟ'

သူမစာအုပ်ပေးပြီးလှည့်ထွက်လာခဲ့သည်။ ကိုကိုကတကယ်ပဲမလွန်းနဲ့လက်ထပ်တော့မှာလား၊သူမစိတ်ထဲမှာတော့ကိုကိုက သူမအား ခွဲခွာမသွားဘူးဟုပဲ ယုံကြည်နေသည်။

'ညည်လေး ဘာရပ်လုပ်နေတာလဲ၊ စာအုပ်ပေးပြီးပြီမဟုတ်လား… ပြန်ကြမယ်'

'အင်း… ကမ္ဘာ'

ကမ္ဘာ ကားလေးသူမအနားရောက်လာသည်အထိ သူမအသိစိတ်ကင်းမဲ့စွာရပ်နေခဲ့ပင်၊ ကမ္ဘာ လက်ကိုလာဆွဲမှ အသိတွေဝင်လာပြီး ကားလေးပေါ်တက်၏။သူမဟန်မဆောင်နိုင်တော့ဘူးဝမ်းနည်းကြေကွဲမှုတွေက သူမ ရင်ထဲသို့အတိုင်းအဆမရှိ တိုးဝင်နေသည်။ ကမ္ဘာ့ကိုပင်မကြည့်ရဲတော့။ မျက်ဝန်းလေးတွေထဲမှာမျက်ရည်တွေစို့တက်လာ၏။

ညည် ရှုံးတော့မယ်ထင်တယ်။ သူသူ ပြောတဲ့သတင်းတွေမှားပါစေ၊ ဆရာသခ် နှင့် သူမတွေ့ရင် ပြတ်ပြတ်သားသားမေးပစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ရည့်တို့ လက်ထပ်ကြရအောင် ရည့်ကိုအဝေးတစ်နေရာရာ ခေါ်သွားပေးပါလား ကိုကို၊ ဒါပေမဲ့လည်း ကိုကိုက မိန်းကလေး တစ်ယောက်ကိုခိုးပြေးရဲတဲ့ သတ္တိရှိမှာမဟုတ်ပါဘူး။

မျက်ရည်တွေလိမ့်ကျမလားအောင်ပဲ အနိုင်နိုင်ထိန်းချုပ်နေရ သည်။

□



(၂၁)

'ဘာပြောတယ် ရည်လေး၊ ကိုကိုကချိန်းတယ်ဟုတ်လား။ ဒေါ်လေးညီ့ သွားတွေ့မယ် ရည်လေး မတွေ့နဲ့မလာရင် တူမလေး တစ်ယောက်ထဲအခက်တွေ့ရမယ်'

'ဟင့်အင်း ရည်လေးပဲသွားတွေ့မယ် ရည်လေး ကတိပေးပါ တယ်၊ ဒီတစ်ခါ ကိုကိုရောက်မလာရင် ရည်လေး ကမ္ဘာနဲ့ လက်ထပ် ပါ့မယ်နော်... '

'ဒေါ်လေး စိတ်မချဘူး အရမ်းစိတ်ပူနေတယ်၊ ဒေါ်လေးကို လိုက်ခွင့်ပြုပါ'

'ဒေါ်လေး'

'ဒေါ်လေး အဝေးမှာနေမှာပါ၊ စိတ်မပူပါနဲ့ တူမလေးကိုကို ရောက်လာရင်လွှတ်လွှတ်လပ်လပ်အေးအေးဆေးဆေးတွေ့လေဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေမယ်။ ဘယ်လောက်ပဲကြာကြာ… ဒေါ်လေး စောင့်နေတော့ တူမလေး စိတ်ချလက်ချတွေ့လို့ရတယ်လေ'

ကိုကိုက ရည်လေး ကိုခိုးပြေးသွားမယ်ဆိုရင်ရော ကိုကိုဟာ ရည့် ကိုပဲချစ်တာပါ။

ဘယ်တော့မှ မစွန့်လွှတ်ဘူး။ ကိုကိုအချစ်တွေကို ဒေါ်လေး ညို မယုံကြည်ပေမဲ့ ရည်လေးယုံကြည်တယ်။ ရည်လေးကတော့ ကိုကို့ နောက်လိုက်မှာနော်၊ ဒေါ်လေးပဲတစ်ယောက်တည်းကျန်ရစ်ခဲ့မှာ ဒေါ်လေးညိုကိုလည်း ရည်လေး စိတ်မချ၍အတင်းအကြပ်နေနိုင်ခဲ့ သည်။

'ဒေါ်လေးညို နေခဲ့ပါ၊ရည်လေး စိတ်တွေမလွှတ်လပ်လို့လေ နေခဲ့ပါနော်၊ ရည်လေးကိုမချစ်လို့လားဟင် ချစ်တယ်မဟုတ်လားနော် ခဲ့ပါ'

နောက်ဆုံးတော့ ဒေါ်လေးညို ပဲအလျှော့ပေးပြီးနေခဲ့သည်။ ရည်လေး ရင်တွေခုန်လိုက်တာ။ စိတ်တွေစောပြီး ဘုရားကိုစောစော ပဲလာခဲ့၏။

ကိုကိုရောက်လာမှာပါ။ ရည်လေးကို မစွန့်လွှတ်နိုင်ပါဘူး ကိုကို့အချစ်တွေကို ယုံကြည်မိနေသည်။

'ရည်လေး'





'ဟင်… ကိုကို'

'အောက်ကိုဆင်းရအောင်'

'ဟိုလေ… ကိုကို တကယ်ပဲရောက်လာတယ်နော်၊ မျော် လိုက်တာ ဒါ့ကြောင့်လေ ရည်လေးက ကိုကို့အချစ်တွေကို ယုံကြည် တာ'

ကိုကို့ လက်မောင်းကို ရည်လေး ချိတ်ဆွဲလိုက်တော့ ကိုကိုက သေိမသာရုန်းဖယ်ပစ်သည်။

'အောက်ကိုဆင်းကြမယ် ရည်လေးကိုပြောစရာတွေရှိတယ်'

'ကိုကို'

'ဟင်'

'ဘုရားရှိခိုးကြရအောင်နော်၊ ဆုတောင်းကြမယ်လေ'

'လာပါ ရည်လေးရယ်၊ ကိုကိုအချိန်မရဘူး'

'ကိုကို'

'လာပါ'

ကိုကို့ အခြေအနေကိုကြည့်ပြီး ရည်လေး စိတ်ပူနေသည်။ စိုးကားနေသလိုပဲ ကိုကို့မျက်ဝန်းတွေထဲမှာအချစ်အရိပ်မတွေ့ရနေမိ၏။

ရီဝေဝေ မျက်ဝန်းညိုညိုတွေထဲမှာ အချစ်ရိပ်တွေတော့ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ကိုရောက်လာကြ၏။ ရည်မျှော်လင့်ထားသလိုတော့ မဖြစ်လာပါဘူး။ ကိုကို ဘာတွေပြောမယ်ဆိုတာသိလာသည်။

'ရည်လေး'

'ရှင်'

'ကိုကိုတို့လေ'

'ဘာဖြစ်လဲကိုကို ပြောပါ… ရည်လေးကတော့ ကိုကို့ဆ အတိုင်းပါပဲနော်'

ကိုကိုတို့ နိုးပြေးကြရအောင်လို့ ပြောမလားဆိုပြီး သူမမျှော် လင့်နေသည်။ ကိုကိုတွေဝေနေ၏ ရည်လေးပခုံးလေးကိုဆတ်ကနဲ ဖက်လိုက်သည်။

'ကိုကို'

သခ် နှုတ်က ရည်လေးကိုလမ်းခွဲဖို့မပြောချင်ပေ။ သူ ယုံကြည်နေဆဲဖြစ်ကြောင်း သူသိနေသည်။

ကိုကို ရင်နာရပါတယ် ရည်လေးရယ်။ ကိုကိုလေ ရည်လေ ကိုကားပေါ်တင်ပြီး အဝေးကိုထွက်ပြေးသွားချင်တယ်။ ကိုကိုချစ်တ ရည်လေးပါ။ သူဘယ်လိုမှပြောမထွက်၊ ချစ်သူရည်လေးအား ငွေ ထားမိသည်။

'ကိုကို့မှာ ဘယ်လိုအခက်အခဲတွေရှိနေလဲဟင်၊ ရည်လေး





ပြောပါ ကိုကို့ကိုနားလည်ပေးပါ့မယ်၊ရည်လေးတို့ ဘာဆက်လုပ်ရမလဲ ဟင်'

'ဘာမှမပြောကြရင် အကောင်းဆုံးပဲကွာ၊ ရည်လေး ဘာစား မလဲသွားစားကြမယ်'

ရည်လေးကို လမ်းခွဲဖို့စကား သူကစ၍ မပြောချင်ပေ။ ရက်စက်ရာကျနေသည်။

'ရည်လေးနဲ့ ကိုကို အေးအေးဆေးဆေး မလည်ဖူးသေးဘူး၊ ဒီညတော့လည်ကြရအောင် ရည်လေး ဘာစားမလဲ၊ လိုတဲ့ပစ္စည်းတွေ လည်း ကိုကိုဝယ်ပေးမယ်လေ'

ဘာသဘောလည်း ကိုကို…စောစောကညှိုးမှိုင်းနေတဲ့ ကိုကို့ မျက်ဝန်းတွေက အပျော်တွေနှင့်ဝင်းလက်သွားသည်။ သူမမေးကြည့်ချင် နေတာက ကိုကို့နဲ့မလွှမ်းတို့လက်ထပ်ကြတော့မလားဆိုတာပဲ။ ကျွန်မ ပြတ်ပြတ်သားသားသိချင်တယ်။ ပြောပြပါ။

ရည်လေးစိတ်ပူတယ်။ ကိုကိုက ဘာဖြစ်လို့ ရုတ်တရက်ကြီး ရည်လေး ကိုပျော်စေချင်ရတာ လဲ၊ ကိုကို့မှာသတ္တိတွေ ရှိလာပြီလား၊ ကိုကိုက သူမလက်လေး ကိုဆွဲပြီး ကားပေါ်တက်စေသည်။

'စိတ်ညစ်စရာတွေဘာမှစဉ်းစားမနေနဲ့၊ ရည်လေး ဘာစားချင် လဲ၊ ဘာတွေဝယ်မလဲပဲတွေး…'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို'

'ရှူး'

ကိုကိုက မမေးစေချင်တဲ့အမူအယာပြသည်။ ဟုတ်တယ် ဖြစ်ချင်ရာဖြစ် ရည်လေးနဲ့ကိုကို ဘယ်လောက်ပဲတွေ့ရတွေ့ရတွေ့ချင်တယ်။

တစ်စက္ကန့်လေးဖြစ်ဖြစ်မဝေးတော့ဘူး။ ကိုကိုတောင်သတ္တိရှိရှိနဲ့ရည်လေး ကိုတွဲသွားတွဲလာလုပ်သေးတာပဲ သူမအပျော်တွေကိုပဲ စဉ်းစားပစ်သည်။

'ရည်လေး ဘာစားမလဲ'

'ကိုကို ကျွေးတာ'

'ကောင်မလေး လိမ္မာသားပဲ၊ ကိုကိုက ကပ်စေးနည်းတော့ ခေါက်ဆွဲသုပ်ပဲဝယ်ကျွေးမှာ'

'ရည် အရမ်းကြိုက်တယ်၊ ကောင်းတယ် ကိုကို'

'အရူးမလေး'

ရည်လေးကို တစ်ညတာတော့ သခ် ပျော်ရွှင်အောင်ထားရမည်။ ကောင်မလေး မင်းနောက်နေ့ကစပြီးမင်းငိုရတော့မယ်။ ကိုကိုက မင်းကို ထားပစ်ခဲ့တော့မှာလေ။ သခ် ဆုံးဖြတ်ပြီးပြီ လွမ်းနဲ့ပဲသူ့ဘဝကို တည်ဆောက်တော့မယ်။ရည်လေး နဲ့သူတွေ့ဆုံမှု့ကတာဒဂ်သာယာမှု့ပါ





ပဲရှုးသွပ်မှု့ပဲ မင်းကိုစွန့်လွှတ်သင့်တယ်။ ကိုကို့ကိုခွင့်လွှတ်ပါ ရည်လေး ရယ်။ သူနှင့်ရည်လေး အချိန်တွေဖြုန်းပစ်သည်။

'ကိုကို'

'ဟင်'

'ကိုကို ဘယ်လိုဆုံးဖြတ်မလဲဟင် ၊ ရည်လေးကိုပြတ်ပြတ် သားသားပြောပါ'

မျှော်လင့်ချက်တွေနှင့် ဝင်းလက်တောက်ပတဲ့ ရည်လေး မျက်ဝန်းလေးကိုအရောင်မှဲ့သွားအောင် သခ် မလုပ်ချင်ပေ။ သူ့နှုတ်ခမ်းတွေကပြောမထွက် ရည်လေး မျက်နှာကိုကြည့်သည်။

'ရည်လေး ကိုအားမနာပါနဲ့ကိုကို ပြောပါ ကိုကိုကရည်လေး ကိုစွန့်ပစ်မယ်ဆိုရင်တောင် ရည်လေး နားလည်ပါတယ် ကိုကို'

မင်းကအရမ်းလိမ္မာတဲ့ကောင်မလေးပါ။ ကိုကို လွမ်းသွားပြီ လွမ်းက အားလုံးစီစဉ်ပြီးပြီလေ။ တကယ်တော့ကိုကိုသတ္တိမရှိတာပါ မဖြစ်နိုင်တော့ဘူး ရည်လေး ကိုကို အလွမ်းအမင်းဝမ်းနည်းကြေကွဲခဲ့ရပါတယ်။

မင်းကိုဘယ်လိုမှမပြောရက်ဘူး။ ကိုကို့နှလုံးသားတွေနာကျင်နေတယ်။ ရည်လေး လက်လေးကိုဆုပ်ကိုင်မိသည်။

'ရည်လေး နောက်မှပြောကြရအောင်နော် ပြန်ကြမယ်။ ဒီည



www.burmeseclassic.com

www.burmeseclassic.com



ရည်လေး ပျော်တယ်မဟုတ်လား ကိုကိုက ရည်လေး မျက်နှာလေးကို ဒီလိုပြုံးရွှင်နေတာမျိုးပဲမြင်ချင်တယ်'

'တကယ်လား ကိုကိုရယ်'

'တကယ်ပေါ့ကွ ကိုကို့ကို မင်းဘာဖြစ်လို့ မယုံကြည်ရတာလည်း'

'ကျွန်မ အရမ်းချစ်တယ် အရမ်းစိတ်ပူတယ် ကိုကို ကျွန်မကို စွန့်လွှတ်ထားခဲ့မှာလေ'

'ကိုကိုလည်း မစွန့်လွှတ်နိုင်ပါဘူးကွာ'

သူဘာဖြစ်လို့များ ရည်လေးကိုမစွန့်လွှတ်နိုင်ဖြစ်နေရတာလဲ ဖွင့်မပြောရက် အပျော်မျက်နှာလေးညှိုးမှိန်းရီဝေကြေကွဲသွားမှာ မလိုလားမိပေ။

မပြောဖို့ပဲ ဆုံးဖြတ်လိုက်သည်။ နောက်မှရည်လေးသိသွားပါစေ သူနှင့်ရည်လေး တွေ့ဆုံမှုကလည်း နောက်ဆုံးအကြိမ်ဖြစ်သည်။

'ကိုကိုတို့ ပြန်ကြရအောင်နော် ကိုကိုက ရည်လေးကိုပျော်စေချင်တာ'

'ကိုကိုရယ်'

သူဒီညတော့ ရည်လေး ကျေနပ်စေရန်ပဲ လုပ်ဆောင်ပေးချင်သည်။ ရည်လေး လက်ကိုဆွဲပြီးလျှောက်သွား၏ လိုချင်တာတွေဝယ်





ပေးသည်။ ရည်လေးကိုပြန်ပို့ပေးခဲ့၏။ ဒေါ်လေးညိုနှင့်တွေ့စေချင်တယ်ဆိုပေမဲ့ သူပေါ့ပေါ့လေးငြင်းပယ်ကာ ပြန်လာခဲ့သည်။

'နောက်မှတွေ့မယ်နော် ရည်လေး၊ ဘာပဲဖြစ်ဖြစ် ကိုကို ရည်လေး ကိုချစ်တယ်'

သူမကို လက်ပြနှုတ်ဆက်ပြီးကားမောင်းထွက်သွားတဲ့ကိုကို့ကိုကြည့်ပြီး သူမရင်တွေဟာသွားရသည်။ ကိုကိုက သူမကိုချစ်နေဆဲပါ စွန့်လွှတ်သွားဖို့လုံးဝမရှိပါဘူး၊ ရည်လေးကတော့ ယုံကြည်နေသည်။

'ရည်လေး'

'ဟင်… ဒေါ်လေး'

'ဘယ်လိုလဲ အဆင်ပြေခဲ့လား… ဘာဖြစ်လို့အိမ်ထဲမခေါ်ရတာလဲ'

'အဆင်ပြေပါတယ်… ကိုကိုက ဒီမှာ ပစ္စည်းတွေတောင် ဆက်ဆောင်ဝယ်ပေးသေးတယ် တွေ့လား'

တူမလေး ပျော်ပြီးအထုပ်တွေ တစ်ပွေ့တစ်ပိုက်နှင့်ဖြစ်နေ၍ စိတ်အေးရသည်။ မောင်သန်းက ပြတ်ပြတ်သားသားပြောလိုက်မယ်ထင်ထားတာပါ။

ဒေါ်ညိုညို ငုတ်တုတ်ထိုင်စောင့်နေခဲ့တာ။ မောင်သန်းကိုတောင်မတွေ့လိုက်ပေ။ တူမလေး မျက်နှာလေးပြုံးပျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်စမ်းပါဦး အများကြီးပဲ၊ တူမလေးဝတ်ချင်နေတာ ကြာပြီပဲ ကောင်းလိုက်တာ အဖိုးတန်တွေချည်းပဲ'

'ကိုကိုကလေ ပြောသွားသေးတယ် သိလား… ရည်လေးကို အချစ်ဆုံးတဲ့၊ ဘယ်တော့မှမခွဲဘူးတဲ့'

'ဟုတ်လား ဒေါ်လေး တွေ့ချင်တယ် သမီးလေးချစ်သူဘက် ကသေချာရင်လေ ဒေါ်လေးညို အားမနာတော့ဘူး မ ကိုမွှင့်မွှင့် လင်းလင်းပဲ ပြောလိုက်တော့မယ်လေ'

'နေပါဦး ဒေါ်လေးညိုရယ် ခဏလောက် စောင့်ပေးပါရော်'

'ဘာဖြစ်လို့လဲ'

'အချိန်လေးပေးပါဦး ကိုကိုက ရည်လေး ကိုစွန့်လွှတ်ပါ ဘူး။ တကယ်ပဲလက်ထပ်မှာပါ'

ကိုကိုက ဘာမှန်းမသိဘူး ရည်လေးကိုချစ်တယ်တဲ့။ ဒါပေမဲ့ လည်းကိုကိုက ရည်လေးကို သစ္စာရှိရှိလက်ထပ်ပါ့မလား စိတ်ပူရသေး တယ်။

ဘာပဲဖြစ်ဖြစ် ဒီညတော့ ရည်ပျော်သည်။ ကိုကို့အချစ်တွေ ကိုကို့ အကြင်နာတွေရလိုက်၏။ သူမအိပ်ပျော်သွားသည်။

'ရည်လေး…ရည်လေး ထတော့လေ၊ ဘယ်အချိန်ရှိနေပြီလဲ'

သူမလန့်နိုးသွားတဲ့အချိန်တွင် ကမ္ဘာ့အသံကြီးကိုကြားရတော့





စိတ်ကတိုချင်သွားသည်။ လူဆိုး။ သူများအိမ်အစောကြီး ဘာဖြစ်လို့ ရောက်လာတာလဲ။ စိတ်ပုတ်လိုက်တာနော်။

ကိုကို့အကြောင်းတွေပဲရည် တွေးနေချင်တယ်။ မတတ်သာ တော့၍ ထလိုက်ရသည်။

'သခင်မလေးကို မနက်စာစားဖို့ ရှေ့တော်မှောက်အခစားဝင် ရင်းပင့်တာပါ'

'တော်ပြီ ဒီမနက်တော့မသွားတော့ဘူး၊ ရည် အရမ်းအိပ်ငိုက် နေတယ် ပြန်အိပ်မယ်'

ကမ္ဘာရယ် နင့်ကျေးဇူးတွေကိုတော့မမေ့ပါဘူး။ရည်လေး အခု ချိန်ကစပြီး ကိုကိုအထင်အမြင်လွဲနိုင်တာတွေမလုပ်ချင်တော့ဘူး။ရည် အနေအထိုင်ဆင်ခြင်ရမယ်ထင်တယ်။ ကမ္ဘာက အတင်းခေါ်သည်။

'ငါ နေမကောင်းဘူးကမ္ဘာ အပြင်မထွက်ချင်တာ'

ကမ္ဘာကတော့ရည့်ကိုစူးစူးလေးကြည့်မိသည်။ မင်းမှာချစ်သူ ရှိနေပြီပဲ။ ကိုသခ်မဟုတ်လား။ သူစုံစမ်းထားရသလောက် သင်တန်းက ဆရာသခ်က ဆရာမလွန်းနှင့်လက်ထပ်ကြဖို့စီစဉ်ပြီးပြီဖြစ်သည်။

'ညက ကိုသခ်နဲ့ လျှောက်လည်ကြတယ်မဟုတ်လား… ငါတွေ့ပါတယ် နင် အရမ်းချစ်နေတယ် ပျော်နေတယ်၊ ငါကလည်းနင် ပျော်နေမယ်ဆိုရင် ဘာပဲလုပ်ပေးရ လုပ်ပေးရပါ ရည်လေးရယ်



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက ကိုသခ်ဲ့နှင့်ရည်လေးကိုတွဲပြီးတွေ့လိုက်ရတော့ ကမ္ဘာ အလွန်အမင်းအံ့ဩသွားရသည်။ ရည်လေးပျော်နေ၏ ကိုသခ်ဲ့ လက်မောင်းကိုဖက်တွယ်ထားသည်။ မင်းနဲ့ကိုသခ်ဲ့ လက်ထပ်ကြတော့ မှာလား။

သူ့စိတ်တွေကိုလျှော့ပစ်လိုက်၏ ရည်လေး ပျော်ပါစေ ကိုယ် မနှောက်ယှက်ပါဘူး... သူပြန်လာခဲ့သည်။

▢



(၂၂)

ကမ္ဘာ အသေအချာသိလိုက်ရသောသတင်းအတွက် ဆောက် ...ည်ရာမရအောင်တုန်လှုပ်သွားရသည်။

ဆရာသခ်ဲကဘာလဲ လွှန်းခင်ခင်ဆိုတဲ့ဆရာမနှင့် လက်ထပ် ...တော့မည်။ဒီနေ့ စေ့စပ်ပွဲတဲ့ မကြာခင် လက်ထပ်ပွဲကျင်းပမှာဖြစ်၏။

ရည်လေးသိရဲ့လား ကိုသခ်ဲစေ့စပ်ပွဲကျင်းပရာဟိုတယ်ကို ...ရောက်သွားရင်း သတင်းကြားလာခဲ့တာပါ သေချာသည်။

'နှစ်ယောက်လုံးက အရမ်းတည်ကြည်ကြတာ လိုက်ဖက် ...ယ်၊ ပညာရော အသက်အရွယ်ရော ချောမောတာရော'

သတို့သားကိုကြည့်လိုက်တော့ ရည်လေးရဲ့ ဆရာကိုသခ်ဲဖြစ် ...သည်။

ကမ္ဘာ ဓါသဖြစ်ရ၏။ ရည်လေးက ဘယ်လိုလုပ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုသခ်ကို ယုံကြည်ပြီးအရမ်းပျော်ရွှင်နေတာပါ။ ဒေါ်လေးညိုကတောင် ကမ္ဘာ့ကိုစိတ်လျှော့ပစ်ဖို့ပြောနေသည်။ သူလုံးဝသည်းမခံနိုင်တော့ ခေါစပ်ပွဲပြီး၍ ညွှန့်သည်တွေကိုညှေ့ခံနေစဉ် ဆရာသခ် အပြင်ထွက်လာသည်နှင့် သူတွေ့လိုက်သည်။

'မောင်ကမ္ဘာ'

'ဘယ်လိုလုပ်တာလဲ ဆရာသခ်၊ ရည်လေးကရော'

'မဖြစ်နိုင်ဘူးထင်လို့ ကိုယ်နောက်ဆုတ်လိုက်တာပါ၊ ရည်လေးက မင်းနဲ့ပဲလိုက်ဖက်ပါတယ်'

'ဗျာ'

'ကိုယ် .... တာဒင်္ဂသာယာမှုနဲ့မှားယွင်းသွားပါတယ်။ တောင်းပန်ပါတယ် ကမ္ဘာ။ ရည်လေးကိုလည်း ပြောပြပေးပါ။ ကိုယ် လွှမ်းနဲ့လက်ထပ်ဖို့အထိစီစဉ်ပြီးနေပြီ'

'ခင်ဗျား... ဘာလုပ်တာလဲ၊ ဒါလူကြီးလူကောင်းလား ရည်လေးရဲ့နှလုံးသားတွေကို ခင်ဗျားစော်ကားပစ်လိုက်တာပဲ'

'မင်းကိုတောင်းပန်ပါတယ် ကမ္ဘာ၊ ရည်လေးကို ဘယ်လို လက်မထပ်နိုင်လို့ပါ ကိုယ့်...'

'ရည်လေးက ဘာဖြစ်နေလို့လဲ ပြောစမ်းပါဗျာ မတွေ့တော့ဘူး တာလား၊ ပွဲလယ်မှာမတင့်တယ်လို့လား... ပြောပါ'





'ကိုယ့်မှာ တိကျတဲ့အဖြေမရှိဘူး၊ သူကငယ်နေတယ်, ကိုယ့် တပည့်ဖြစ်နေတယ်လေ'

'အဲဒါဆို ခင်ဗျားကဘာဖြစ်လို့ ရည်လေးကိုကြိုက်ရတာလဲ ပြောစမ်းပါ'

'တော်ပြီကွာ'

'ခင်ဗျား'

သူ ဆွဲပြီးထိုးပစ်တော့မလို့ လက်ရွယ်လိုက်စဉ် ဆရာမလွှမ်း ရောက်လာသည်။

'မောင် ဘယ်ပျောက်သွားတာလဲ ဟိုမှာညွှန့်သည်တွေရှာနေကြတယ်'

ဆရာမလွှမ်းက သူ့ကိုကြည့်သည်။

'မင်းက ရည်လေးချစ်သူပဲ ကမ္ဘာ'

'ဟုတ်ပါတယ်'

'ကောင်းပါတယ် မင်းနဲ့က သက်တူရွယ်တူလေ လိုက်ဖက်တယ်၊ မင်္ဂလာဆောင်ရင်လည်းဖိတ်နော် ဆရာမတို့လည်းဖိတ်မယ်။ အားလုံးစီစဉ်ထားပြီးပြီ။ လာပါမောင်ရာ ညွှန့်သည်တွေ မေးနေတယ်'

သူ့ ဒေါကြောင်စွာရပ်နေမိသည်။ ကောင်းပါလေ့ ခင်ဗျား ကြီးကစွန့်ပစ်သွားတော့လည်း ကျုပ်ရတာပေါ့။ ကျုပ်အတွက်မျှော်လင့်ချက်တွေရှင်သန်လာရတာပဲ။ သူလှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'နင်က ငါ့အတွက်စိတ်ချကောင်းပါ ကမ္ဘာရာ၊ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ လက်ထပ်ဖို့အထိတော့ စဉ်းစားမထားနဲ့နော်၊ ငါ လက်ထပ်မဲ့ယောကျ်ားရဲ့စံမှာ နင်ကလုံးဝမရွေးချယ်သင့်တဲ့ယောကျ်ားပဲ'

ရည်လေးပြောတဲ့စကားတွေကိုသူကြားယောင်လာသည်။ ခံ ဆိုတာဘာလဲ ဆရာသစ်ကလည်း ရည်လေးကိုထိုစံတွေနှင့်နှံ့ရှာသွား ခဲ့၏။ ဒါပေမဲ့ ရည်လေးအတွက် သူနာကျင်ခံစားနေရသည်။

'ရည်လေး သိသွားရင် မလွယ်ဘူး၊ ရည်လေး အတွက်ကိုယ် အားပေးနှစ်သိမ့်မှုတွေပေးချင်တယ်'

သူ့ရင်ထဲမှာ နည်းနည်းလေးတော့ ပေါ့ပါး ပျော်ရွှင်သွား သည်။ရည်လေးကို သူပိုင်ဆိုင်ခွင့်ရတော့မယ်။ အချစ်ဆိုတာကို သူစဉ်းစားနေသည်။

ရည်လေး အိမ်ရောက်တော့ သီချင်းများတောင်ရင်းပျော်ရွှင် နေတဲ့ ရည်လေးကိုတွေ့ရ၏။ ထိုမျက်နှာဝင်းဝင်းလေးကို သူငေးကြည့် မိနေသည်။

'ကမ္ဘာ ဘာလာလုပ်တာလဲ၊ ဒေါ်လေးမရှိဘူးနော် နင်တို့အိမ် သွားတယ်'

'ဒီနေ့ငါ့မွေးနေ့လေ ရည်လေး'

'ဟင်... ဟုတ်လို့လား'





'ဟုတ်တယ် ဒါကြောင့်ရည်လေးနဲ့မွေးနေ့ညစာစားပွဲလေးကျင်းပ မလားလို့'

'ရည်လေး အပြင်တော့မထွက်ဘူးနော်၊ ကျင်းပချင်ရင်တော့ အိမ်မှာပဲကျင်းပကြမယ် ဒေါ်လေးညို ကိုဖုန်းဆက်ပြီးခေါ်လိုက်မယ်'

'နှစ်ယောက်တည်းပဲ'

'ကမ္ဘာနော် ညထဲမများနဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ နှစ်ယောက်တည်းအိမ်ထဲမှာ ပတ်ဝန်းကျင်ကဘာယ်လိုထင်မလဲ'

'ထင်ထင်လေ ကိုယ်နဲ့ရည်လေးက လက်ထပ်ကြမဲ့သူတွေ လေ'

'ဘာပြောတယ်'

သူမမျက်နှာလေးက ဒေါသတကြီးနှင့်ဆတ်ခနဲ မော့ကြည့် သည်။ ရည်လေး မျက်ဝန်းတွေထဲမှာ သူ့အပေါ် အချစ်တွေအရိပ်အငွေ့ ထင်ရှိမနေပေ။

'နင်လျှောက်ပြောမနေနဲ့နော် ကမ္ဘာ၊ ငါလုံးဝနင့်ကိုလက်မထပ် ဘူး ငါ့မှာချစ်သူရှိတယ်'

ကမ္ဘာကိုတော့ သူမ ပွင့်ပွင့်လင်းလင်းပြောမှဖြစ်တော့မည်။ သိုကို ရှိနေပြီ သူမဘဝမှာ ကိုကိုကလွဲပြီးအချစ်ဆိုတာမရှိနိုင်တော့။ ကမ္ဘာကတော့ သူမအပေါ်ဂရုစိုက်လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကမ္ဘာရယ် နင့်ကိုတော့ သူငယ်ချင်းတစ်ယောက်လို ခင်မင်နိုင်မယ်။ သူမခပ်ပြတ်ပြတ်ပဲငြင်းပစ်သည်။

'ကမ္ဘာနော် ... ငါ ချစ်တာတစ်ယောက်တည်းပဲရှိတယ် ငါ အထင်ကြီးရတဲ့ယောကျ်ား၊ စံထားရတဲ့ယောကျ်ားတစ်ယောက်ရှိ တယ်'

နင်ချစ်တဲ့ ကိုသခ်ကက မိန်းမတစ်ယောက်နဲ့ တရားဝင်စေ့စပ် လိုက်ပြီဆိုတာသာ နင်သိသွားရင်ရူးသွပ်သွားမလားပဲ။ သူကတော့ ရည်လေး ကိုဘယ်လိုပုံစံမျိုးနဲ့ နှစ်သိမ့်အားပေးရမလဲဆိုတာ စဉ်းစား နေသည်။

'ရည်လေး'

'ဟင်'

'နင့်ချစ်သူကဘယ်သူလဲ၊ နင့်ကိုရောအတီအလင်းချစ်သူ အဖြစ် တွဲရဲတဲ့သတ္တိရှိလို့လား'

'ဘာ'

ကမ္ဘာ့ စကားကြောင့် သူမအထိတ်တလန့်နှင့်တုန့်တုန့်ရီရီဖြစ် သွားရကာလက်ထဲမှာကိုင်ထားတဲ့ Mp.4 စက်လေးပြုတ်ကျသွားသည်

'ပြောလေ'

'ငါ မပြောနိုင်ဘူး၊ ငါ့ချစ်သူက ငါ့အပေါ်လုံးဝသစ္စာရှိတယ်။





ငါ့ကို အမြဲတမ်းပျော်ရွှင်စေချင်တာ သိလား၊ နင်အထင်မသေးနဲ့ ငါ့ကို နင့်ထက်ချစ်တယ်'

ကိုသခ် စေ့စပ်ပြီးပြီဆိုတာ အသိမပေးရက်ပေ။ ခင်ဗျားကြီး ဘာဖြစ်လို့များရည်လေးကိုမျှော်လင့်ချက်တွေပေးထားရတာလဲ။ ရည်လေးကိုသူကြင်နာစွာကြည့်မိသည်။

'ရည်လေး'

'ဘာလဲပြော'

'တစ်ယောက်လို့ပေါ့ဟာ နင့်ချစ်သူက တခြားတစ်ယောက် ယောက်နဲ့စေ့စပ်လိုက်ပြီဆိုရင်ရော'

'ဘာ ... ကမ္ဘာနော်၊ ဒါနောက်စရာလား၊ကိုကိုကငါ့ကို ဘယ်တော့မှသစ္စာမဖောက်ဘူး လက်ထပ်မှာ ကိုကိုက ရည်လေးကို အရမ်း ပျော်ရွှင်စေချင်တယ်၊ ချစ်တယ်'

'ကိုကို'

'အင်း'

ကိုသခ်အကြောင်းများသိသွားရင် ရည်လေးရူးသွပ်သွားမလား ပဲ။ သနားလိုက်တာ ရည်လေးရယ်။ မင်းစိတ်သက်သာရာရသွားအောင် ကိုယ်လုပ်ပေးချင်တယ်။ ရည်လေးကတော့ သူ့ကိုပြတ်ပြတ်သားသားပဲ ငြင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'နှင့် မွေးနေ့ပွဲမှာ အပျော်တွေပဲပေးချင်ပါတယ် ကမ္ဘာ၊ နှင်က ငါ့ကို ကျူညီစောင့်ရှောက်ပေးခဲ့ဖူးတယ်လေ။ ကဲပါ မွေးနေ့ပွဲကိုငါပဲ ဦးဆောင်ပြီးလုပ်ပေးပါ့မယ်။ အိမ်ထဲမှာပဲနော် ပတ်ဝန်းကျင်ကဘာပဲ ထင်ထင် နှင့်ဆန္ဒအတိုင်း နှစ်ယောက်တည်းပဲကျင်းပမယ်'

'ရည်လေး'

ကမ္ဘာအရမ်းပျော်သွားပြီး စိတ်မထိန်းနိုင်တော့ပဲသူမလက်လေး ကိုဆုပ်ကိုင်လိုက်သည်။

ရည်လေးက ဆတ်ခနဲပြန်ဆွဲရုန်းပြီး နှင်အခွင့်အရေးမယူနဲ့နော် ကောင်စုတ်ဟု မဲ့တင်းတင်းတည်တည်ပြောသည်။

ကမ္ဘာရယ်ပစ်လိုက်သည်။ တကယ်တော့ ဒီညကငါ့မွေးနေ့ မဟုတ်ပါဘူး ရည်လေးရယ် မင်းကို ပျော်စေချင်တာပါ။ မင်း နှစ်သိမ့်ပေးဖို့ပါ။ မကြာခင် မင်းချစ်သူလက်ထပ်တော့မယ် မင်းလည်း မလွဲမသွေသိရမှာပဲ။ မင်း ရူးသွပ်သွားနိုင်တယ်။ မင်းအတွက် ငါဘယ်လောက်အထိ စိတ်ပူနေရလဲသိလား ရည်။

သူ့မွေးနေ့ပွဲကို ရည်ကကော်ဖီတွေ မုန့်တွေစီစဉ်ပေးပြီး ကျင်းပဖြစ်သည်။

□



(၂၃)

'မင်းက ကမ္ဘာနော်၊ အတော်ပဲကွယ် မင်းနဲ့သွန်းရွှေရည် အတွက် မမဖိတ်စာလေးပေးလိုက်ချင်လို့ပါ'

ကမ္ဘာစိတ်အပူဆုံးနေ့ကရောက်ရှိလာသည်။ ကိုသစ်နှင့်မလွှန်း ခင်ခင်တို့လက်ထပ်ပွဲနေ့ပင် ရည်လေးကတော့ သူ့ချစ်သူနှင့်အဆက် အသွယ်မရှာဘဲ ခရီးထွက်နေသည်တဲ့။ သူ့ကုမ္ပဏီရုံးခန်းကိုရောက် လာပြီး မလွှန်းမမက ဖိတ်စာကဒ်လေးပေးသည်။

'သွန်းရွှေရည် ကိုပေးပေးနော် ကမ္ဘာ၊ မလွှန်း ကိုယ်တိုင်သွား ပေးမလို့ပါပဲ ဒါပေမဲ့ မင်းကတဆင့်ပဲပေးလိုက်တော့မယ်ကွယ် နော်'

ဖိတ်စာကဒ်လေးကိုသူ့စားပွဲပေါ်တင်ပြီး မမလွှန်းထွက်သွား သည်။

ခင်ဗျား တော်တော်လေးရက်စက်တဲ့လူပဲ။ ရည်လေးကို ဘောင် ဖိတ်စာပေးရလား။ သူဖိတ်စာကဒ်လေးကို ဒေါသတကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိ၏၊ ရည်လေးကိုဘယ်လိုပြရမလဲ။ မင်းသိသွားရင် စိတ်ထိခိုက်ကြေကွဲမှုတွေအပြင်းထန်ဆုံး ခံစားသွားရနိုင်သည်။

သူ ကုမ္ပဏီရုံးခန်းထဲကနေ ဖိတ်စာကဒ်လေးကိုယူပြီး ရည်လေးထံထွက်လာခဲ့၏။ ရည်လေးကမရှိ ဒေါ်လေးညိုကို မေးတော့ ဘုရားကိုသွားနေသည်တဲ့ သူဖိတ်စာကဒ်လေးကိုပြလိုက်သည်။

'ဒေါ်လေးထင်တယ်… တစ်နေ့နေ့ဒီလိုဖြစ်မယ်ဆိုတာလေ၊ ဘယ်လိုလုပ်ကြမလဲကမ္ဘာ ရည်လေးသိရင်ရူးသွားလိမ့်မယ်၊သေတောင်သေသွားနိုင်တယ်'

'ဒေါ်လေး ဘာမှမပူပါနဲ့ ကမ္ဘာ တာဝန်ယူပါတယ်၊ ဒီဖိတ်စာကိုတော့ပြရမှာပဲ။ တကယ်လို့ဒီည ရည်လေးပြန်မလာရင်စိတ်မပူနဲ့နော် ကမ္ဘာ ခိုးပြေးသွားပြီလို့သာမှတ်လိုက်'

ဒေါ်လေးညို ဘာမှမပြောနိုင်ခင် ကမ္ဘာ ကားကိုတရကြမ်းမောင်းထွက်လာခဲ့သည်။ သူဘုရားပေါ်ရောက်တော့သောကြာထောင့်မှာ ရည်လေး ထိုင်နေ၏။ သူစိတ်ကိုဆုံးဖြတ်ချက်ချပစ်ပြီး ရည်လေးအနားလျှောက်လာခဲ့သည်။

'ရည်လေး'

'ဟင်… ကမ္ဘာ'

သူမက ကိုကိုထင်၍ လှည့်ကြည့်ကောင်းဖြစ်နေသည်။ ဒီကိုဘာဖြစ်





လို့ရောက်လာရတာလဲ မှန်းစရာ ကောင်းလိုက်တာ။ ကိုကိုကို သူမညစဉ်လာပြီးစောင့်နေခဲ့တာပါ။

'မင်း ကိုသစ် ကိုလာပြီးစောင့်နေတာမဟုတ်လား ရည်'

'ဘာ… နင်ဘယ်လိုလုပ်ပြီးသိတာလဲ၊ ကိုကိုသစ်နာမည် နင်ဘယ်လိုလုပ်သိတာလဲ ကမ္ဘာ'

'ကိုသစ်ပြောတာလေ'

'ဟင်'

'နင့်ကိုခေါ်ခိုင်းလိုက်တယ်၊ နင့်ကို ခိုးပြေးမလို့လားမသိဘူး'

'ဘာပြောတယ်'

'လာလေ… ကိုသစ်ရှိနေတဲ့နေရာကိုငါလိုက်ပို့ပေးမယ်။ သူက အရှေ့အညီတောင်းလို့ပါ နင် ဒီနေရာလေးမှာရှိနေနိုင်တယ်တဲ့ သူပြောပြတာ'

'အင်း… ဟုတ်တယ်၊ ငါဒီမှာရှိနေတတ်တာ ကိုကိုပဲသိနေတာလေ ကိုကိုဘယ်မှာလဲ'

'လာ… ငါနဲ့လိုက်ခဲ့'

'အင်း'

ရည်ရယ်နင်တော်တော်လေးတွေချင်နေပုံပဲ။ အရမ်းကိုဝမ်းသာတက်ကြွနေတယ်။သူကားပေါ်တင်ပြီး မောင်းထွက်လာခဲ့သည်။ Hos



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုကိုတွေ့တော့ ရည် အထိတ်တလန့်ဖြစ်သွား၏။ ကိုသစ်အဲဒီမှာတည်းနေတယ်ဆိုမှပဲ သူ့နောက်လိုက်လာသည်။

'ဘယ်မှာလည်း ကိုကိုသစ်၊ နင်··· နင် ဘာအကောက်ကြံတာလည်း၊ ကမ္ဘာ၊ ငါ့ကို ဒီလိုလုပ်လို့ရမယ်ထင်လား'

အခန်းထဲရောက်တော့ သူလောခ်ချပစ်လိုက်သဖြင့် ရည်တုန်တုန်လှုပ်လှုပ်နှင့် ဒေါသတကြီးမေးသည်။

'ဟုတ်တယ် ရည်လေး၊ နင့်ကိုငါခိုးပြေးလာတာ'

'ဘာ'

'ချစ်လို့လေ အရမ်းချစ်လို့ပါ။ နင်နဲ့အဝေးမခံနိုင်လို့ခိုးပြေးလာတာ'

'အဓိပ္ပါယ်မရှိတာပဲ နင်ဘာအရူးထတာလဲ၊ ငါ့မှာချစ်သူရှိတယ် ပြန်မယ်နော် ငါအခု ဝန်ထမ်းတွေကိုအော်ပြီး အကူအညီတောင်းလိုက်ရင် နင် ဘာဖြစ်သွားမယ်ထင်လဲ'

'ဘာမှမဖြစ်ဘူး ဒီ Hotel ကငါ့သူငယ်ချင်း ပိုင်တာလေ၊ ပြောထားပြီးသားပဲ'

'နင်··· နင်'

ကိုကိုသစ်ရယ် ရည့်ကို လာကယ်ပါဦး၊ ကမ္ဘာ အရူးကောင်လှဆိုး ဒီလိုနည်းနဲ့နင့်ငါ့ကိုပိုင်ဆိုင်ရမယ်ထင်နေလား ဝေးသေးတယ်။ သူမလွှတ်မြောက်အောင် ဘာလုပ်ရမလဲဆိုတာစဉ်းစားနေသည်။





'ရည်လေးကို အရမ်းချစ်တယ်၊ ပိုင်ဆိုင်ချင်တယ် ရည်လေးကိုပျော်ရွှင်အောင်ထားမှာပါ လောကကြီးထဲမှာရည်လေး အရာရာပြည့်စုံစေရပါ့မယ်'

'နင် ဘာလုပ်တာလဲကောင်စုတ် လှဆိုး အဲ့ဒါကြောင့် နင့်ကိုမုန်းတာ ငါ့ကိုပြန်ပို့နော် ငါအသက်ပဲအသေခံမှာ'

ကမ္ဘာ ဘာမှဆက်ပြောမနေတော့ပဲ ရည်လေးကိုမွှေးဖက်လိုက်ကာ ဘယ်ညာရမ်းခါနေတဲ့ မျက်နှာလေးကို နမ်းသည်။

မင်းကိုငါ ဘယ်လိုနည်းနှင့်မှအလွှတ်မခံနိုင်တော့ဘူး ရည်လေးရယ်။ မင်းစိတ်တွေ အပြောင်းအလဲဖြစ်စေဖို့ ကိုယ်က လှကြမ်းလုပ်ပစ်တာပါ။ ကိုသစ်ရဲ့ဗီဇ်တစာကို ကိုယ်သွေးအေးနေတဲ့အချိန်မှာမပြချင်ဘူးလေ။ မင်းရှုးသွားနိုင်တယ်တဲ့ ကိုယ်တမင်လှဆိုးလုပ်တာပါ။

ရည်လေးက ရုန်းကန်လေ သူက နမ်းလေပဲ ရည်လေးဒေါသတကြီးနှင့် အော်ဟစ်ရုန်းကန်နေသည်။

'ချစ်ကို ကိုယ်ပြစရာပစ္စည်းတစ်ခုရှိတယ်၊ ဒီမှာကြည့်စမ်း'

'ဘာ'

သူ့ဗီဇ်တစာကဒ်လေးကို ရည်လေး လက်ထဲထည့်ပေးလိုက်သည်။ ရည်လေးကြည့်ပြီးအထိတ်တလန့်နှင့်လဲနေရာကနေထလိုက်၏။ ဗီဇ်တစာကဒ်လေးကိုဖတ်ရင်း ရည်လေးမျက်ဝန်းလေးတွေ ရီဝေကြကွဲညို့မှိုင်းသွားသည်။

www.burmeseclassic.com



'ကိုယ့်ကို မမလွန်းကပေးခိုင်းလိုက်တာလေ ရည်လေးမင်းကို ပေးဖြစ်အောင်ပေးပေးပါတဲ့၊ ကိုသခ်ိန့်လည်းတွေပြီးပြီ မင်းနဲ့လိုက်ဖက်တာက ကိုယ်ပါတဲ့ သူ့ဆုံးဖြတ်ချက်မှန်တယ်တဲ့…'

'ဩ… ဩ'

'ကိုယ် ရည်လေးကို မပြရက်ဘူး… ဒါကြောင့်သွေးပူအောင် လှုပ်ခတ်ပြီးမှပြရတာပါ…'

'ဟင်'

ကိုသခ်ိန့် မမလွန်းတို့ရဲ့ လက်ထပ်မင်္ဂလာဖိတ်စာလေးက ရည်လေးလက်ထဲကနေ ပြုတ်ကျသွားသည်။

ကိုကိုအရမ်းရက်စက်တာပဲ၊ ရှင့်ရဲ့ရွေးချယ်မှုကမှန်တယ်တဲ့လား… ရည်လေးက ဘာလဲဟင်၊ ရှင်ဘဝရဲ့လက်တွဲဖော်အဖြစ် လုံးဝမတင့်တယ်တဲ့မိန်းမတစ်ယောက်လားဟင်။

ကမ္ဘာရှုယ် နင့်ကိုကျေးဇူးတင်ပါတယ်။ ရှက်တရက်ကြီးသာ ရည့်ကိုပြလိုက်ရင် နေရာမှာပဲလဲကျသေဆုံးသွားမလားပဲ။

'ရည်လေး ဘာလုပ်မလဲ၊ ဘယ်သွားချင်လဲ ဘယ့်လိုမောက်ခွဲပစ်မလဲ၊ ဒါတွေကဖြစ်လေ့ဖြစ်ထရှိတာတွေပါ။ ဘဝရဲ့သင်ခန်းစာတစ်ခုလို့ပဲသတ်မှတ်ထားလိုက်ပါကွာနော်'

ကမ္ဘာ့ရဲ့ အကြင်နာစကားတွေက ရည့်နှလုံးသားတွေထဲမှာ





တောက်လောင်နေတဲ့မီးစတွေကို ငြိမ်းသတ်ပေးသလိုပေါ့ဖြစ်သွားသည်။ ကမ္ဘာက သူ့မဘဝကို ဖန်းကောင်းအစ္စနီ့ကိုးဖြစ်အောင်ဖျက်ဆီးပစ်မယ့် ယောကျ်ားတစ်ယောက်မဟုတ်ဘူးဆိုတာ တဖြည်းဖြည်း ယုံကြည်လာသည်။

'ရည်လေး'

'ရပါတယ် ကမ္ဘာ… ကျေးဇူးပဲ။ ရည်လေး ဘာမှမဖြစ်ပါဘူး… ကမ္ဘာပြောသလိုပဲဘဝရဲ့သင်ခန်းစာပဲလေ'

'ရည်လေးရယ် အဲဒါပဲဖြစ်သင့်ပါတယ်ကွာ၊ ကိုယ်ဝမ်းသာလိုက်တာ ဒေါ်လေးကိုပြောထားခဲ့တယ် မင်းကိုနိုးပြေးသွားပြီလို့'

'လှဆိုး'

ကိုကိုကြောင့်ရူးသွပ်မတတ်ဖြစ်သွားရတဲ့ သူမနှလုံးသားတွေ ကမ္ဘာ ရှိနေလို့ အားအင်တွေပြန်၍ပြည့်သွားရသည်။

ကမ္ဘာကတော့ ရည်လေးကိုတကယ်နိုးမပြေးပါဘူး။ တင့်တင့်တယ်တယ်နဲ့တခမ်းတနား လက်ထပ်ယူချင်တာပါတဲ့။ ပြန်ပို့ပေးပါ့မယ်တဲ့။ ဒါပေမဲ့လည်း ရည်လေး ကမ္ဘာနဲ့ အတူအပြင်ထွက်ပြီး ကားလျှောက်မောင်းရင်း အချိန်တွေကို ဖြုန်းပစ်သည်။ ရင်ထဲက မီးတောက်အစအနတွေကို ငြိမ်းသက်ပစ်လိုက်၏။

ကမ္ဘာက ရယ်မောစရာတွေနှင့် သူမအား ပျော်ရွှင်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လေးညှိုရေ ရည်လေးရှုံးသွားပြီနော်။ ရည်လေးကို သူက လက်ထပ်ဖို့ငြင်းပယ်လိုက်ရင် ခေါ်လေးညှိုဆန္ဒအတိုင်း စီစဉ်တာတွေကို လက်ခံပါ့မယ်လို့ ကတိပေးထားတဲ့အတိုင်းသာစီစဉ်ပါတော့နော်။

ကမ္ဘာကပျော့်ရှင် တက်ကြွစွာသီချင်းတွေဆိုရင်း ကားကို အမြန်နှုန်းနှင့်မောင်းနှင်နေလေသည်။

▢

သင်မြတ်နိုး

BURMESE CLASSIC



www.burmeseclassic.com